# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂၀ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၃၂၂)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် ဩဂုတ် ၁၉

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC – 2) ၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဇနီးဖြစ်သူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော် ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်နှင့် တပ်မတော်သားအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေး ပါတီများမှ နာယက၊ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကရင်

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး တတိယနေ့တွင် ကျင်းပမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုခြင်း အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်သွားမည်

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ စတုတ္ထအစည်းအဝေး တတိယနေ့တွင် ကျင်းပမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုခြင်း အခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၂ ၌ ကျင်းပမည်ဖြစ်ရာ ယင်းနေ့ နံနက် ၉ နာရီ ၄၅ မိနစ်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ MNTV၊ Channel 9၊ Up to Date၊ One News၊ မြဝတီ (MWD)၊ MWD(Variety)၊ DVB၊ Mizzima ၊ YTV၊ Fortune TV၊ မြန်မာ့အသံရေဒီယို၊ Myanmar State Counsellor Office Facebook၊ NRPC Facebook၊ MOI Facebook ၊ MRTV Facebook၊ Myanmar Digital News Facebook၊ Skynet DTH Facebook Page တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ**

**ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

# ငြိမ်းချမ်းရေးအတွက် သန္နိဋ္ဌာန်ကြစို့

ငြိမ်းချမ်းရေးသည် တောင့်တအပ်၏။ မြတ်နိုးတန်ဖိုးထားမှုလည်း ရှိအပ်၏။ သို့သော်လည်း နှစ်ပေါင်းများစွာ တည်ရှိနေခဲ့သော အခက်အခဲများ၊ စိန်ခေါ်မှုများကြားတွင် အကန့်အသတ်များဖြင့် တည်ဆောက်နေရသည်ဖြစ်ရာ မြန်မာနိုင်ငံအဖို့ အလွယ်တကူ ရောက်ရှိနိုင်သည့် ပန်းတိုင်တစ်ခု မဟုတ်သကဲ့သို့ ဖြစ်နေ၏။ အမှန်မှာ မရောက်နိုင်လောက်အောင် ဝေးကွာလှသော ပန်းတိုင်လည်း မဟုတ်ပါချေ။

ပြည်တွင်းပဋိပက္ခများကို အဆုံးသတ်ကြမည်ဟူသည့် ဆုံးဖြတ်ချက်၊ ငြိမ်းချမ်းရေးကို မဖြစ်မနေတည်ဆောက်ကြမည်ဟူသော ဆုံးဖြတ်ချက်တို့ကို ဦးထိပ်ထားသည့် သန္နိဋ္ဌာန်တို့ကသာ သယ်ဆောင်သွားနိုင်မည့် ပန်းတိုင်ဖြစ်ပါသည်။ အမှန်တကယ် ငြိမ်းချမ်းလိုသော စိတ်ဓာတ်ကသာ ဦးဆောင်မည်ဆိုလျှင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဖြစ်စေ၊ အပစ်အခတ်များ ရပ်စဲကြရေးဖြစ်စေ၊ ငြိမ်းချမ်းရေးစကားဝိုင်းများတွင် တွေ့ဆုံဆွေးနွေးအဖြေရှာကြရေးဖြစ်စေ၊ အားလုံးသော ကြိုးပမ်းနေမှုများသည် လက်တစ်ကမ်းတွင် ရှိနေသည်သာ။

ထိုထိုသော မြန်မာနိုင်ငံ ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် အခြေခံကျသောလုပ်ငန်းစဉ်ဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၉ ရက်နေ့က နေပြည်တော်တွင် ကျင်းပပြုလုပ် ဖွင့်လှစ်လိုက်သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အခြေခံသဘောထားများ၊ ငြိမ်းချမ်းရေးဆိုင်ရာ လက်ရှိလုပ်ဆောင်နေမှုနှင့် တိုးတက်မှုအခြေအနေများ၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ နှင့် ရင်ဆိုင်နေရမှု၏ အကန့်အသတ်များ၊ အခက်အခဲ အကျပ်အတည်းများ စသည့် ငြိမ်းချမ်းရေးညီလာခံလုပ်ငန်းများကို ခြုံငုံရှင်းလင်းရင်း အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ လျှောက်လှမ်းကြမည်ဆိုလျှင် စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး ဖက်ဒရယ်စနစ်နှင့်ညီသော အာဏာခွဲဝေလုပ်ဆောင်မှု၊ သယံဇာတခွဲဝေမှု၊ အခွန်အကောက် ခွဲဝေမှု အစရှိသည်တို့နှင့်အတူ ပြည်ထောင်စုပြည်နယ်အားလုံးကြား တန်းတူညီမျှဖြစ်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်သည့် အခြေခံဥပဒေများရှိရေးတို့က မလွဲမသွေ ကိုင်တွယ်ဖြေရှင်းရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖြစ်ပါသည်။

ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ပုံဖော်တည်ဆောက်ရာတွင် ပြည်ထောင်စုအတွင်းရှိ နိုင်ငံသားအားလုံး တိုင်းရင်းသားလူမျိုးစုများအားလုံးကြားရှိ သံသယများ မယုံကြည်မှုများကို ရှင်းလင်းနိုင်ကြရေးသည် လွန်စွာအခရာကျသည့် အခြေခံများဖြစ်နေပေသည်။ ထိုမယုံကြည်မှုများ သံသယများကပင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးကြရာ၊ သဘောတူညီမှုရယူကြရာတွင် စိုးရိမ်မှုများကို ဖန်တီးနေခြင်းဖြစ်ပေသည်။ ထိုသို့သော စိုးရိမ်မှုများကြောင့်၊ ပူပန်မှုများကြောင့် စကားလုံးသုံးစွဲမှုကအစ အထူးတလည် သတိထားသုံးနှုန်းနေကြသည်ကို သတိပြုမိပါသည်။

ထိုသို့သော မယုံကြည်မှုများ သံသယများကပင် နှစ်ရှည်ကြာ ပြည်တွင်းပဋိပက္ခများကို မွေးထုတ်ပေးနေခဲ့သည်ဟုလည်း ဆိုနိုင်ပါသည်။ ယခုအခါတွင် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးဆန်ဆန်ဖြေရှင်းကြစို့၊ တန်းတူညီမျှမှုဆိုင်ရာ ပြဿနာများကို စားပွဲဝိုင်းများတွင် အတူတကွထိုင်ကြ ဆွေးနွေးတိုင်ပင်ကြရင်း ဖြေရှင်းကြစို့၊ နိုင်ငံသားတိုင်းရင်းသားများအားလုံးကြား ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းစိတ်ဓာတ်ဖြင့် အပေးအယူ၊ အလျှော့အတင်းပြုကာ ညှိနှိုင်းကြစို့ဟူသော နားလည်မှုများဖြင့် ယနေ့ကြိုးပမ်းလျှောက်လှမ်းနေသော ငြိမ်းချမ်းရေးခရီးသည် တစ်စတစ်စ တိုးတက်ကာ ပန်းတိုင်နီးလာခဲ့သည်ကိုလည်း သတိပြုနိုင်ပါသည်။

သံသယများ မယုံကြည်မှုများ သက်သက်ဖြင့် အပေါင်းလက္ခဏာဆောင်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မှုကို ပြုလုပ်နိုင်မည်မဟုတ်ဆိုသည်ကို နှစ်ရှည်ကြာ ပြည်တွင်းပဋိပက္ခများက သက်သေပြနေပြီးဖြစ်ပေသည်။

စစ်ပွဲများ ပဋိပက္ခများက လက်နက်အားကိုးမှု၊ အင်အားကြီးသူက ငယ်သူကို လွှမ်းမိုးမှု စသည့် နိုင်ငံရေး မယဉ်ကျေးမှု ဓလေ့ဆိုးများကိုသာ မွေးထုတ်ပေးနေမည်သာ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရည်ညွှန်းပြောဆိုသကဲ့သို့ ပြည်သူလူထု၏ တွန်းအားနှင့် နိုင်ငံရေးအဖွဲ့အစည်းများ၏ ဆွဲအားဟူသည့် ညီညွတ်သော စုပေါင်းအင်အားဖြင့်သာ နိုင်ငံသားအားလုံး လိုလားတောင့်တနေကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေးပန်းတိုင်သို့ ရောက်နိုင်လိမ့်မည်ဟူသည်ကို သတိချပ်သင့်ပါသည်။

ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဟူသည် လောက၏ ကောင်းကျိုးချမ်းသာကို ပြုလုပ်ခြင်းဟူသော မြင့်မြတ်သည့် ကြိုးပမ်းဆောင်ရွက်မှုဖြစ်သည် မဟုတ်ပါလား။ ။

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၃၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၃၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ဆွေးနွေးကြသည်။

ရှေးဦးစွာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းများအား ဖတ်ကြားတင်ပြပြီး လုပ်ငန်းအကြောင်းအရာ တစ်ခုချင်းအပေါ် ဆွေးနွေးဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် ဘဏ္ဍာနှစ်အလိုက် လျော်ကြေး၊ နစ်နာကြေး ပေးချေရမည့်ကိစ္စ၊ လယ်မြေအား အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်ထားလာသည့် ကိစ္စရပ်များကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ၂၀၁၃ ခုနှစ် မေ ၁၆ ရက် ရက်စွဲပါစာဖြင့် စိစစ်ရန် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အရ လည်းကောင်း၊ ကိုက်ညီမှန်ကန်မှု ရှိ/မရှိ စိစစ်ဆောင်ရွက်ပြီးနောက် ကိုက်ညီ မှန်ကန်မှုရှိပြီး ပြည့်စုံစွာ တင်ပြလာသည့် လယ်ယာမြေဥပဒေ ပုဒ်မ ၃၀ (က) အရ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့် လုပ်ငန်းစာတွဲများနှင့် ပတ်သက်၍ လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့တို့မှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို လယ်ယာမြေအဖြစ် သတ်မှတ်ပေးရန် လယ်ယာမြေဥပဒေ ပုဒ်မ ၃၄ နှင့် လယ်ယာမြေ နည်းဥပဒေ ၃၅၊ ၃၆ တို့အရ လျှောက်ထားလာသည့် အမှုတွဲ (၃) တွဲနှင့် ပတ်သက်၍ ခွင့်ပြုရန် သင့်/ မသင့် ကိစ္စရပ်များကို လည်းကောင်း၊ ဆွေးနွေးစိစစ် အတည်ပြုခြင်း၊ သက်ဆိုင်ရာ ကော်မတီသို့ ပြန်လည်ပေးပို့ရေး ဆိုင်ရာများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# သီပေါ၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပရေး ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

**သီပေါ ဩဂုတ် ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ ၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင် ကျန်ရှိမှုမရှိစေရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် တာဝန်ရှိသူများ ယနေ့နံနက်ပိုင်းကစတင်၍ မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်း၍ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ မဲဆန္ဒရှင်စာရင်းများကို ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**စိုင်း(သီပေါ)**



# ပြည်သူသို့ အသိပေးတင်ပြချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

**ပြည်သူသို့ အသိပေးတင်ပြချက်**

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်)

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် COVID – 19 ရောဂါကာကွယ်ထိန်းချုပ်ရေး တိုးမြှင့်ခဲ့သည့် ဇူလိုင်လ (၁)ရက်နေ့မှ ဇူလိုင်လ (၁၅)ရက်နေ့အထိ (၇၅) ယူနစ်အတွက် ဓာတ်အားခ ကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ကို ၁၀-၇-၂၀၂၀ ရက်နေ့တွင် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ ထပ်မံ၍ ဇူလိုင်လ (၁၆)ရက်နေ့မှ ဇူလိုင်လ (၃၁)ရက်နေ့အထိ (၇၅) ယူနစ်အတွက် ဓာတ်အားခ ကျသင့်ငွေကိုလည်း ၁၈-၈-၂၀၂၀ ရက်နေ့တွင် ကင်းလွတ်ခွင့် (အခမဲ့) ပေးခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဇူလိုင်လ (၁)ရက်နေ့မှ (၃၁)ရက်နေ့အထိ (၁၅၀) ယူနစ်အား ဓာတ်အားခ ကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည် ဖြစ်ပါသည်။

၃။ ဇူလိုင်လအတွက် ဓာတ်အားခတောင်းခံလွှာပေးဝေရာ၌ ဇူလိုင်လ (၁)ရက်နေ့မှ ဇူလိုင်လ (၁၅)ရက်နေ့အထိ (၇၅) ယူနစ်အတွက် ဓာတ်အားခ ကျသင့်ငွေကိုသာ ကင်းလွတ်ခွင့် (အခမဲ့) အဖြစ် ဓာတ်အားခတောင်းခံလွှာတွင် ရေးသွင်းတောင်းခံခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ကျန်ရှိခဲ့သော ဇူလိုင်လ (၁၆) ရက်နေ့မှ ဇူလိုင်လ (၃၁)ရက်နေ့အထိ အခမဲ့ရရှိသည့် (၇၅) ယူနစ်အတွက် ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ကို ဩဂုတ်လမှ စတင်၍ ဓာတ်အားခတောင်းခံလွှာများတွင် လစဉ်စာရင်းညှိခုနှိမ်သွားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# ဟုမ္မလင်းနှင့်ဖောင်းပြင်မြို့နယ်များရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ကြရန်

**နေပြည်တော် ဩဂုတ် ၁၉**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း နှစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ် ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း နှစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**


## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

**မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့**

**စက်တင်ဘာလ ၁၃ ရက်**




*၂၀၂၀ ပြည့်နှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်*

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာစဉ်။ သတင်းစဉ်

❍ *ရှေ့ဖုံးမှ*

အမျိုးသားအစည်းအရုံး (KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စောမိုရှေး၊ ကရင်အမျိုးသား အစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNU/KNLA)(PC) ဥက္ကဋ္ဌ စောထော့လေးနှင့် ဒုတိယဥက္ကဋ္ဌ စောရင်နု၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲနှင့် အထွေထွေ အတွင်းရေးမှူး ဦးဆန်နီ၊ ချင်းအမျိုးသားတပ်ဦး (CNF) ဥက္ကဋ္ဌ ပူးဇင်ကျုံးနှင့် ဒုတိယဥက္ကဋ္ဌ ပူးထန်နိန်းကီး၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင် နာယက ဖြားတန် ခွန်ဥက္ကာနှင့် နာယက ဖြားတန် ခွန်တိဆောင်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယ ဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်နှင့် ဒုတိယ ခေါင်းဆောင် စောမြရာဇာလင်း၊ ရှမ်းပြည် ပြန်လည် ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ စဝ်ယွက်စစ်နှင့် RCSS ၏ ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် စဝ်ဘောင်ခေး၊ မွန်ပြည်သစ်ပါတီ (NMSP) ဥက္ကဋ္ဌ နိုင်ဟံသာနှင့် ဒုတိယ ဥက္ကဋ္ဌ နိုင်အောင်မင်း၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကျာခွန်ဆာနှင့် NCA–S EAO အစုအဖွဲ့မှ ညီလာခံ ကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### သီဆိုဖျော်ဖြေတင်ဆက်

ဖွင့်ပွဲအခမ်းအနားတွင် ကယားပြည်နယ် ငြိမ်းချမ်းရေး လူငယ်အဖွဲ့က "မငြိမ်းချမ်းလို့ မဖြစ်ဘူး" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြား သည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၅၊ ၆ တွင် သီးခြား ဖော်ပြထားပါသည်။)**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

**(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် အမှာစကား အပြည့် အစုံကို စာမျက်နှာ ၈၊ ၉ တွင် သီးခြားဖော်ပြထားပါ သည်။)**

ထို့နောက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီဥက္ကဋ္ဌ စဝ်ယွက်စစ်က အမှာစကားပြောကြားသည်။

**(ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီဥက္ကဋ္ဌ စဝ်ယွက်စစ် ပြောကြားသည့် အမှာစကား အပြည့်အစုံ ကို စာမျက်နှာ ၁၀ တွင် သီးခြားဖော်ပြထားပါသည်။)**

### အမှာစကားပြော

ယင်းနောက် နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စား ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းညွန့်လွင်က အမှာစကား ပြောကြားသည်။

**(ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးစိုင်းညွန့်လွင် ပြောကြားသည့် အမှာစကား အပြည့်အစုံကို စာမျက်နှာ ၁၁ တွင် သီးခြား ဖော်ပြထား ပါသည်။)**

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဗီဒီယိုကို ပြသသည်။

### စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာ အောင်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်း ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဦးသန်းဌေး (USDP)၊ ဦးသိန်းထွန်း (NUP)၊ ကရင် အမျိုးသား အစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော်(DKBA)မှ စောမိုရှေး၊ ကရင်အမျိုးသား *စာမျက်နှာ ၄ သို့*




ကယားပြည်နယ် ငြိမ်းချမ်းရေးလူငယ်အဖွဲ့က မငြိမ်းချမ်းလို့မဖြစ်ဘူး တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ သတင်းစဉ်




*စာမျက်နှာ ၃ မှ*

အစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNU/KNLA) (PC) ဥက္ကဋ္ဌ စောထော့လေး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲ၊ ချင်းအမျိုးသားတပ်ဦး (CNF) ဥက္ကဋ္ဌ ပူးဇင်ကျုံး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ဖြားတန် ခွန်ဥက္ကာ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယ ဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ ရှမ်းပြည်ပြန်လည် ထူထောင်ရေး ကောင်စီ (RCSS) ဥက္ကဋ္ဌ စဝ်ယွက်စစ်၊ မွန်ပြည်သစ်ပါတီ (NMSP) ဥက္ကဋ္ဌ နိုင်ဟံသာ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကျာခွန်ဆာ တို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**



ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ –( ၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးသို့ တက်ရောက်သူများ တက်ရောက်ကြောင်း လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သူများကို တွေ့ရစဉ်။ သတင်းစဉ်

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများ အပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၀) ကို ယနေ့ နံနက်ပိုင်းတွင် ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် လုပ်ငန်းကော်မတီဝင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက မိမိတို့ ယနေ့အထိ အစည်းအဝေး ခုနစ်ကြိမ် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် ၈၈ ချက် ချမှတ်ကာ ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန် ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခင်အစည်းအဝေးတွင် ချေးငွေထုတ်ချေးမည့် လုပ်ငန်းကဏ္ဍများကို သတ်မှတ်ခဲ့ပြီး လျှောက်လွှာများကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁၀ ရက်အထိ လက်ခံခဲ့ကြောင်း၊ လက်ရှိတွင် UMFCCI မှတစ်ဆင့် လျှောက်ထားလာသော လျှောက်လွှာ အစောင် ၁၅၇၀၊ Online မှတစ်ဆင့် လျှောက်ထားလာသော လျှောက်လွှာ ၉၉၃ စောင်နှင့် တိုင်းဒေသကြီး/ ပြည်နယ် CCI များမှ လျှောက်ထားလာသော လျှောက်လွှာ ၇၆၄၈ စောင်၊ စုစုပေါင်း လျှောက်လွှာ ၁၀၂၁၁ စောင် လက်ခံရရှိခဲ့ပါကြောင်း၊ ယခုအကြိမ်တွင် ပထမအကြိမ် လျှောက်ထားမှုထက် နှစ်ဆခွဲခန့်များလာပါကြောင်း၊ ယခုဒုတိယအကြိမ် ချေးငွေထုတ်ပေးရာတွင် စနစ်တကျစိစစ်၍ ချေးငွေများ မြန်ဆန်သွက်လက်စွာ ထုတ်ပေးနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်အပါအဝင် ပုဂ္ဂလိကဘဏ် ရှစ်ခုမှလည်း ပူးပေါင်းဆောင်ရွက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ညှိနှိုင်းကြပြီး ထိခိုက်မှုရှိနေသည့် စီးပွားရေးလုပ်ငန်းများအတွက် လုပ်ငန်းကော်မတီက စီမံဆောင်ရွက်ပေးနိုင်သည့်ကိစ္စများအား လိုအပ်သလို ဆောင်ရွက်ပေးရေး၊ ဒုတိယအကြိမ် ကိုဗစ်–၁၉ ရန်ပုံငွေမှ ချေးငွေ လျှောက်ထားလာသည့် လုပ်ငန်းများအပေါ် စိစစ်သည့်လုပ်ငန်းစဉ်များ မြန်ဆန်သွက်လက်ရေးနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများက အဆိုပြုတင်ပြလာသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်)



အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်း ပြောကြားစဉ်။

သတင်းစဉ်

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ၊ စတုတ္ထအစည်းအဝေး၊ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေ။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအစည်းအဝေးဟာ အခုဆိုရင် (၄)ကြိမ်မြောက် တိုင်ခဲ့ပါပြီ။ ဒီကနေ့ ညီလာခံအစည်းအဝေးကြီး ဖြစ်မြောက်အောင် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ အများကြီး ကြားကနေ ငြိမ်းချမ်းရေးကို ဦးထိပ်ထားတဲ့ သန္နိဋ္ဌာန်စိတ်နဲ့ ရှေ့ကိုဆက်တိုးနိုင်ဖို့ သက်ဆိုင်သူတွေအားလုံးက ကြိုးပမ်းဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဆွေးနွေးညှိနှိုင်းမှုတွေ အရှိန်အဟုန် ကောင်းနေချိန်မှာပဲ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ COVID-19 ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်ဖို့ လိုအပ်ချက်တွေကြောင့် ကျွန်မတို့ အခက်အခဲတွေ ရှိခဲ့ပါတယ်။ ခရီးသွားလာမှု ကန့်သတ်ချက်တွေ၊ ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ တင်းကျပ်ထားတဲ့ အချိန်ကာလမှာပဲ ဒီကနေ့ ဒီအချိန် ညီလာခံခန်းမထဲမှာ အစုအဖွဲ့အသီးသီးက ခေါင်းဆောင်တွေ၊ ကိုယ်စားလှယ်တွေ စုံစုံညီညီ ရောက်ရှိနေကြပါပြီ။ ဒါဟာကျွန်မတို့ နိုင်ငံ၊ ကျွန်မတို့ ပြည်ထောင်စုရဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ဘယ်လိုပဲ အခက်အခဲမျိုးတွေ တွေ့ကြုံရသည် ဖြစ်စေ မဖြစ်မနေရအောင်ကြိုးပမ်းဆောင်ရွက်ကြမယ်ဆိုတဲ့ ခိုင်မာတဲ့ စိတ်ပိုင်းဖြတ်ချက်ကို ဖော်ပြနေတာပဲ ဖြစ်ပါတယ်။

## ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၃)

ဒီခန်းမကြီးထဲမှာပဲ ပြီးခဲ့တဲ့နှစ် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှာ ကျင်းပပြုလုပ်ခဲ့တဲ့ NCA လက်မှတ်ရေးထိုးခြင်း (၄)နှစ်မြောက် အခမ်းအနားမှာ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ကို အပိုင်း(၃)ပိုင်းနဲ့ ချုပ်ဆိုနိုင်ရေးကြိုးပမ်းကြဖို့ ကျွန်မအနေနဲ့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ အခု ကျင်းပမယ့် ညီလာခံကြီးမှာ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၃) ကို အပိုင်း(၃)ပိုင်းနဲ့ချုပ်ဆိုနိုင်တော့မှာ ဖြစ်တဲ့အတွက် ကြိုးပမ်းပေးခဲ့ကြသူအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။ အဲဒီနေ့၊ အဲဒီအချိန်၊ အဲဒီ အခမ်းအနားမှာပဲ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရမယ်။ ဖက်ဒရယ်စနစ်နဲ့အညီ အာဏာခွဲဝေမှု၊ သယံဇာတခွဲဝေမှု၊ အခွန်အကောက်ခွဲဝေမှုရှိရမယ်၊ ဖက်ဒရယ်ယူနစ်တွေ အားလုံးဟာ တန်းတူရည်တူ ရှိရမယ်၊ ပြည်နယ်တွေမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်တဲ့ ကိုယ်ပိုင်အခြေခံဥပဒေတွေ ရှိရမယ်၊ ပြည်နယ်တွေရဲ့ အာဏာတွေကို ခွဲဝေကျင့်သုံးတဲ့အခါ ပြည်သူလူထုကို အခြေခံရမယ်ဆိုတဲ့ အခြေခံမူတွေကို ကျွန်မ ပြောကြားခဲ့ပါတယ်။ အခု ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုချိန်မှာတော့ အခြေခံမူ (၅) ချက်ထဲက အရေးကြီးတဲ့ ပြည်နယ်တွေရဲ့ ကိုယ်ပိုင်အခြေခံဥပဒေ ရေးဆွဲခွင့်၊ တစ်နည်းအားဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံချက်ဟာ ပြီးခဲ့တဲ့ ဩဂုတ်လ ၁၂ ရက်နေ့ ညနေပိုင်းအထိ အပြင်းအထန်ဆွေးနွေးခဲ့ပေမယ့် သဘောတူစာချုပ်မှာ မပါဝင်နိုင်ခဲ့ဘဲ ဆက်လက်ဆွေးနွေးရန် ဆိုတဲ့အချက်အနေနဲ့ ကျန်ခဲ့ပါတယ်။

ဒီလို ကျန်ခဲ့ရခြင်း အကြောင်းရင်းကလည်း "ပြည်နယ်အခြေခံဥပဒေ"နဲ့ "ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ" စကားရပ်၊ အခေါ်အဝေါ် ညှိယူလို့မရတဲ့ အတွက်လို့ ဆိုနိုင်ပေမယ့်လည်း ဝေါဟာရတွေပေါ်မှာ အနက်အဓိပ္ပာယ် ကောက်ယူဖွင့်ဆိုမှုတွေရဲ့ အကျိုးဆက်လို့ဆိုနိုင်ပါတယ်။ ဒါဟာ တကယ်တော့ နှစ်ဖက်စလုံးမှာရှိနေတဲ့ စိုးရိမ်မှုတွေပါပဲ။ ဒီစိုးရိမ်မှုတွေကို ထပ်ပြီး စိစစ်သုံးသပ်ကြည့်လိုက်ရင် သံသယတွေနဲ့ ကြည့်မြင်နေကြလို့၊ အပြန်အလှန် ယုံကြည်မှုအားနည်းလို့ ဆိုတာကို အတိုင်းသား မြင်နိုင်ပါတယ်။

လွန်ခဲ့တဲ့ (၂၀) ရာစုခေတ်က ဖေဖေနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ အပါအဝင် ပြည်ထောင်စုရဲ့ တည်ထောင်ဖော်၊ တည်ထောင်ဖက်တွေ သဘောတူလက်မှတ်ရေးထိုးခဲ့တဲ့ ပင်လုံစာချုပ်ကို အခြေခံပြီး ဖြစ်ပေါ်လာခဲ့တဲ့ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာဆိုရင် "ဤအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ မဆန့်ကျင်စေဘဲ ပြည်နယ်တွေရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ ကိစ္စအားလုံးကို တရားဥပဒေနဲ့ သတ်မှတ်ဖို့" ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ ဒီကနေ့ (၂၁) ရာစုပင်လုံရဲ့ ဆွေးနွေးချက်တွေကို ကြည့်ရင် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ဆန့်ကျင်ခြင်း မရှိစေဘဲ ပြည်နယ်တွေရဲ့ ကိုယ်ပိုင်အခြေခံဥပဒေရေးဆွဲခွင့်ကို အားလုံးက သဘောတူညီကြပါတယ်။ သဘောတူညီချက် မရရှိခဲ့တဲ့ စကားရပ်၊ အခေါ်အဝေါ်တွေရဲ့ လေးနက်မှုနဲ့ အဓိပ္ပါယ်သက်ရောက်မှုတွေကို နှစ်ဖက်လုံးက သိမြင်နားလည်နိုင်ကြမယ်ဆိုရင် နှစ်ဦးနှစ်ဖက် သဘောတူ လက်ခံနိုင်အောင်၊ အားလုံးရဲ့ စိုးရိမ်ပူပန်မှုတွေ ပြေပျောက်နိုင်အောင် ဆွေးနွေးညှိနှိုင်းယူလို့ သေချာပေါက် ရနိုင်ပါတယ်။ ဒီအချက်နဲ့ ပတ်သက်လို့ စိတ်ရှည်လက်ရှည်နဲ့ ဆက်လက်ဆွေးနွေးညှိနှိုင်းသွားရဦးမှာ ဖြစ်ပါတယ်။ အဓိက ကျော်လွှားနိုင်ခဲ့တဲ့ ကိစ္စက ရှေ့မတိုး၊ နောက်မဆုတ် အနေအထားနဲ့ လိပ်ခဲတည်းလည်းဖြစ်ခဲ့ရတဲ့ "ခွဲမထွက်ရေး"နဲ့ "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" တစ်ဆို့မှုတွေကို ကျွန်မတို့ အားလုံး ကျော်လွှားနိုင်ခဲ့ပါပြီ။ ဆက်လက်ဆွေးနွေးရဦးမယ့် ပြည်နယ်တွေရဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲခွင့်နဲ့ ပတ်သက်လို့ မကြာခင် ကာလအတွင်းမှာ ပြေလည်အောင်မြင်သွားလိမ့်မယ်လို့လည်း ကျွန်မအနေနဲ့ အပြုသဘော ရှုမြင်ပါတယ်။ သဘောတူညီမှု ရရှိအောင်လည်း ကျွန်မတို့ ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

## (၅)နှစ်တာ အပြောင်းအလဲများ

စိုးရိမ်ပူပန်မှုတွေ၊ သံသယတွေနဲ့ ကြည့်မြင်သုံးသပ်ပြီး မယုံမကြည် ဖြစ်နေကြတာတွေဟာ နှစ်ပေါင်း(၇၀)ကျော် လက်နက်ကိုင်တိုက်ပွဲတွေရဲ့ သက်ရောက်မှုလို့လည်း ဆိုနိုင်ပါတယ်။ ယုံကြည်မှုအားနည်းရခြင်းရဲ့ အကြောင်းရင်းတစ်ရပ်က အလျှော့အတင်း၊ အပေးအယူ လုပ်ချင်စိတ် မရှိတာကြောင့် ဖြစ်တတ်သလို အပေး-အယူ၊ အလျှော့-အတင်းလုပ်ပြီး ညှိနှိုင်းတတ်တဲ့ ယဉ်ကျေးမှုအားနည်းခဲ့လို့လည်း ဖြစ်နိုင်ပါတယ်။ တချို့က လည်း အလျှော့-အတင်းလုပ်ခြင်းဟာ အရှုံးပေးခြင်းလို့ လွဲမှားစွာ ယူဆနေကြတာတွေလည်း ရှိနိုင်ပါတယ်။ အပေး-အယူလုပ်ခြင်း၊ အလျှော့-အတင်း ပြုခြင်းကြောင့် ပြည်ထောင်စုတစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းစေနိုင်တယ် ဆိုတာကို လက်တွေ့ သက်သေပြနိုင်ဖို့ အရေးကြီးပါတယ်။

ပြီးခဲ့တဲ့ (၄) နှစ်ကျော်ကာလအတွင်း ပြန်ပြီးကြည့်လိုက်မယ်ဆိုရင် ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ပြည်ထောင်စုကြီးရဲ့ အနာဂတ်အကျိုးကို မျှော်မှန်းပြီး အရင်တုန်းကဆိုရင် စဉ်းစားလို့တောင် မရနိုင်ခဲ့တဲ့၊ ညှိနှိုင်းဖို့တောင် အင်မတန် ခက်ခဲခဲ့တဲ့ အခြေခံမူတွေ သဘောတူညီလာအောင် ကျွန်မတို့ ဆောင်ရွက်နိုင်ခဲ့ ပါတယ်။ တချို့ကလည်း ဝေဖန်ပြောကြားနေကြတာတွေ ရှိပါတယ်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၊ တန်းတူရေး၊ အာဏာခွဲဝေရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဒါတွေက ယေဘုယျဆန်တယ်၊ ဘာပြောင်းလဲလို့လဲဆိုတဲ့ ပြောဆိုချက်တွေရှိနေပါတယ်။ အခြေခံကျခြင်းနှင့် လွယ်ကူခြင်းအကြားမှာ လက်တွေ့ ခြားနားချက်တွေ အများကြီး ရှိနေတယ်ဆိုတာ ဝေဖန်နေကြသူတွေ သတိမေ့နေကြတယ် ထင်ပါတယ်။ မေတ္တာတရား၊ လောကပါလတရား ဆိုတာတွေလို ပါပဲ။ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အာဏာခွဲဝေမှု ဆိုတာတွေဟာ ပြည်ထောင်စုတည်ထောင်စဉ်ကတည်းက ချမှတ်ခဲ့တဲ့၊ ရိုးရှင်းတဲ့ အခြေခံမူတွေ ဖြစ်ကြပေမယ့်လည်း လက်တွေ့ အသက်ဝင်လာဖို့၊ အမှန်တကယ် ကျင့်သုံးနိုင်ဖို့ကျတော့ အင်မတန်မှ ခက်ခဲနေတယ်ဆိုတာ အားလုံးသိရှိကြပါလိမ့်မယ်။

အခု ညီလာခံမှာ ချုပ်ဆိုကြမယ့် ပြည်ထောင်စုသဘောတူစာချုပ်ဟာ ကျွန်မတို့ တိုင်းရင်းသားတွေ နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့ပေမယ့် အရာထင်မလာခဲ့တဲ့ အခြေခံမူတွေကို ချမှတ်နိုင်ရုံသာမက လက်တွေ့မှာပါ မဖြစ်မနေ အကောင်အထည်ဖော် ကျင့်သုံးရမယ့် လုပ်ငန်းစဉ်တစ်ရပ်ကို ကတိကဝတ်ပြုထားတာ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ကျွန်မတို့အားလုံး လက်တွဲလျှောက်လှမ်းခဲ့တဲ့ အရွေ့ဟာ သမိုင်းနဲ့ချီတဲ့ အရွေ့တစ်ခု ဖြစ်ပါတယ်။ ကျွန်မတို့အားလုံး စုပေါင်းစိုက်ထူလိုက်နိုင်တဲ့ သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ပါတယ်။

## ငြိမ်းချမ်းရေး တည်ဆောက်ကြသူများ

ငြိမ်းချမ်းရေးကို တည်ဆောက်ကြတယ်ဆိုတာ ပြည်ထောင်စု ကောင်းကျိုး၊ တိုင်းရင်းသားပြည်သူတွေရဲ့ အနာဂတ်ကို ဆောင်ကြဉ်းပေးတာထက် ပိုမိုသာလွန်ပါတယ်။ ငြိမ်းချမ်းရေး တည်ဆောက်တယ်ဆိုတာ မြင့်မြတ်တဲ့ ကောင်းမှုကို ထမ်းဆောင်ခြင်းပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး တည်ဆောက်ကြရာမှာ သေနတ်သံတွေ၊ ဗုံးသံတွေ၊ တိုက်ပွဲသံတွေ တိုးတိတ်ငြိမ်သက်သွားရုံ သက်သက် မဟုတ်ပါဘူး။ လက်နက်ကို အားကိုးမှု၊ အင်အားကို အသုံးချမှု ထိရောက်မှုရှိမယ်၊ အရာဝင်မယ်၊ အလေးပေးခံရမယ်၊ အောင်မြင်မယ်ဆိုတဲ့ "နိုင်ငံရေး ဓလေ့ဆိုး"ကို ဖြစ်ပေါ်စေခဲ့တဲ့ အစွဲတွေ စိတ်သဏ္ဍာန် ရေသောက်မြစ်ကို ဖြတ်တောက်ပစ်ဖို့အထိ အဓိကရည်ရွယ်တာပါ။ ဒါဟာ ငြိမ်းချမ်းရေး တည်ဆောက်သူတွေရဲ့ အန္တိမမျှော်မှန်းချက်ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်မှလည်း ကျွန်မတို့အားလုံး တာဝန်ကျေတယ်လို့ ဆိုနိုင်ပါလိမ့်မယ်။ သေနတ်သံတွေ၊ ဗုံးသံတွေ ဒီနေ့ တိတ်သွားပြီ ဆိုပေမယ့်လည်း မနက်ဖြန်မှာ ကျည်ဆန် ပြန်ပေါက်ပြီး ယမ်းငွေ့ဝေလာနိုင်တာမျိုးပါ။ လက်နက်အားကိုးမှု အင်အားသုံးမှု ထိရောက်မယ်ဆိုတဲ့ နိုင်ငံရေးဓလေ့ဆိုးနဲ့ ဒီဓလေ့ဆိုးကို ဖန်တီးပေးလိုက်တဲ့ အရင်းခံ စိတ်ဓာတ်တွေကို နိဂုံးကမ္ပတ် အဆုံးသတ်အောင် စွမ်းဆောင်ပေးနိုင်မှသာ တကယ့်ငြိမ်းချမ်းရေး တည်ဆောက်သူလို့ သတ်မှတ်နိုင်မှာပါ။

*စာမျက်နှာ ၆ သို့*

> **"ကျွန်မတို့နိုင်ငံမှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ခေတ်အဆက်ဆက် အစိုးရတွေက ချဉ်းကပ်မှုပုံစံအမျိုးမျိုးနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေမယ့် ဆယ်စုနှစ်(၇)ခုကျော် ကြာခဲ့ပေမယ့် အောင်မြင်မှုမရှိခဲ့ပါဘူး။ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ဆိုတာ ပေါ်ပေါက်လာခဲ့ပါတယ်။ NCA ဟာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းအစပဲ ဖြစ်ပါတယ်။ နောက်ထပ်ခြေလှမ်းတစ်ရပ်အနေနဲ့ ကျွန်မတို့ လက်ထက်မှာ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်နဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှုတွေကို ရှေ့ဆက်လျှောက်လှမ်းရမယ့် လမ်းကြောင်းသစ်အနေနဲ့ ဖောက်ပေးနိုင်ခဲ့ပါပြီ။ ၂၀၂၀ အလွန်မှာ ဘယ်အစိုးရပဲ တက်လာသည်ဖြစ်စေ၊ အဆင်သင့်ကိုင်ဆောင်လျှောက်လှမ်းရမယ့် ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ထောင်ရေးအတွက် ကျွန်မတို့ လမ်းသစ်ဖောက်ပေးခဲ့တာပဲ ဖြစ်ပါတယ်"**

*စာမျက်နှာ ၅ မှ*

ဒီဓလေ့ဆိုးနဲ့ အရင်းခံစိတ်ဓာတ်တွေကို ဖယ်ရှားပေးနိုင်ဖို့ဆိုရင် ကျွန်မတို့အားလုံးဟာ တွေ့ဆုံဆွေးနွေးရေးအရ လျှောက်လှမ်းနေရုံနဲ့ ပြီးမှာ မဟုတ်ပါဘူး။ တစ်ခါတစ်ရံမှာ တွေ့ဆုံဆွေးနွေးတယ်ဆိုပြီး အချိန်တွေ ဆွဲဆန့်ကြတာမျိုး ရှိတတ်ကြသလို အင်အားအဓိက ဝါဒီတွေအတွက်လည်း အင်အားပိုစုဖို့ အချိန်ယူတာမျိုးတွေ ရှိတတ်ကြပါတယ်။ စကားလုံးအသုံးအနှုန်းနဲ့ အခေါ်အဝေါ်မှာ လှပပေမယ့် လက်တွေ့အဖြေရှာလိုစိတ်မရှိတဲ့ အနေအထားမျိုးမှာ တွေ့ဆုံ ဆွေးနွေးရေးဆိုတာတွေဟာလည်း တဝဲလည်လည် ဝေ့လည်ကြောင်ပတ်အခြေအနေမျိုးနဲ့ပဲ သံသရာလည်နေတတ်ပါတယ်။ ကျွန်မတို့ကြားမှာရှိနေတဲ့ ပြဿနာတွေကို ကျွန်မတို့အချင်းချင်း တွေ့ဆုံဆွေးနွေး အဖြေရှာကြတဲ့အခါ အမှန်တကယ်ကို အပေး-အယူ၊ အလျှော့-အတင်း ညှိနှိုင်းယူတတ်တဲ့ နိုင်ငံရေးယဉ်ကျေးမှုမျိုးကို ထူထောင်တည်ဆောက်ကျင့်သုံးယူပြီး ဓလေ့ဆိုးကို ယဉ်ကျေးမှုအသစ်နဲ့ အစားထိုးပစ်ရမှာ ဖြစ်ပါတယ်။ ဗီဇတွေ၊ အကျင့်တွေ၊ ဓလေ့တွေက ဖျောက်ဖျက်ရ အင်မတန် ခက်ခဲမှာဖြစ်တဲ့အတွက် ထူထောင်ရမယ်၊ တည်ဆောက်ရမယ်၊ လက်တွေ့ကျင့်သုံးရမယ်လို့ ကျွန်မအနေနဲ့ ပြောကြားရခြင်းပဲ ဖြစ်ပါတယ်။

အပေး-အယူ လုပ်တာ၊ အလျှော့-အတင်းပြုတာတွေကို ထပ်ခါတလဲလဲကြိမ်ဖန်များစွာ ကျွန်မတို့အားလုံး ကျင့်သားရအောင်၊ အကျင့်ဖြစ်အောင် ကြိုးစားကြဖို့ လိုပါတယ်။ အပေး-အယူလုပ်ခြင်းဟာ အရှုံးပေးရခြင်းလို့ ယူဆနေကြပြီးတော့ အပေး-အယူ လုပ်လိုစိတ်တွေလည်း လျော့နည်းနေခဲ့တာ သမိုင်းတစ်လျှောက်လုံး တွေ့မြင်နိုင်ပါလိမ့်မယ်။ အပေး-အယူ လုပ်လို့ ဖြေရှင်းနိုင်စွမ်း၊ အဖြေရှာနိုင်စွမ်းမရှိဘူးလို့ သိမြင်လာကြတဲ့အခါ ကိုယ့်ဘက်ကို ချေမှုန်းခြင်း မခံရအောင် အင်အားတည်ဆောက်ရင်းနဲ့ "အင်အားသာ အဓိက" ဆိုတဲ့ စိတ်ဓာတ်တွေ ပိုမို ရင့်သန်လာခဲ့ပြီး ပဋိပက္ခတွေ သက်ဆိုးရှည်ကြာခဲ့ရတာကို အားလုံးက သတိချပ်စေချင်ပါတယ်။ အမှန်တကယ်မှာတော့ အပေး-အယူ၊ အလျှော့-အတင်း လုပ်ဆောင်ခြင်းဟာ အကျိုးတရားတွေ သိမြင်လာရလေလေ ယုံကြည်မှုတွေဟာလည်း တစ်ဆင့်ချင်း တိုးလာလေလေပဲ ဖြစ်ပါတယ်။ ပထမတော့ မိမိကိုယ်ကို ယုံကြည်မှုရှိလာမယ်၊ ဒီနောက်တော့ ဆွေးနွေးဖက်တွေအပေါ်မှာ ယုံကြည်မှုရှိလာမယ်၊ နောက်ဆုံး အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်အပေါ်မှာ ယုံကြည်မှုရှိလာပြီး ဆွေးနွေးညှိနှိုင်းမှုတွေ ထိရောက်အောင်မြင်လာမှာ ဖြစ်ပါတယ်။

### ရွေးချယ်ရမယ့် ပြည်ထောင်စုရဲ့ လမ်း(၂)သွယ်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာ သီးသန့်တည်ရှိပြီး သီးသန့်သဘောသွားနေတဲ့ လုပ်ငန်းစဉ်တစ်ရပ် မဟုတ်ပါဘူး။ ဒီကနေ့ ကျွန်မတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေး တိုးတက်မှုအခြေအနေ၊ လက်ရှိအချိန် COVID-19 ကပ်ရောဂါရဲ့ ကျန်းမာရေး၊ ပညာရေး အကျိုးဆက်တွေ၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုရဲ့ သက်ရောက်မှုတွေကို ကျွန်မတို့နိုင်ငံ ရင်ဆိုင်နေရတဲ့ အခြေအနေ၊ COVID-19 အလွန် New. Normal "နေထိုင်မှုပုံစံအသစ်" အခြေအနေ၊ ဒီမိုကရေစီ နည်းလမ်းတကျ လူထုဆန္ဒနဲ့အညီ ကျင်းပမယ့် ရွေးကောက်ပွဲတွေရဲ့ အခြေအနေ၊ အားပြိုင်မှုမြင့်မားလာနေတဲ့ နိုင်ငံတကာ အခြေအနေနဲ့ ပထဝီ နိုင်ငံရေး အခြေအနေတွေနဲ့ ဆက်စပ်ပြီး ဖြစ်ထွန်းနေတာဖြစ်ကြောင်း သတိချပ်ကြရမှာ ဖြစ်ပါတယ်။

ဒီလိုမျိုး ဆက်စပ်ချိတ်ဆက်နေတဲ့ အခြေအနေနဲ့အတူ ကြိုးပမ်းဆောင်ရွက်နေရတာဖြစ်တဲ့အတွက် အခွင့်အလမ်းအသစ်တွေ လမ်းပွင့်လာတာမျိုးရှိသလို စိန်ခေါ်မှု တချို့ကြောင့် အခွင့်အလမ်းတွေ ပိတ်ဆို့သွားတာလည်း ကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့် တပ်မတော်ရော၊ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရော၊ လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရော အားလုံးအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကနေ ထွက်ပေါ်လာတဲ့ အခွင့်အလမ်းကောင်းတွေကို မိမိရရ ဆုပ်ကိုင်ကြဖို့ ကျွန်မအနေနဲ့ အလေးအနက် တိုက်တွန်းပြောကြားလိုပါတယ်။ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီး ကောင်းကျိုးချမ်းသာ ရရှိရေးနဲ့အတူ တစ်နွယ်ငင် တစ်စင်ပါနေမှာက အဖွဲ့အစည်းအသီးသီး၊ အစုအဖွဲ့အသီးသီးရဲ့ အကျိုးစီးပွားတွေ ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ ပြည်ထောင်စုကြီးဟာ နှစ်ပေါင်း (၇ဝ) ကျော် လက်နက်ကိုင်ပဋိပက္ခရဲ့ ဆိုးကျိုးကို ကျောကော့အောင် ခံခဲ့ရပြီးပါပြီ။ ကမ္ဘာပေါ်မှာ အရှည်ကြာဆုံး ပြည်တွင်းစစ်လို့ သတ်မှတ်မှု ရရှိပြီးတဲ့နောက် နောက်ထပ် နှစ်ပေါင်း `ဘယ်လောက်ကြာအောင် ကျွန်မတို့ပြည်ထောင်စုကြီးရဲ့ အနာဂတ်တွေ အဓိပ္ပာယ်မဲ့နေကြဦးမှာလဲ။ အားလုံးက စဉ်းစားကြဖို့ လိုပါတယ်။ ငြိမ်းချမ်းရေးကင်းမဲ့ခြင်းနဲ့ ပဋိပက္ခတွေရှည်ကြာခြင်းရဲ့ အကျိုးဆက်နဲ့ ပေးဆပ်ရမှုတွေကိုကြည့်ရင် လတ်တလော ထင်သာမြင်သာ တိုက်ရိုက်တွေ့မြင်ကြရမှာက လူ့အသက်တွေ ဆုံးရှုံးရတာ၊ အိုးအိမ်တွေ ပျက်စီးရတာ၊ အိုးပစ်အိမ်ပစ် စွန့်ခွာထွက်ပြေးကြရတာ၊ စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ရင်းနှီးမြှုပ်နှံမှုတွေ ထိခိုက်ဆုံးရှုံးရတာတွေကိုပဲ သိမြင်နိုင်ကြပါတယ်။ ဒါပေမယ့် လူငယ်တွေရဲ့ ပညာရေးနဲ့ တိုင်းပြည်ရဲ့အနာဂတ်၊ တိုင်းရင်းသားပြည်သူတွေရဲ့ ကျန်းမာရေးနဲ့ သိက္ခာရှိရှိ ရှင်သန်ရပ်တည်နိုင်မှု အစရှိတဲ့ မသိမမြင်နိုင်တဲ့ ထိခိုက်ဆုံးရှုံးမှုတွေကို မရေမတွက်နိုင်အောင် စတေးခဲ့ရပြီးလည်း ဖြစ်ပါတယ်။ နှစ်ပေါင်း (၇ဝ)ကျော်ကာလအတွင်း ငွေကြေးအားဖြင့် ထရီလီယံနဲ့ချီတဲ့ ဆုံးရှုံးမှုတွေအပြင် တန်ဖိုးမဖြတ်နိုင်တဲ့ ပြည်ထောင်စုရဲ့ အနာဂတ်၊ ပြည်ထောင်စုကြီးထဲက သားသမီးတွေရဲ့ ဘဝတွေ မြောက်မြားစွာ ပေးဆပ်ခဲ့ရပါပြီ။ ဒီကနေ့ ဒီအချိန်မှာ ကျွန်မတို့ အားလုံး ငြိမ်းချမ်းရေး တည်ဆောက်သူတွေဖြစ်ဖို့ ကြိုးစားခွင့်ကို သမိုင်းက ပေးအပ်လာခဲ့ပါပြီ။

ကျွန်မတို့အနေနဲ့ နှစ်ပေါင်း(၇ဝ) ကျော် ကြာရှည်ခဲ့ပြီ ဖြစ်တဲ့ အဆိုးသံသရာလမ်းကိုပဲ မိုက်မိုက်မဲမဲနဲ့ ထပ်ပြီးလျှောက်လှမ်းကြဦးမှာလား၊ ဒါမှမဟုတ် ပြည်ထောင်စုကြီးရဲ့ အနာဂတ်အတွက် လျှောက်ခဲ့တဲ့ လမ်းဟောင်းကနေ လမ်းကြောင်းပြောင်းပြီး ငြိမ်းချမ်းရေးလမ်းသစ်ကို ကျွန်မတို့ လျှောက်လှမ်းကြမှာလား။ အခု ကျွန်မတို့ ရှေ့မှာ လမ်း(၂)သွယ် ရှိနေပါတယ်။ ဒီလမ်း(၂) သွယ်ထဲကနေ ဘယ်လမ်းကို လိုက်မလဲ၊ ဘယ်လမ်းပေါ် လျှောက်မလဲ၊ ကျွန်မတို့ ရွေးချယ်ရမယ့် လမ်း(၂)သွယ်က ကျွန်မတို့အားလုံးရဲ့ ရှေ့မှာ အဆင်သင့် စောင့်ဆိုင်းနေပါပြီ။ ကျွန်မတို့ ပြည်ထောင်စုရဲ့ အနာဂတ်ကို အဆုံးအဖြတ်ပေးမယ့် လမ်းဆုံလမ်းခွမှာ ကျွန်မတို့အားလုံး အလေးအနက်ထား စဉ်းစားကြဖို့ လိုပါတယ်။ လမ်းကြောင်းတစ်ခုပေါ်ကို ခြေတစ်လှမ်း လှမ်းမယ်ကြံရင် ကျွန်မတို့ချစ်တဲ့ပြည်ထောင်စုကြီးနဲ့ ဒီပြည်ထောင်စုကြီးမှာ ဆက်လက်ရှင်သန်ကြမယ့် ကျွန်မတို့ရဲ့ မျိုးဆက်သစ် တိုင်းရင်းသားလူငယ်တွေရဲ့ မျက်နှာတွေကို ပြန်လည် မြင်ယောင်ကြဖို့ ကျွန်မအနေနဲ့ သတိပေးပြောကြားလိုပါတယ်။

### ၂ဝ၂ဝ အလွန် ငြိမ်းချမ်းရေး ရှေ့လုပ်ငန်းစဉ်များ

နိဂုံးမချုပ်ခင်မှာ ကျွန်မအနေနဲ့ ရှေ့ဆက်မယ့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး ဆက်စပ်ပါဝင်နေတဲ့ လုပ်ငန်းစဉ်တွေကို မီးမောင်းထိုး အသိပေးပြောကြားလိုပါတယ်။

အခုကျင်းပတဲ့ (၂၁)ရာစု ပင်လုံညီလာခံကြီးမှာ ကျွန်မတို့ ချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း (၃)မှာ -

(၁) အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊

(၂) ပြည်တွင်းငြိမ်းချမ်းရေး၊

(၃) ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊

(၄) ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးနဲ့

(၅) ၂ဝဝ၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်ရေးဆိုတဲ့လုပ်ငန်းစဉ်ကြီး (၅) ခုလုံး ဟန်ချက်ညီ ရောယှက်ပါဝင်နေတာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ် (၅) ရပ်ကို လက်တွေ့ကျကျ ဆက်လက်ဖော်ဆောင်နိုင်မယ့် ၂ဝ၂ဝ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်နဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှုတွေကိုလည်း အားလုံးသဘောတူ ချမှတ်ထားပြီး ဖြစ်ပါတယ်။ ဒါဟာ ထူးခြားချက်ဖြစ်သလို ကျွန်မတို့အားလုံး (၄)နှစ်ကျော်ကာလအတွင်း ကြိုးပမ်းအားထုတ်ခဲ့ရသမျှရဲ့ အကျိုးရလဒ်၊ သမိုင်းမှတ်တိုင်တစ်ခုလို့ ဆိုချင်ပါတယ်။ ဒီလိုအခြေအနေအထိ ရောက်ရှိလာအောင် အသေးစိတ် ဆွေးနွေးတိုင်ပင်ပြီး စိတ်ရှည်လက်ရှည် စေ့စပ်ညှိနှိုင်းခဲ့ကြသူ အားလုံးကို ကျွန်မအနေနဲ့ ကျေးဇူးအထူးပဲ တင်ရှိကြောင်း ဂုဏ်ပြုပြောကြားလိုပါတယ်။

ဒီလို ရောယှက်ပါဝင်နေတဲ့ လုပ်ငန်းစဉ်(၅)ခုကို စုစည်းပြီး လက်တွေ့ဖော်ဆောင်ရေးနဲ့ ချုပ်လိုက်မယ်ဆိုရင် ၂ဝ၂ဝ အလွန် ရှေ့ဆက်လျှောက်လှမ်းရမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ လုပ်ငန်းစဉ်ကြီး (၃) ခုရှိနေမှာ ဖြစ်ပါတယ်။

၂ဝ၂ဝ အလွန် ရှေ့ဆက်မယ့် ငြိမ်းချမ်းရေး ပထမလုပ်ငန်းစဉ်ကတော့ အမျိုးသားရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်(၂)ရပ်ကို ဒွန်တွဲဖော်ဆောင်ခြင်းပဲ ဖြစ်ပါတယ်။ NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်တွေ ရရှိလာအောင်၊ နောက်တစ်ဆင့်အနေနဲ့ နိုင်ငံရေး စားပွဲဝိုင်းထဲ ရောက်ရှိလာအောင် ဆွေးနွေးညှိနှိုင်းမှုတွေဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးညှိနှိုင်းမှုတွေနဲ့ တစ်ပြိုင်နက်တည်းမှာပဲ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင်၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး စောင့်ကြည့်ရေးလုပ်ငန်းစဉ်တွေ ပိုမိုထိရောက်ခိုင်မာအောင် ဆွေးနွေးညှိနှိုင်းပြီး ပြုပြင်ပြောင်းလဲမှုတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ ပြည်ထောင်စုသဘောတူစာချုပ်ပါ အခြေခံမူတွေနဲ့အညီ ကျွန်မတို့ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေ မြှင့်တင်ပေးနိုင်ဖို့၊ ဖက်ဒရယ်ကို ဦးတည်သွားမယ့် ကတိကဝတ်တွေရဲ့ ရှေ့ပြေးအဖြစ် ဥပဒေရေးရာ ပြောင်းလဲမှုတွေ ဟန်ချက်ညီဖို့၊ အုပ်ချုပ်ရေးဘက်က ဆောင်ရွက်ချက်တွေဟာ တန်းတူရေးကို ရှေးရှုဖို့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

၂ဝ၂ဝ အလွန် ရှေ့ဆက်မယ့် ငြိမ်းချမ်းရေး ဒုတိယလုပ်ငန်းစဉ်ကတော့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး လုပ်ငန်းစဉ်(၂)ရပ်ကို ပူးတွဲဖော်ဆောင်ခြင်းပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၃)ရဲ့ အပိုင်း(၃)ဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူတွေထဲမှာ ကျန်ရှိနေတဲ့ အချက်(၃)ချက်ကို ဆက်လက်ဆွေးနွေးညှိနှိုင်းပြီး အားလုံးသဘောတူလက်ခံတဲ့ ပြည်နယ်တွေရဲ့ ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖော်ပြချက်ကို ရှာဖွေကြရပါမယ်။ တစ်ချိန်တည်းမှာပဲ ၂ဝ၂ဝ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်နဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှုဆိုင်ရာ ဇယား (၁)နဲ့အညီ နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို လက်တွေ့ကျကျ ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ၂ဝ၂ဝ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်နဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှုဆိုင်ရာ ဇယား(၂)ကို သဘောတူ ရရှိလာအောင် ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဖော်ဆောင်ရာမှာ နိုင်ငံရေးနဲ့ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းမှုတွေ ကို ဟန်ချက်ညီ အကောင်အထည်ဖော်နိုင်မယ့် အစီအစဉ်၊ အကောင်အထည်ဖော်မှု ယန္တရားနဲ့ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေးကို အကျေအလည် ဆွေးနွေးညှိနှိုင်းကြရဦးမှာ ဖြစ်ပါတယ်။

၂ဝ၂ဝ အလွန် ရှေ့ဆက်မယ့် ငြိမ်းချမ်းရေး တတိယလုပ်ငန်းစဉ်ကတော့ ပထမလုပ်ငန်းစဉ်နဲ့ ဒုတိယလုပ်ငန်းစဉ်တွေကနေ ထွက်ပေါ်လာတဲ့ သဘောတူညီချက်တွေကို အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်။ လမ်းညွှန် အခြေခံမူတွေကို အခြေခံပြီး အဆင့်လိုက် လုပ်ငန်းစဉ်တွေကို ဆွေးနွေးကြတဲ့အခါ အားလုံးသဘောတူ လက်ခံတဲ့ နိုင်ငံရေးမူတစ်ရပ်ထွက်ပေါ်လာပါမယ်။ နိုင်ငံရေးအရ သဘောတူညီချက်ကို လုပ်ငန်းကော်မတီအဆင့်တွေမှာ တတ်သိပညာရှင်တွေ ပါဝင်စေပြီး NCA ပါ လမ်းပြမြေပုံနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ဥပဒေတွေကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတွေ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့်အတူ ပြည်နယ်တွေရဲ့ ကိုယ်ပိုင်အခြေခံဥပဒေရေးဆွဲခွင့်တွေကို ဘယ်လိုလမ်းကြောင်းနဲ့ ဆောင်ရွက်မယ်၊ တစ်ချိန်တည်းမှာပဲ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်းစဉ်ကို ဟန်ချက်ညီအောင် ဘယ်လိုဆောင်ရွက်မယ် ဆိုတာတွေကို စနစ်တကျ အစီအစဉ်တွေ ညှိနှိုင်းချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံမှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ခေတ်အဆက်ဆက် အစိုးရတွေက ချဉ်းကပ်မှုပုံစံ အမျိုးမျိုးနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေမယ့် ဆယ်စုနှစ်(၇)ခုကျော် ကြာခဲ့ပေမယ့် အောင်မြင်မှု မရှိခဲ့ပါဘူး။ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ဆိုတာ ပေါ်ပေါက်လာခဲ့ပါတယ်။ NCA ဟာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းအစပဲ ဖြစ်ပါတယ်။ နောက်ထပ် ခြေလှမ်းတစ်ရပ်အနေနဲ့ ကျွန်မတို့လက်ထက်မှာ ၂ဝ၂ဝ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်နဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှုတွေကို ရှေ့ဆက်လျှောက်လှမ်းရမယ့် လမ်းကြောင်းသစ်အနေနဲ့ ဖောက်ပေးနိုင်ခဲ့ပါပြီ။ ၂ဝ၂ဝ အလွန်မှာ ဘယ်အစိုးရပဲ တက်လာသည်ဖြစ်စေ၊ အဆင်သင့်ကိုင်ဆောင်လျှောက်လှမ်းရမယ့် ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးအတွက် ကျွန်မတို့ လမ်းသစ်ဖောက်ပေးခဲ့တာပဲ ဖြစ်ပါတယ်။

### ပြည်သူသို့ တိုက်တွန်းချက်

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ တရားမျှတမှုနဲ့ တန်းတူညီမျှမှုကို ဆောင်ကြဉ်း မပေးနိုင်သရွေ့ ကျွန်မတို့မျှော်မှန်းထားတဲ့ ပြည်ထောင်စုအိပ်မက်ဟာ အလှမ်းဝေးကွာ နှစ်ရှည်ကြာနေဦးမှာပါ။ အတိတ်သမိုင်းက သင်ခန်းစာတွေကို ကျွန်မတို့ အားလုံး အလေးအနက်ဆင်ခြင်သုံးသပ်ကြရမှာဖြစ်ပါတယ်။ သမိုင်းကြောင်းတစ်လျှောက် ကျွန်မတို့ တိုင်းရင်းသားတွေရဲ့ ရင်ထဲ၊ နှလုံးသားထဲက ဒဏ်ရာဒဏ်ချက်တွေကို ကျွန်မတို့ရဲ့ နှလုံးသားတွေနဲ့ မျှဝေခံစားပြီး စာနာမှုနဲ့ ကုစားပေးကြရမှာပါ။ အပင်ပေါက်စ၊ အညွန့်ထူစ ထွန်းသစ်စ ဒီမိုကရေစီကို ရင့်ကျက်ခိုင်မာအောင် ကြိုးစားလျှောက်လှမ်းရင်းနဲ့ တစ်ချိန်တည်းမှာပဲ ကျွန်မတို့ တိုင်းရင်းသားတွေရဲ့ ပြည်ထောင်စု အိပ်မက်ကို ပုံဖော်ပေးနိုင်မယ့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးခရီးကို ကျားကုတ်ကျားခဲ ဆက်လက်ပြီး ကျွန်မတို့ လျှောက်လှမ်းကြရဦးမှာပါ။

ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ ပြည်ထောင်စုမှာ ဒီကနေ့ ရင်ဆိုင်တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုတွေအားလုံးကို လွှမ်းခြုံရင်ဆိုင်တုံ့ပြန်နိုင်မယ့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့အတွက် ကျွန်မတို့ ပြည်ထောင်စုကြီးရဲ့ သားသမီးတွေအားလုံး ခေါင်းချင်းဆိုင်၊ ရင်ချင်းအပ်ပြီး တစ်စိတ်တည်းတစ်ဝမ်းတည်း ကြိုးပမ်းဆောင်ရွက်ကြဖို့ အထူးပဲအရေးကြီးလှပါတယ်။ ကမ္ဘာကြီးက ကျွန်မတို့နိုင်ငံကို စောင့်ဆိုင်းနေမှာ မဟုတ်ပါဘူး။ ကိုယ့်လက်ပေါ် မီးပွားကျလာမှ ပူလောင်တယ်လို့ သဘောထားတာမျိုး၊ ကိုယ့်မျက်စိနား နီးကပ်လာမှ အရေးတယူလုပ်တာမျိုးနဲ့ ပြည်ထောင်စုအသစ်အတွက် အိပ်မက်တွေ မက်နိုင်ကြမှာ မဟုတ်ပါဘူး။ ကျွန်မတို့ ပြည်ထောင်စုကြီးရဲ့ နေရာတစ်ခုခုမှာပဲ ပဋိပက္ခ ဖြစ်တာပဲဖြစ်ဖြစ်၊ ကျွန်မတို့ ပြည်ထောင်စုရဲ့ သားသမီးတွေ တစ်နေရာရာမှာ နာကျင်ခံစားရတာပဲဖြစ်ဖြစ်၊ "လက်သည်းဆိတ်ရင် လက်ထိပ်နာ" ဆိုသလို မျှဝေခံစားနိုင်ကြရမှာ ဖြစ်ပါတယ်။

အားလုံးက အမြတ်တနိုး တန်ဖိုးထားပြီး "ငါတို့ရဲ့ ပြည်ထောင်စု" ဆိုတဲ့ ခံယူချက်တွေ၊ အတွေးအမြင်တွေ ဖြစ်ပေါ်လာအောင် တိုင်းရင်းသားတွေရဲ့ သီးသန့်တည်ရှိနေတဲ့ တန်ဖိုးအားလုံးကို မျှဝေပေးဖို့ လိုပါတယ်။ စာနာထောက်ထားမှုနဲ့အသိမြင်မှန်ကန်မှု ပေါင်းစပ်နိုင်မှသာ "သူ့ဒေသ ငြိမ်းချမ်းရေးမရတာ ငါနဲ့ မဆိုင်ဘူး" ဆိုတဲ့ ကိုယ်လွတ်ရုန်းတဲ့ စိတ်ဓာတ်မျိုး၊ "နောက်လာမယ့် မျိုးဆက်သစ်တွေ ကိစ္စ၊ နောင်ခါလာ နောင်ခါချေး၊ ထည့်တွက်စရာ မလိုဘူး" ဆိုတဲ့ တာဝန်မသိတဲ့ ခံယူချက်မျိုးတွေကို ဖယ်ရှားပစ်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ တိုင်းရင်းသားပြည်သူလူထုကြီးကလည်း ငြိမ်းချမ်းရေးရရှိဖို့ ကူပြီးတွန်းပေးမှလည်း ငြိမ်းချမ်းရေးကို နှောင့်နှေးအောင် လုပ်ချင်သူတွေ၊ ငြိမ်းချမ်းရေးကို ဖျက်ဆီးချင်သူတွေအနေနဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် မလျှောက်လှမ်းလို့ မရဘူးဆိုတဲ့ အခြေအနေမျိုးကို ရောက်ရှိလာမှာပါ။

ဒီတော့ အားလုံးက ဝိုင်းပြီးတော့ တွန်းကြဖို့ လိုပါတယ်။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးဆိုတဲ့ ပြည်ထောင်စုရဲ့ပန်းတိုင်ကို အမြန်ဆုံးရောက်ရှိနိုင်ဖို့ ကျွန်မတို့ အစုအဖွဲ့တွေရဲ့ ဆွဲအားနဲ့၊ ကျွန်မတို့ ပြည်သူတွေရဲ့ တွန်းအား၊ ဒီနှစ်ခုရဲ့ "စုပေါင်းအင်အား" အကောင်းဆုံး အချိန်မှာ ကျွန်မတို့ လိုလားတောင့်တနေတဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေး မုချရမယ်လို့ ကျွန်မအနေနဲ့ အခိုင်အမာယုံကြည်ထားပါတယ်။ ကျွန်မတို့အားလုံး မျက်စိမမှိတ်ခင် အချိန်တွေမှာ ကျွန်မတို့နိုင်ငံ ငြိမ်းချမ်းရေးရတာကို မြင်သွားချင်ပါတယ်။ မငြိမ်းချမ်းလို့ မဖြစ်ဘူးဆိုတဲ့ ခံယူချက်နဲ့ ကျွန်မတို့ ပြည်သူတွေ ငြိမ်းချမ်းရေးအတွက် ဝန်းရံပေးကြပါ၊ ငြိမ်းချမ်းရေးအတွက် တွန်းအားပေးကြပါလို့ တိုက်တွန်းပြောကြားရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# (၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံတက်ရောက်ရေး မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

Video Conferencing စနစ်ဖြင့် ကျင်းပမည့် (၄၁)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ ပါဝင်တက်ရောက်ရေးအတွက် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် လွှတ်တော်ဝင်း ဇမ္ဗူသီရိဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က မိမိအနေဖြင့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ပါဝင် တက်ရောက်မည်ဖြစ်ကြောင်း၊ ယခုနှစ် အထွေထွေညီလာခံကျင်းပမည့် အစီအစဉ်တွင် ဆွေးနွေးကြမည့် ကဏ္ဍအလိုက် အကြောင်းအရာများနှင့် စပ်လျဉ်း၍ မှန်ကန်စွာရပ်တည်နိုင်ရေးအတွက် တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များက အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။





ယင်းနောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းလွင်၊ AIPA ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ နိုင်ငံရေးကဏ္ဍဆိုင်ရာ အဖွဲ့ခေါင်းဆောင် ဒေါ်စုစုလွင်၊ စီးပွားရေးကဏ္ဍဆိုင်ရာ အဖွဲ့ခေါင်းဆောင် ဦးနိုင်ထူးအောင်၊ လူမှုရေးကဏ္ဍဆိုင်ရာ အဖွဲ့ခေါင်းဆောင် ဒေါက်တာ စံရွှေဝင်း၊ အမျိုးသမီးရေးရာကဏ္ဍဆိုင်ရာ အဖွဲ့ခေါင်းဆောင် နော်လှလှစိုး၊ လူငယ်ရေးရာကဏ္ဍ အဖွဲ့ခေါင်းဆောင် ဒေါ်ဝင့်ဝါထွန်း၊ AIPA အုပ်ချုပ်မှုကဏ္ဍဆိုင်ရာ အဖွဲ့ခေါင်းဆောင် ဒေါ်ပြုံးကေသီနိုင်၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးကျော်စိုးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာဆီယံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ခန့်ဆုမ်တို့က အထွေထွေညီလာခံတွင် ဆွေးနွေးမည့်အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဆောင်ရွက်သင့်သည်များကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့များအနေဖြင့် တာဝန်ခွဲဝေသတ်မှတ်ထားသည့်ကဏ္ဍအလိုက် အကြောင်းအရာ၊ အခြေအနေများကို ပိုင်ပိုင်နိုင်နိုင် ဆွေးနွေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားကြရန်နှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးကြရန် နိဂုံးချုပ် အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

---

❒ *ကျောဖုံးမှ*

ကျင်းပရန်ရှိသည့် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတွင် အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ ပါဝင်လက်မှတ်ရေးထိုးရမည် ဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးပြီးသည့်အခါတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပဋိညာဉ်စာတမ်းကို အပြီးသတ်အတည်ပြုခြင်းပြုလုပ်ရန်အတွက် ပြည်တွင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီး ဘင်းမ်စတက်အတွင်းရေးမှူးရုံးသို့ အပြီးသတ်အတည်ပြုလွှာအသီးသီး ပေးပို့သွားကြရမည် ဖြစ်ပါကြောင်း၊ ဘင်းမ်စတက်အတွင်းရေးမှူးရုံးတွင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ အပြီးသတ်အတည်ပြုလွှာ (၇) စောင် စုံညီစွာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ ပြည့်မြောက်သည့်နေ့တွင် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းသည် အသက်ဝင်လာမည် ဖြစ်ပါကြောင်း။

ဘင်းမ်စတက်ပဋိညာဉ်စာတမ်းတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခြင်းအားဖြင့် ဘင်းမ်စတက်အနေဖြင့် ၎င်း၏ ရည်ရွယ်ချက်နှင့် မူဝါဒများ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဖွဲ့စည်းမှုပုံစံများ၊ အဖွဲ့ဝင်နိုင်ငံများ လိုက်နာရမည့် ကျင့်ဝတ်များနှင့် တာဝန်ဝတ္တရားများကို ခိုင်မာစွာကျင့်သုံးသွားနိုင်မည် ဖြစ်သည့်အတွက် ဘင်းမ်စတက်ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်ခုလုံးအတွက် အကျိုးရှိစေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံကိုယ်တိုင် ပါဝင်ထားသည့် ဘင်းမ်စတက်အဖွဲ့ကြီးသည်လည်း ဥပဒေဆိုင်ရာရှိသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ်လည်း ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းအား မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးအတည်ပြုရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ သဘောတူနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ယင်းနောက် ၂၀၂၀ – ၂၀၂၁ခု၊ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့၏ မူနှင့် အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ရငွေလျာထားချက်များသည် လျာထားသကဲ့သို့ ပြည့်မီအောင်မရရှိပါက သုံးစွဲရမည့် အသုံးစရိတ်များအတွက် အခက်အခဲများစွာ ကြုံတွေ့လာနိုင်ပြီး ချေးငွေအပေါ်တွင် မှီခိုရမှု ပိုမိုများလာနိုင်ပါကြောင်း၊ ထို့ပြင် CERP စီမံချက်၏ ပန်းတိုင် (၇)ချက်ကိုလည်း မလွဲမသွေ အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ်အနေဖြင့် မသုံးမဖြစ်သုံးစွဲရမည့် ငွေက ပိုမိုများပြားလာမည်ဖြစ်သည့်အတွက် ငွေလုံးငွေရင်းလုပ်ငန်းစဉ်များတွင် မလိုအပ်သေးသည့် လုပ်ငန်းများ၊ အသစ်ဝယ်ယူရန် မလိုအပ်သေးသည့် ပုံသေပိုင်ပစ္စည်းများ၊ ပြင်ဆင်စရိတ်များ စသည်တို့ကို ချွေတာပြီးတောင်းခံသုံးစွဲကြရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း က မြန်မာနိုင်ငံတွင် နှစ်စဉ်ဓာတ်ဆီတန်ချိန် သန်းနှင့်ချီ၍ ပြည်ပမှ တင်သွင်းပါကြောင်း၊ ယင်းဓာတ်ဆီနှင့် ရောနှောသုံးသည့် အီသနောလောင်စာကို ပြည်တွင်းအရက်ချက် စက်ရုံများမှ ကြံ၊ သကြား၊ ပြောင်း၊ ဆန်၊ ပီလောပီနံစသည့် ကုန်ကြမ်းများအခြေခံ၍ ထုတ်လုပ်နိုင်ပါကြောင်း၊ ဘေးထွက်ပစ္စည်းများကိုလည်း တိရစ္ဆာန်အစားအစာနှင့် ဇီဝဓာတ်ငွေ့၊ ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်ပါကြောင်း၊ ၂၀၀၉ ခုနှစ်တွင် အစိုးရအနေဖြင့် ကုမ္ပဏီကို လုပ်ပိုင်ခွင့်ချထားပေးခဲ့သော်



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်



ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်း

လည်း ဥပဒေ၊ နည်းဥပဒေ၊ စံ၊ လုပ်ထုံးလုပ်နည်းများ စနစ်တကျမရှိခဲ့သည့်အတွက် မအောင်မြင်ခဲ့ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်မှ ဦးဆောင်၍ လောင်စာဆီနှင့် အီသနောရောနှောရောင်းချရန်အတွက် လိုအပ်သည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ စံ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်လုပ်ဆောင်ပေးပါရန် အထူးလိုအပ်နေပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဟန်သူက လာမည့်နှစ်ကာလသည် COVID – 19 ရောဂါကြောင့် နယ်ပယ်ပေါင်းစုံတွင် ထိခိုက်မှုများရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရငွေ/သုံးငွေရည်မှန်းချက် ပြည့်မီခြင်းမရှိပါက အမျိုးသားစီမံကိန်းများလည်း ရည်မှန်းချက်အပြည့်အဝအောင်မြင်နိုင်မည် မဟုတ်ပါကြောင်း၊ သို့ဖြစ်၍ ၂၀၂၀ – ၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် လိုငွေများပြားမှုအား ပြန်လည်စိစစ်သင့်ပါကြောင်း၊ ယခုကဲ့သို့ ကာလများတွင် အသုံးစရိတ်လျှော့ချပြီး ရငွေပိုမိုရရှိစေရန် ဆောင်ရွက်နိုင်မှသာ နိုင်ငံအတွက် ပိုမိုအကျိုးရှိမည်ဖြစ်သည့်အတွက် ရငွေပိုမိုရရှိနိုင်သည့် နည်းလမ်းများလည်း ရှာဖွေသွားသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း က ဘတ်ဂျက်စစ်ဆေးချိန်တွင် များပြားလှသည့် micro ကိန်းဂဏန်းများအပေါ်တွင်သာ အခြေခံပြီး အချိန်ကုန်နေရသည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ပြင် တင်ပြတောင်းခံလာသည့် တန်ဖိုးသည် မြေပြင်နှင့်လွဲချော်နေခြင်း၊ သုံးစွဲရမည့် လုပ်ငန်းနှင့် ပစ္စည်းတန်ဖိုး မတန်တဆဖြစ်နေခြင်း၊ နိုင်ငံ၏ဘဏ္ဍာရေးအခြေအနေကို ငဲ့ညှာမှုမရှိဘဲ တောင်းခံနေခြင်းများအတွက် အစိုးရအဖွဲ့အနေဖြင့် စံသတ်မှတ်ချက်များဖြင့် စနစ်တစ်ခုတည်ဆောက်ရန် လိုအပ်နေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် အကျိုးရှိပြီး သိလွယ်မြင်လွယ်မှုရှိမည့် ဘတ်ဂျက်နှင့်စီမံကိန်းလျာထားချက်များကို ရေးဆွဲဖော်ဆောင်ပေးစေလိုပါကြောင်းနှင့် အနာဂတ်နိုင်ငံတော်နှင့် နောင်လာမည့် မိမိတို့၏ မျိုးဆက်များအတွက် စဉ်းစားပြီး အလုပ်လုပ်ကိုင်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

## ကျန်းမာရေးအတွက် အလျင်အမြန်ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုဆွေးနွေး

လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီက ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းတို့တွင် သင်ကြားရေးဆရာ၊ ဆရာမများ များစွာလိုအပ်ချက်ရှိနေပါကြောင်း၊ ဆရာ၊ ဆရာမများကို ယခုပညာသင်နှစ်အတွင်း အပြည့်အဝ ခန့်အပ်တာဝန်ပေးနိုင်ပါရန် အကြံပြုလိုပါကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် လက်ထောက်ဆရာဝန်များ ခန့်အပ်တာဝန်ပေးရန် ဆောင်ရွက်ခဲ့သော်လည်း လာရောက်လျှောက်ထားသည့် လက်ထောက်ဆရာဝန်များ နည်းပါးခဲ့ပါကြောင်း၊ ထို့ကြောင့် လက်ထောက်ဆရာဝန်များ ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် မူဝါဒများ ပြန်လည်ပြင်ဆင်ပြီး မိဘပြည်သူများ၏ ကျန်းမာရေးအတွက် အလျင်အမြန်ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စတို့နှင့် စပ်လျဉ်း၍ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ တပ်မတော်သားအမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်ကျော်စိုး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး စိုးလွင်၊ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ဆိပ်ကြီး/ ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေနှင့် ဗန်းမော်မဲဆန္ဒနယ်မှ ဦးကျော်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သည့်နေရာတွင် တစ်နှစ်ထက်တစ်နှစ် တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ရမည်

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) မှ ဒေါက်တာပြည့်ဖြိုးက ဥပဒေကြမ်းအပိုဒ် (၂၃)တွင်ပါရှိသည့် စုစုပေါင်းအသားတင်အမြတ်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်ဆိုသည့်နေရာတွင် ၂၀ ရာခိုင်နှုန်းဖြင့် စည်းကြပ်ရမည်ဟု ပြင်ဆင်ချက်အဆိုကို တင်သွင်းအပ်ပါကြောင်း၊ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သည့်နေရာတွင် တစ်နှစ်ထက်တစ်နှစ် တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အခွန်ပေးဆောင်ရမှုအပေါ် ပြည်သူလူထုအနေဖြင့် အဓိပ္ပာယ်ကောက်ယူမှုမလွဲချော်စေရန်၊ အခွန်ယဉ်ကျေးမှုကို နားလည်သဘောပေါက်စေရန် အခွန်အာဏာပိုင်များအနေဖြင့် စီမံဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်ကျော်မျိုးက နိုင်ငံ၏လိုငွေကို ပြည်ပမှ ချေးငွေရယူဖြည့်ဆည်းလည်ပတ်ပြီး ကြွေးမြီများ ပြန်လည်ပေးဆပ်နေရသည့် ယခုကဲ့သို့ အခြေအနေတွင် နိုင်ငံတော်၏ ရငွေလျာထားချက်များကို ပြည့်မီစေရန်သာမက ရသင့်ရထိုက်သောဝင်ငွေများ အပြည့်အဝရရှိရေး အလေးထားဆောင်ရွက်သင့်ပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်း၏ အပိုဒ်(၁၁)၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် ၃၊ ဇယားအမှတ်စဉ် (၁) က မှ ဃ နှင့် ဇယားအမှတ်စဉ် (၈) က မှ ဏ တို့တွင် ပါရှိသည့် စီးကရက်အမျိုးမျိုးနှင့် အရက်အမျိုးမျိုး အထူးကုန်စည်အခွန်နှုန်းများနှင့် အပိုဒ်(၂၅) တို့ကို စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရကိုယ်စား တင်သွင်းသော ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ်၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး စောထွန်းအောင်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ဩဂုတ် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ပြောကြားသည့် နှုတ်ခွန်းဆက်အမှာစကား

(၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၉ ရက်)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးသို့ တက်ရောက်လာကြတဲ့ နိုင်ငံတော်အစိုးရမှ တာဝန်ရှိသူများ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာနက တာဝန်ရှိသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ အစုအဖွဲ့အသီးသီးက ကိုယ်စားလှယ်တော်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ နိုင်ငံအသီးသီးမှ သံအမတ်ကြီးများ၊ ကိုယ်စားလှယ်များအားလုံး နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေလို့ နှုတ်ခွန်းဆက်သ ဆန္ဒပြုအပ်ပါတယ်။

ယခု ကျင်းပပြုလုပ်တဲ့အခမ်းအနားဟာ စတုတ္ထလို့ ဆိုသော်လည်းပဲ ပါတီစုံ ဒီမိုကရေစီစနစ်၊ ယခင်အစိုးရလက်ထက်လုပ်ခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနဲ့ပါဆိုရင် ပဉ္စမအစည်းအဝေး ဖြစ်ပါတယ်။ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAO)များ စုံစုံလင်လင် တွေ့ဆုံဆွေးနွေးခဲ့တာကို ထည့်သွင်းမှတ်တမ်းပြုကြမယ်ဆိုရင်တော့ ၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်မှာ KNU ပါတီ၊ မွန်ပြည်သစ်ပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီစတဲ့ အမျိုးသားဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု (မဒညတ) ၃ ပါတီနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီတို့နဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့အတွက် အခုအစည်းအဝေးဟာ ဆဋ္ဌမအကြိမ်လို့တောင် ဆိုရပါလိမ့်မယ်။

ကျွန်တော်တို့နိုင်ငံဟာ ၁၈၈၅ ခုနှစ် လွတ်လပ်ရေးမဆုံးရှုံးမီအထိ ဘုရင်စနစ်ကျင့်သုံးခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ ဗမာဘုရင်၊ ရခိုင်ဘုရင်၊ မွန်ဘုရင်စတာတွေရှိခဲ့သလို တောင်တန်းဒေသတွေမှာ ကချင်ဒူဝါးတွေ၊ ရှမ်းစော်ဘွားစတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထုအားလုံးရဲ့ စည်းလုံးမှုနဲ့ ပထမမြန်မာနိုင်ငံတော်(ပုဂံခေတ်)၊ ဒုတိယမြန်မာနိုင်ငံတော်(တောင်ငူခေတ်)၊ တတိယမြန်မာနိုင်ငံတော် (ကုန်းဘောင်ခေတ်)တို့ကို စုစည်းတည်ထောင်နိုင်ခဲ့ပါတယ်။ အင်္ဂလိပ်တို့အနေနဲ့ မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး ၁၈၂၄ ခုနှစ်မှာ ရခိုင်-တနင်္သာရီဒေသ၊ ၁၈၅၂ ခုနှစ်မှာ အောက်မြန်မာနိုင်ငံနဲ့ ၁၈၈၅ ခုနှစ်မှာတော့ တစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့ပါတယ်။ နယ်ချဲ့တွေက မြန်မာနိုင်ငံကို သူတို့ရဲ့ အင်ပါယာလက်အောက်ခံနိုင်ငံအဖြစ် သွတ်သွင်းပြီးကတည်းက မြန်မာ့လွတ်လပ်ရေးဆုံးရှုံးခဲ့ရသလို ဘုရင်စနစ်အုပ်ချုပ်ရေးဟာလည်း နိဂုံးချုပ်ခဲ့ပြီးဖြစ်ပါတယ်။ သွေးခွဲအုပ်ချုပ်မှုကို ပုံဖော်တဲ့အနေနဲ့ နယ်ချဲ့တွေက တောင်တန်းဒေသတွေမှာ ယခင်ကရှိခဲ့တဲ့ စော်ဘွားအုပ်ချုပ်ရေးစနစ်၊ ဒူဝါးအုပ်ချုပ်မှုပုံစံစတာတွေကို ၎င်းတို့ရဲ့ အပြည့်အဝ ကြီးကြပ်မှုအောက်မှာထားခဲ့တာကိုလည်း သတိချပ်စေလိုပါတယ်။ ဒါတွေဟာလည်း မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး ၁၉၅၉ ခုနှစ်ကတည်းက ပြီးဆုံးခဲ့ပြီးဖြစ်ပါတယ်။

### အခြေခံအုတ်မြစ်များ ဆောင်ရွက်ပေးခဲ့

ကျွန်တော်တို့နိုင်ငံဟာ ကိုလိုနီခေတ်မှာ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေးစတဲ့ အုပ်ချုပ်ရေးစနစ်ပေါင်းစုံနဲ့ ကြုံတွေ့ခဲ့ရပြီး ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးခေတ်မှာ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်မှာ အိမ်စောင့်အစိုးရ၊ တော်လှန်ရေးကောင်စီအစိုးရတို့ အုပ်ချုပ်ခဲ့ပြီး ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရက ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးအုပ်ချုပ်ခဲ့တာဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေး လှုပ်ရှားမှုများနဲ့အတူ ပေါ်ပေါက်လာတဲ့ မငြိမ်သက်မှုများကြောင့် ၂၀၁၀ ပြည့်နှစ်အထိ နဝတ၊ နယကအစိုးရများက အုပ်ချုပ်ခဲ့ပြီး ပြည်သူလူထုတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရေး အခြေခံအုတ်မြစ်များ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်ကနေ ယနေ့အထိ ပြည်သူ့ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့ ကျင့်သုံးလျက်ရှိနေပါတယ်။ ဒါတွေကို ကျွန်တော် ပြန်ပြောင်းပြောနေရတာကလည်း ကျွန်တော်တို့နိုင်ငံရဲ့ အုပ်ချုပ်ရေးစနစ် ပြောင်းလဲလာမှုအဆင့်ဆင့်ကို သတိပြုနိုင်ဖို့ဖြစ်ပါတယ်။

ဒီနေ့ကမ္ဘာမှာ ဘုရင်စနစ်အုပ်ချုပ်တဲ့ နိုင်ငံအချို့ရှိနေသေးသော်လည်း ယခင်ကျင့်သုံးခဲ့တဲ့ပုံစံနဲ့ များစွာခြားနားပြီး အကန့်အသတ်နဲ့သာ ထားရှိနေတာ တွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံမှာ ယခင်ကရှိခဲ့တဲ့ ဘုရင်စနစ်၊ စော်ဘွားစနစ်၊ ပါလီမန်စနစ်၊ ဆိုရှယ်လစ်စနစ်စတာတွေဟာလည်း ပြီးဆုံးခဲ့ပြီဖြစ်ပါတယ်။ ယခုကျွန်တော်တို့သွားနေတာက ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပါတယ်။ ဒါ့ကြောင့် အတိတ်က ဘာတွေဖြစ်ခဲ့တယ်ဆိုတာ တမ်းတနေလို့မရဘဲ သင်ခန်းစာရယူပြီး ပြည်သူများရဲ့ ဆန္ဒနဲ့အညီ ကျင့်သုံးဖော်ဆောင်နေတဲ့ ပါတီစုံဒီမိုကရေစီစနစ်မှာပဲ လက်တွဲညီညီ ပါဝင်လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် နှုတ်ခွန်းဆက်အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

### သာတူညီမျှအခွင့်အရေးရှိကြ

ငြိမ်းချမ်းရေးအကြောင်းကိုပြောတဲ့အခါမှာ ဆွေးနွေးပွဲတွေ၊ ရေးသားမှုတွေမှာ ကျွန်တော် အမြဲတမ်းတွေ့နေရတာက "တိုင်းရင်းသားအခွင့်အရေး" ဆိုတဲ့ကိစ္စ၊ "လူနည်းစုအခွင့်အရေး" ဆိုတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး ပြောလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားလူမျိုးစု ၁၃၀ ကျော် ရှိပါတယ်။ အားလုံးသည် တန်းတူရည်တူအခွင့်အရေး၊ သာတူညီမျှအခွင့်အရေးရှိကြပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း နိုင်ငံသူ၊ နိုင်ငံသားအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အခွင့်အရေးတွေ၊ ကတိကဝတ်တွေကို အခန်း(၁)၊ နိုင်ငံတော် အခြေခံမူများအခန်းနဲ့ အခန်း(၈)၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းမှာ ပြည့်ပြည့်စုံစုံထည့်သွင်းရေးသားပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ပြောရရင် ကမ္ဘာ့လူ့ အခွင့်အရေး ကြေညာစာတမ်း(Universal Declaration of Human Rights-UDHR) ပါ လူသားတိုင်းအတွက် ရပိုင်ခွင့် စံချိန်စံညွှန်းတွေထက် မလျော့ပါဘူး။

ကျွန်တော်တို့နိုင်ငံမှာ တန်းတူညီမျှအခွင့်အရေးမရှိရင် ခွဲခြားဆက်ဆံမှုတွေရှိနေရင် ဒီလို "တိုင်းရင်းသားအခွင့်အရေး"၊ "လူနည်းစုအခွင့်အရေး" ဆိုတာတွေကို ပြောရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့နိုင်ငံမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးစတဲ့ မည်သည့်ကိစ္စမှာမှ လူများစု၊ လူနည်းစု ခွဲခြားထားတာမရှိပါဘူး။

ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရပြီး နိုင်ငံတော်ရဲ့အကြီးအကဲ၊ ပထမဆုံးသမ္မတဟာ ရှမ်းတိုင်းရင်းသား စဝ်ရွှေသိုက်ပါ။ ပြီးရင် ကရင်တိုင်းရင်းသား မန်းဝင်းမောင် ဖြစ်ပါတယ်။ ဒီနေ့ ပါတီစုံဒီမိုကရေစီခေတ်မှာ ပြည်ထောင်စုအဆင့်အထိ တာဝန်ယူနေကြတဲ့ တိုင်းရင်းသားများ ရှိပါတယ်။ ယင်းပုဂ္ဂိုလ်များဟာ သတ်မှတ်ထားသည့် အရည်အချင်းများနဲ့ ကိုက်ညီလို့သာ ဖြစ်ပါတယ်။ ယခင်ကလည်း ဗမာပညာရှိတွေရှိခဲ့သလို၊ မွန်ပညာရှိတွေ၊ ရခိုင်ပညာရှိတွေစတဲ့ ထင်ရှားတဲ့ တိုင်းရင်းသားပညာရှိများလည်း ရှိပါတယ်။ မြန်မာနိုင်ငံသားအားလုံးသည် မိမိကြိုးစားမှုအပေါ်မှာမူတည်ပြီး ရရှိသင့်တဲ့ အခွင့်အရေး ရရှိကြမှာဖြစ်ပါတယ်။

ကျွန်တော် မကြာခဏပြောခဲ့သလို အားလုံးမြန်မာစိတ်မွေးပြီး "ငါတို့အားလုံးသည် မြန်မာ" (We are Myanmar) ဆိုတဲ့ စိတ်ဓာတ်ထားနိုင်ဖို့ လိုပါတယ်။ "တိုင်းရင်းသားအခွင့်အရေး"၊ "လူနည်းစုအခွင့်အရေး" ဆိုတဲ့ အားငယ်တဲ့စိတ်၊ သံသယစိတ်ဝင်ပြီး ယုံကြည်မှုကို ထိခိုက်စေတဲ့စိတ်၊ သွေးကွဲမှုကိုအားပေးပြီး စည်းလုံးညီညွတ်ရေးကို ပျက်ပြားစေတဲ့စိတ်တွေ၊ အပြောအဆို အသုံးအနှုန်းတွေကို ရှောင်ရှားဖို့လိုပါတယ်။

**"ကျွန်တော်တို့နိုင်ငံမှာ ယခင်ကရှိခဲ့တဲ့ ဘုရင်စနစ်၊ စော်ဘွားစနစ်၊ ပါလီမန်စနစ်၊ ဆိုရှယ်လစ်စနစ်စတာတွေဟာလည်း ပြီးဆုံးခဲ့ပြီဖြစ်ပါတယ်။ ယခု ကျွန်တော်တို့သွားနေတာက ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပါတယ်။ ဒါ့ကြောင့် အတိတ်က ဘာတွေဖြစ်ခဲ့တယ်ဆိုတာ တမ်းတနေလို့မရဘဲ သင်ခန်းစာရယူပြီး ပြည်သူများရဲ့ဆန္ဒနဲ့အညီ ကျင့်သုံးဖော်ဆောင်နေတဲ့ ပါတီစုံဒီမိုကရေစီစနစ်မှာပဲ လက်တွဲညီညီ ပါဝင်လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်"**

အဲဒီစိတ်ဟာ သက်ဆိုင်သူများရဲ့ စိတ်ဓာတ်ခွန်အားကိုလည်း ဆွဲချနေတာနဲ့ အတူတူဖြစ်ပါတယ်။ လူ့သဘောသဘာဝအရ လိုချင်တပ်မက်တဲ့စိတ်၊ မိမိက ပိုပြီးလိုချင်တဲ့ စိတ်ရှိကြမှာပဲဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ စုပေါင်းနေထိုင်ကြတဲ့မိသားစု၊ ပြည်ထောင်စုဆိုတာလည်း သတိထားရမှာပဲဖြစ်ပါတယ်။ အခွင့်အရေးဆိုတာ တောင်းယူရမယ်ဆိုတဲ့ အယူအဆမျိုး၊ အဲဒီအယူအဆမျိုးဟာ ကြိုးစားလိုတဲ့စိတ်၊ ပူးပေါင်းဆောင်ရွက်လိုတဲ့စိတ်ကို ဖျက်ဆီးပစ်လိုက်တာနဲ့ အတူတူပဲဖြစ်ပါတယ်။ ကြိုးစားရယူခြင်းဖြင့် ရရှိရမယ်ဆိုတဲ့စိတ်ကို မြှင့်တင်ပေးနိုင်မှ ကျွန်တော်တို့ရည်မှန်းတဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါမှသာ တစ်သွေးတည်း၊ တစ်သားတည်းဆိုတဲ့ စည်းလုံးညီညွတ်မှုကိုရရှိနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးက ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဝိုင်းလုပ်ကြရမှာပါ။ လက်ညှိုးထိုးနေလို့ မရပါဘူး။

တိုင်းရင်းသားကိစ္စများနဲ့ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ မှာ တိုင်းရင်းသားများရဲ့ စာပေ၊ စကား၊ အနုပညာ၊ ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရေး၊ အချင်းချင်းစည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်က ကူညီဆောင်ရွက်ထားရမှာတွေကို ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ပုဒ်မ ၄၉ အရ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ သတ်မှတ်ခဲ့သလို ပုဒ်မ ၅၆ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကိုလည်း သတ်မှတ်ပေးထားပါတယ်။ ဒါ့အပြင် ပုဒ်မ ၁၆၁(ခ)နဲ့ (ဂ)အရ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ တိုင်းရင်းသားလူမျိုးဦးရေဟာ နိုင်ငံ့လူဦးရေရဲ့ သုည ဒသမ တစ် ရာခိုင်နှုန်း ရှိနေလျှင် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တွေမှာ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးကိစ္စတွေမှာ ဒါ့ထက်ပိုပြီး ကိုယ်စားပြုပါဝင်ကြမယ်ဆိုရင် ယခုထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုတဲ့စနစ် ဖြစ်လာချင်တယ်ဆိုရင် ရွေးကောက်ပွဲစနစ်ပုံစံကို ယခုကျင့်သုံးနေတဲ့ပုံစံနဲ့ အချိုးကျ ကိုယ်စားပြုခြင်းစနစ် (Pro-portional Representation-PR) ကို နှိုင်းယှဉ်စဉ်းစားသင့်ကြောင်း အကြံပြုလိုပါတယ်။

### ပေါင်းစည်းနေထိုင်ခြင်းနဲ့ မျှဝေခံစားခြင်း

ဒီမိုကရေစီစနစ်နဲ့ ဖက်ဒရယ်စနစ်တို့ကို အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ ဒီမိုကရေစီဆိုတာ of the People - ပြည်သူပိုင်တဲ့ ဒီမိုကရေစီ၊ for the People - ပြည်သူ့အတွက်ဒီမိုကရေစီ၊ by the People - ပြည်သူလူထုက ရွေးချယ်သော ဒီမိုကရေစီလို့ ဆိုကြပါတယ်။ အဓိကကတော့ ပြည်သူ့အုပ်ချုပ်ရေးစနစ်ပဲ ဖြစ်ပါတယ်။ အများရဲ့ဆန္ဒနဲ့အညီ ရွေးချယ်ထားတဲ့အုပ်ချုပ်ရေးစနစ်ပဲ ဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ဆိုတာဟာလဲ "မတူကွဲပြားနေတဲ့ တိုင်းဒေသများ၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှာ လုပ်ဆောင်နိုင်ခွင့်များကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားတစ်ရပ်" ပဲ ဖြစ်ပါတယ်။ အနှစ်ချုပ်ပြောရရင် ပေါင်းစည်းနေထိုင်ခြင်းနဲ့ မျှဝေခံစားခြင်း သဘောတရားပဲဖြစ်ပါတယ်။ ဒီနေရာမှာ အယူအဆသဘောတရားတစ်ရပ်သာဖြစ်လို့ ဖက်ဒရယ်စနစ်ကို တစ်သမတ်တည်း ပုံသေသတ်မှတ်လို့မရဘဲ နိုင်ငံအလိုက်ကွဲပြားခြားနားတဲ့ ပထဝီဒေသ၊ လူမျိုးဘာသာများအပေါ် အခြေခံပြီး အမျိုးမျိုးကွဲပြားသွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့ ချုပ်ဆိုထားတဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပထမပိုဒ်မှာ "ဒီမိုကရေစီနှင့်ဖက်ဒရယ် တို့ကို အခြေခံသည့် ပြည်ထောင်စုစနစ်" ကို တည်ဆောက်ရမယ်လို့ ကျွန်တော်တို့ သဘောတူညီထားခဲ့ကြပါတယ်။

"ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စု" တည်ဆောက်ဖို့ အခြေခံလိုအပ်ချက်က ပြည်တွင်းငြိမ်းချမ်းရေးပဲ ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးတို့အတွက် လွတ်လပ်ရေးရပြီးကတည်းက မြန်မာနိုင်ငံအစိုးရအဆက်ဆက် ကြိုးပမ်းခဲ့ကြပါတယ်။ တပ်မတော်အနေနဲ့လည်း တက်ကြွစွာပါဝင်ခဲ့ပါတယ်။ သို့သော် ဒီနေ့အထိ ငြိမ်းချမ်းရေး ဘာကြောင့် မရသေးသလဲဆိုတာ လေ့လာဆန်းစစ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ယခင်အခမ်းအနားတွေ၊ တွေ့ဆုံမှုတွေ၊ ဆွေးနွေးပွဲတွေမှာလည်း ကျွန်တော်တော်တော်များများပြောခဲ့ပြီး ဖြစ်ပါတယ်။ ဒီနေ့မှာတော့ အဓိကကျနိုင်တဲ့ အချက် ၃ ချက်ကို ကျွန်တော် ပြောလိုပါတယ်။ အဲဒါတွေကတော့ (တစ်) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်တဲ့အခါမှာ မရိုးသားမှု၊ (နှစ်) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အခြားလုပ်ငန်းစဉ်တွေနဲ့ တွဲဆက်ထားလိုမှု၊ (သုံး) တိကျပြတ်သားတဲ့အခြေခံမူအပေါ်မှာ ခိုင်မြဲစွာရပ်တည်နိုင်မှု အားနည်းခြင်းတို့ပဲ ဖြစ်ပါတယ်။

ပထမအချက်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာမှာ ပါဝင်ပတ်သက်နေတဲ့အဖွဲ့အစည်း(Stakeholder)တွေဟာ ရိုးသားကြဖို့လိုပါတယ်။ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရပြီးစ ကတည်းက ဖဆပလအစိုးရဟာ အဲ့ဒီခေတ်က အင်အားကြီးမားခဲ့တဲ့ ဗကပ လက်နက်ကိုင်တွေနဲ့

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

စေ့စပ်ညှိနှိုင်းနိုင်ရေး အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအခြေအနေအပေါ်မှာ ဗကပအနေနဲ့ အခွင့်အရေးယူဖို့ အမြတ်ထုတ်ဖို့ပဲ အစဉ်တစိုက်လုပ်ဆောင်ခဲ့ပါတယ်။ သူတို့ရဲ့ "၅၅ လမ်းစဉ်" လို့ ပြောရမယ့် ၁၉၅၅ ခုနှစ် ဗကပဗဟိုကော်မတီရဲ့ ချမှတ်လိုက်တဲ့လမ်းစဉ်မှာ "ပြည်သူလူထုရဲ့ ဆန္ဒနှင့်ကိုက်ညီသည့် 'ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး' ကြွေးကြော်သံတစ်ရပ်ကို နည်းပရိယာယ်တစ်ခုအနေဖြင့် ထုတ်ပြန်ပြီး ဤကြွေးကြော်သံဖြင့် လူထုကိုစည်းရုံးရမည်။ ပြည်တွင်းစစ်ကို ဖန်တီးသောတရားခံသည် ဖဆပလအစိုးရသာ ဖြစ်ကြောင်း လှုံ့ဆော်ဖန်တီးရမည်"လို့ ချမှတ်ထားတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ဒါကို ပြန်ပြောနေရခြင်းဟာ ဒီနေ့လက်တွေ့ဖြစ်နေတဲ့ အခြေအနေတွေကို ထင်ဟပ်စေချင်လို့ ဖြစ်ပါတယ်။ ဒီနေ့မှာလည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေဟာ တပ်မတော်ကြောင့်ပဲ ဖြစ်ပွားသယောင် သမိုင်းကိုလုပ်ကြံဖန်တီးနေတာကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ အချို့နိုင်ငံရေးပါတီများနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ ဗကပရဲ့ ၁၉၅၅ ခုနှစ် လမ်းစဉ်အတိုင်းပဲ ဖဆပလအစိုးရဆိုတဲ့ စကားရပ်နေရာမှာ တပ်မတော်ကိုအစားထိုးပြီး လုပ်ကြံဖန်တီးထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေဟာ တပ်မတော်ရယ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(EAO)တွေနဲ့သာ သက်ဆိုင်ပြီး နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို တာဝန်ယူထားရတဲ့ အစိုးရနဲ့ မသက်ဆိုင်ဘူးဆိုတဲ့ အယူအဆ၊ အစိုးရက ကြားနေ သို့မဟုတ် ဒိုင်သဖွယ်ဆောင်ရွက်ပေးမယ်ဆိုတဲ့ အယူအဆတွေ၊ အပြောအဆိုတွေကိုလည်း ကျွန်တော်တို့ ကြားသိနေရပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေဟာ နိုင်ငံတော်ကို ဆန့်ကျင်နေတာဖြစ်ပါတယ်။ တက်လာတဲ့ အစိုးရတွေကို ဆန့်ကျင်နေတာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်နဲ့အစိုးရတိုင်းကို တပ်မတော်က ကာကွယ်ပေးနေတယ်ဆိုတာ ဖြစ်စဉ်ဖြစ်ရပ်များအပေါ် ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာကြည့်ရင် တွေ့နိုင်ပါတယ်။ ၁၉၅၀ ပြည့်နှစ်လောက်က အတွေးအခေါ် အယူအဆတွေနဲ့ လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေကို ဆက်လက်မောင်းနှင်နေလိုတဲ့ သဘောထားတွေဟာ မရိုးဖြောင့်ဘူးလို့ပဲ ကျွန်တော်တို့ ပြောလိုပါတယ်။ အဲဒီခေတ်က ခေတ်စားခဲ့တဲ့စကားနဲ့ပဲ ပြန်ပြောရရင် "ဆိတ်ခေါင်းချိတ်ပြီး ခွေးသားရောင်းဖို့ မကြိုးစားပါနဲ့" လို့ပဲ ဆိုချင်ပါတယ်။ တပ်မတော်ဟာ ဖြတ်သန်းလာခဲ့တဲ့ အတွေ့အကြုံအရ မဖြစ်သင့်မဖြစ်ထိုက်တာတွေမဖြစ်အောင်၊ ဖြစ်သင့်ဖြစ်ထိုက်တာတွေဖြစ်အောင် ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ တပ်မတော်ဟာ ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန်အဖြစ် ဦးထိပ်ပန်ဆင်ပြီး ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ကျွန်တော်ပြောလိုတာကတော့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အခြားလုပ်ငန်းစဉ်နဲ့ တွဲဆက်ထားလိုမှုပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ အမျိုးသားရေး အကျိုးစီးပွား(National Interests)ထက် အရေးကြီးတာ ဘာမျှမရှိပါဘူး။ ဒီမိုကရေစီစနစ်တည်ဆောက်ရာမှာ "ဥပဒေရဲ့အထက်မှာ မည်သူမျှမရှိရ" ဆိုတဲ့စကားရပ်ဟာ ဒီမိုကရေစီ အုတ်မြစ် တည်တံ့ခိုင်မြဲစေဖို့ အခြေခံလိုက်နာရမယ့်အချက်ဖြစ်သလို နိုင်ငံတည်ဆောက်ရေး(State Building)၊ တိုင်းပြည်တည်ဆောက်ရေး(Nation Buliding)တည်ဆောက်ရာမှာလည်း "အမျိုးသားအကျိုးစီးပွား၏အထက်မှာ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းမျှမရှိရ" ဆိုတာ ခံယူကြရမှာ ဖြစ်ပါတယ်။ ယနေ့ဖြစ်စဉ်များကို သုံးသပ်ကြည့်ရင် ကျွန်တော်တို့ တွေ့နိုင်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ပဲ ဖြစ်ပါတယ်။ ဒီအရေးကိစ္စတွေအတွက် ကျွန်တော်တို့ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်တွေဟာ ဒီအမျိုးသား အကျိုးစီးပွားအပေါ်မှာ အစဉ်တစိုက်ရပ်တည်နေဖို့၊ ရည်ညွှန်းနေဖို့ လိုပါတယ်။ ဒီလိုမဟုတ်ဘဲ ပုဂ္ဂလိကဆန္ဒတွေ၊ နိုင်ငံရေးလိုဘတွေ၊ အဖွဲ့အစည်းတစ်ခုရဲ့ အကျိုးစီးပွားတွေအပေါ်မှာသာ အခြေခံတွက်ချက်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို အခြားလုပ်ငန်းစဉ်တွေနဲ့ တွဲဆက်ထားတာဟာ မူလအဓိကဖြစ်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်မှာကော၊ တွဲဆက်ထားတဲ့ လုပ်ငန်းစဉ်တွေကိုကော အောင်မြင်မှုနဲ့ အလှမ်းဝေးစေမှာ ဖြစ်ပါတယ်။ "တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်" ဆိုတဲ့ မြန်မာဆိုရိုးဟာလှပပေမယ့် တစ်ကယ့်တကယ်လက်တွေ့ဘဝမှာတော့ "တစ်ချက်ခုတ်ရင် တစ်ချက်ပြတ်" နိုင်ဖို့ဟာ ပိုအရေးကြီးတယ်လို့ ယူဆပါတယ်။

တတိယအချက်အနေနဲ့ "တိကျပြတ်သားတဲ့ အခြေခံမှုအပေါ်မှာ ခိုင်မြဲစွာရပ်တည်ရေး" ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အခြေခံမှုများရှိပြီး ဖြစ်ပါတယ်။ အခြေခံမှုကတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပဲ ဖြစ်ပါတယ်။ NCA စာချုပ် ဘယ်လိုဖြစ်ပေါ်လာတာလဲ၊ NCA ထဲမှာ ဘာတွေပါတယ်၊ NCA ဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လို့ အမည်တပ်ထားပေမယ့် NCA ထဲမှာပါတဲ့ သဘောတူညီချက်တွေ၊ ရှေ့ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုတာထက် ပိုမိုကျယ်ပြန့်တယ်။ အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကို ဘယ်လိုတည်ဆောက်ကြမယ်ဆိုတာအထိ ပါတယ်ဆိုတာကို ကျွန်တော် အကြိမ်ကြိမ်ရှင်းလင်းပြပြီး ဖြစ်ပါတယ်။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းမှာ ဒီလိုအဖွဲ့အစည်းများစွာနဲ့ အချိန်ယူညှိနှိုင်းဆွေးနွေးပြီး သဘောတူလက်မှတ်ရေးထိုးထားနိုင်ခဲ့တာ မရှိခဲ့ပါဘူး။ ဒ့ါကြောင့် NCA ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေရဲ့ အခြေခံမှုဖြစ်ပါတယ်။ ဒီအပေါ်မှာ ယိမ်းယိုင်နေလို့ မရပါဘူး။ တာဝန်ရှိသူများကိုယ်တိုင် ဒီစာချုပ်အပေါ်မှာ သဘောထားဝေဝါးနေတာ၊ ရပ်တည်ချက် ယိမ်းယိုင်နေတာတွေဟာ အန္တရာယ်များပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပြီး ခိုင်ခိုင်မာမာရပ်တည်ကာ အင်တိုက်အားတိုက်လုပ်ကိုင်ကြဖို့ ကျွန်တော်တိုက်တွန်းလိုပါတယ်။

ဆေးပညာရပ်ဆိုင်ရာမှာ "ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုပြီးကောင်းတယ်" ဆိုတဲ့ စကားရပ်ရှိပါတယ်။ ယခုလက်ရှိ ကမ္ဘာတစ်ဝန်းမှာ ဖြစ်ပွားနေတဲ့ Covid-19 ကပ်ရောဂါဟာ ကုသဖို့ဆေး ယခုအချိန်ထိမရှိသေးပါဘူး။ ဒီကုသဖို့ဆေး ခုထိမရှိသေးတဲ့ ကမ္ဘာ့ကပ်ရောဂါကို ကျွန်တော်တို့ ကမ္ဘာ့လူသားတွေ ဘယ်လိုရင်ဆိုင်နေကြသလဲ။ ကာကွယ်ခြင်းနဲ့ ရင်ဆိုင်နေကြရတာပါ။ ကိုယ်ခံအားကောင်းစေခြင်းနဲ့ ရင်ဆိုင်နေကြရတာပါ။ တပ်မတော်ရဲ့အဓိက တာဝန်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန် ဖြစ်ပါတယ်။ ကာကွယ်ရေးဆိုတဲ့ စကားရပ်ဟာ အလွန်ကျယ်ပြန့်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးဆိုတာဟာ နိုင်ငံတစ်နိုင်ငံရဲ့ နယ်နိမိတ်ကို ကာကွယ်ခြင်း၊ ပြည်သူလူထုရဲ့ အသက်၊ အိုးအိမ်စည်းစိမ်ကို ကာကွယ်ခြင်းဆိုတဲ့ နယ်ပယ်လောက်နဲ့တင် ပြည့်စုံနေပြီလို့ ယူဆလို့မရပါဘူး။ နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ခြင်း၊ နိုင်ငံရဲ့အနာဂတ်ကို ကာကွယ်ခြင်းအထိ ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်စီမံနိုင်ဖို့ လိုအပ်ပါတယ်။ ကိုယ်ခံအားလို့ခေါ်တဲ့ နိုင်ငံရဲ့ စည်းလုံးညီညွတ်မှုကို ကျစ်လစ်ခိုင်မာတောင့်တင်းအောင် တည်ဆောက်ဖို့ လိုပါတယ်။ နိုင်ငံနယ်နိမိတ်ကို ကာကွယ်ခြင်း၊ အချုပ်အခြာအာဏာကို ကာကွယ်ခြင်း၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ခြင်းကနေ နိုင်ငံရဲ့ စည်းလုံးညီညွတ်မှုကို ပြိုကွဲစေမယ့်ကိစ္စတွေ၊ နိုင်ငံရဲ့ အမျိုးသားရေး ကိုယ်ခံစွမ်းအားကို ယုတ်လျော့စေမယ့်ဟာတွေကို ကျွန်တော်တို့ စွန့်လွှတ်ရပါမယ်။ သတိရှိရှိ ဖော်ထုတ်ကြရပါမယ်။ ပူးပေါင်းကာကွယ်ကြရပါမယ်။

ကျွန်တော်တို့ နိုင်ငံရဲ့ စည်းလုံးမှု၊ အမျိုးသားရေးကိုယ်ခံစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကို ယုတ်လျော့စေမယ့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေ အမြန်ဆုံးချုပ်ငြိမ်းစေဖို့ တပ်မတော်အနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့သလို ပစ္စုပ္ပန်မှနေ အနာဂတ်အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ဖို့ တပ်မတော်အနေနဲ့ နိုင်ငံတော်တည်ငြိမ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး မူဘောင် ၃ ရပ်ကို ချမှတ်ပြီး နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ စည်းလုံးညီညွတ်ရေးနဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းပြည်ရဲ့ ပကတိလိုအပ်ချက်က ပြည်နယ်နဲ့ တိုင်းဒေသကြီး တစ်ခုချင်းစီအတွင်းမှာပဲ ဖွံ့ဖြိုးတိုးတက်မှု ကွာဟနေတာတွေ၊ ကျေးလက်နဲ့ မြို့ပြအကြား လူနေမှုစနစ်ကွာဟနေတာတွေ၊ ဆင်းရဲချမ်းသာကွာဟနေတာတွေကို ထိထိရောက်ရောက် လက်တွေ့လျှော့ချနိုင်ရမှာ ဖြစ်ပါတယ်။ ပြည်တွင်းကွာဟချက်များ လျှော့ချခြင်းကနေ ဒေသတွင်းနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေနဲ့ မိမိတို့နိုင်ငံအကြား ကွာဟမှုတွေကို လျှော့ချနိုင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ သဘာဝသယံဇာတ အပါအဝင် အရင်းအမြစ်ပေါကြွယ်ဝတဲ့နိုင်ငံလို့ ပြောကြပါတယ်။ မှန်သင့်သလောက် မှန်ပေမယ့် အလုံးစုံမမှန်ပါဘူး။ ရှိပြီးသား ရုပ်ဝတ္ထုအရင်းအမြစ်တွေကို အကျိုးရှိရှိအသုံးချနိုင်မယ့် အသိပညာ၊ အတတ်ပညာ မြင့်မားကျွမ်းကျင်မှုရှိတဲ့ လူသားအရင်းအမြစ်တွေကတော့ ချို့တဲ့နေဆဲဖြစ်ပါတယ်။

သာဓကအနေနဲ့ ပြောရရင် ၂၀၁၄ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ ကျွန်တော်တို့ နိုင်ငံရဲ့ လူဦးရေနှင့် သန်းခေါင်စာရင်းအရ ပညာသင်ကြားရမယ့်အရွယ် အသက် ၅ နှစ်ကနေ ၂၁ နှစ် အထက် အုပ်စု(၅)ခုကို မွေးစာရင်း ကောက်ယူတဲ့အခါမှာ လူဦးရေ ၅ ဒသမ ၆ သန်းက လုံးဝကျောင်းမနေဖူးဘူးလို့ ကောက်ယူရရှိခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေ ၅၄ သန်းရှိပါတယ်။ စောစောက ၅ ဒသမ ၆ သန်းဟာ ကျောင်းမနေဖူးဘူး၊ ပညာတတ်မြောက်မှု အားနည်းတယ်ဆိုတဲ့ သဘောပါပဲ။ ၁၉၉၇ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ ၂၂ နှစ်တာကာလ တိုင်းပြည်ရဲ့ အခြေခံပညာရည်စစ်တမ်းများကို ကျွန်တော်လေ့လာကြည့်တဲ့အခါမှာ ဒီ ၂၂ နှစ်အတွင်းမှာ အခြေခံပညာကျောင်းများမှာ ကျောင်းနေတဲ့ ကလေး ၂၇ သန်းရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်အထိ ၂၂ သန်း ကျောင်းနေခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် ပဉ္စမတန်းအထိ ပညာသင်ကြားသူ ၁၂ သန်းပဲ ရှိပါတယ်။ ကျောင်းနေတဲ့သူတွေထဲက ထက်ဝက်ကျော်ဟာ မူလတန်းပညာရေးမှာပဲ လမ်းဆုံးသွားခဲ့တာပါ။

ဒီလိုပဲ ၂၀၀၀ ပြည့်နှစ်က စပြီး ၂၀၀၉ ခုနှစ်အထိ ၁၀ နှစ်စာ စာရင်းကို လေ့လာကြည့်တဲ့အခါမှာလည်း ကျောင်းနေသူ ၁၂ သန်း ရှိတယ်။ ပဉ္စမတန်း၊ အခြေခံပညာ အလယ်တန်းကို ရောက်ရှိတာ ၆ သန်းနဲ့ ၄ သိန်းပဲ ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့နိုင်ငံရဲ့ လက်တွေ့ပညာရေးအခြေအနေပဲ ဖြစ်ပါတယ်။ အဲဒီ ၁၉၉၇ ခုနှစ် ပတ်ဝန်းကျင်ကနေ ၂၀၀၂ ခုနှစ် အတွင်း ကျောင်းနေခဲ့တဲ့အရွယ် ကလေးများဟာ ဒီနေ့မှာ အသက် ၁၈ နှစ်ပြည့်ပြီး ရွေးကောက်ပွဲမှာ ဆန္ဒမဲ ပေးကြမယ့် လူငယ်လူရွယ်တွေပဲ ဖြစ်ပါတယ်။ အနာဂတ်မှာ ပုံဖော်မယ့်သူများ ဖြစ်ပါတယ်။

ဒ့ါကြောင့် ပြည်သူလူထုတစ်ရပ်လုံး ပညာရည်မြင့်မားရေး ဆောင်ရွက်ပေးဖို့လိုအပ်ကြောင်း ကျွန်တော် ပြောလိုပါတယ်။ ပညာသင်ကြားခြင်းဟာ သင်ကြားတဲ့ အတတ်ပညာများကို ယေဘုယျအားဖြင့် တိုက်ရိုက်အသုံးချဆောင်ရွက်ခြင်းထက် ပညာသင်ကြားသူ၏ ကိုယ်ရည်ကိုယ်သွေး အတွေးအခေါ်နဲ့ ဆင်ခြင်သုံးသပ်နိုင်စွမ်းကို မြှင့်တင်ခြင်းဖြစ်တယ်လို့ လေ့လာမှတ်သားမိပါတယ်။ ပညာရေးအပေါ်မူတည်ပြီးတော့ နိုင်ငံတွေဟာ ဖွံ့ဖြိုးပြီးနိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ဖွံ့ဖြိုးမှုနောက်ကျသည့်နိုင်ငံလို့ ကွဲပြားခြားနားနေပါတယ်။ လူတွေမှာလည်း ဒီလိုပဲဖြစ်ပါတယ်။

ပညာရေးနဲ့ စွမ်းဆောင်ရည်အပေါ်မူတည်ပြီးတော့ အလုပ်အကိုင်ရရှိမှု၊ တာဝန်ပေးမှု၊ တာဝန်ထမ်းဆောင်မှုတွေ ကွာခြားသွားမှာ ဖြစ်ပါတယ်။ အရိုးရှင်းဆုံး ပြောရရင်တော့ အတန်းပညာတတ်လိုရင် ပထမဆုံးကျောင်းနေရမှာ ဖြစ်ပါတယ်။ ပြီးရင်သင်ယူလေ့လာပြီး စာမေးပွဲဖြေရမှာ ဖြစ်ပါတယ်။ ဒါတွေဟာ မိမိကိုယ်တိုင်လုပ်ရမယ့် အလုပ်တွေ ဖြစ်ပါတယ်။ မိဘတွေ၊ အုပ်ထိန်းသူတွေလုပ်ပေးနိုင်တာက ကျောင်းအပ်နှံပေးတာနဲ့ ပညာကြိုးစားဖို့ လုံလောက်တဲ့အခြေအနေ ဖန်တီးပေးတာပဲ ဖြစ်ပါတယ်။ ဒီရိုးရှင်းတဲ့ သဘောတရားကို သဘောပေါက်ရင် ကွာခြားနေမှုဆိုတဲ့ကိစ္စတွေကို ပြောင်းလဲပစ်နိုင်မှာ ဖြစ်ပါတယ်။ တောင်းဆိုနေစရာ မလိုပါဘူး။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ အတွင်းမှာ ကျင်းပခဲ့တဲ့ NCA စာချုပ်ချုပ်ဆိုခြင်း (၄)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားမှာ "ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အောင်မြင်စွာတည်ဆောက်နိုင်ဖို့ ဘယ်သူကမှ လာရောက်ကြိုးပမ်းပေးမှာ မဟုတ်ဘူး။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီဖက်ဒရယ်စနစ်ကို ဖော်ဆောင်သွားရမှာဖြစ်ပြီး တိုင်းရင်းသားပြည်သူလူထု၊ နိုင်ငံသူ၊ နိုင်ငံသားတွေကပဲ ကိုယ်တိုင်ကြိုးစားရမှာဖြစ်တယ်။ ဒီလိုဆောင်ရွက်ကြရာမှာ ကျွန်တော်တို့ဟာ မဖြစ်နိုင်တဲ့၊ နိုင်ငံရဲ့ အခြေအနေနဲ့ မကိုက်ညီတဲ့ ဖြစ်လိုတဲ့ဆန္ဒတစ်ခုတည်းအပေါ်မှာ အာရုံစိုက်ဆောင်ရွက်နေမယ့်အစား ဖြစ်နိုင်ခြေတွေအပေါ်မှာ အာရုံစိုက်ဆောင်ရွက်ခြင်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုမြန်ဆန်ထိရောက်စေမှာဖြစ်တယ်" လို့ ကျွန်တော်ပြောခဲ့ဖူးပါတယ်။

ဒီနေ့ ဒီအချိန်အခါဟာဆိုရင်လည်း ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပဖို့ ၂ လကျော်လိုတဲ့ အချိန်ကာလ အချိန်ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ တည်ဆောက်ကျင့်သုံးနေတဲ့ "ပါတီစုံဒီမိုကရေစီစနစ်" အတွက် ရွေးကောက်ပွဲကြီးဟာ အရေးကြီးတဲ့လုပ်ငန်း၊ ကျော်ဖြတ်ရမယ့် ဖြစ်စဉ်ကြီးဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲရှိတဲ့အတွက် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်လာစေဖို့ ရည်ရွယ်ပြီးတော့မှ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လမှာကျင်းပခဲ့တဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု ပင်လုံတတိယအစည်းအဝေးမှာ "၂၀၂၀ ပြည့်နှစ်မှာ ကျင်းပပြုလုပ်မယ့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံအစည်းအဝေးမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးပြတ်စေရေးအတွက် ဆောင်ရွက်သွားကြပါ" လို့ အလေးထားတိုက်တွန်းပြောကြားခဲ့ပါတယ်။ ထပ်ပြီးတော့လည်း ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှာ ကျင်းပခဲ့တဲ့ NCA စာချုပ်ချုပ်ဆိုခြင်း ၃ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားမှာလည်း "တပ်မတော်အနေနဲ့ ၂၀၂၀ ပြည့်နှစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ ပြီးမြောက်စေဖို့အတွက် သန္နိဋ္ဌာန်ချထားတယ်၊ ဒီသန္နိဋ္ဌာန်အတိုင်း ဖြစ်မြောက်အောင် ဆောင်ရွက်ပြီး တိုင်းရင်းသား ပြည်သူလူထု လိုလားတောင့်တနေတဲ့ ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့လက်သို့ အရောက် အပ်နှင်းမယ်" လို့ ကျွန်တော်ထပ်လောင်းပြောခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ၂၀၁၉ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့အတွက် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သမိုင်းမှာ တစ်ခါမျှမရှိတဲ့ "ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်"တွေကို ထုတ်ပြန်ပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်နေ့ကနေ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့အထိ ၉ လကြာ တစ်ဖက်သတ် အပစ်အခတ် ရပ်စဲပေးခဲ့ပါတယ်။ ယခုလည်း ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၀ ရက်နေ့ကနေ သြဂုတ်လ ၃၁ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှု ထပ်မံရပ်စဲကြောင်း ကြေညာပေးခဲ့ပါတယ်။ ဒါတွေဟာ ၂၀၁၀ ပြည့်နှစ်နဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ အတွေ့အကြုံတွေအရ လက်နက်ကိုင်ပဋိပက္ခရှိနေတဲ့နေရာတွေမှာ တည်ငြိမ်မှုရှိစေဖို့၊ လက်နက်ကိုင်အဖွဲ့များရဲ့ ဖိအားပေးမှုအောက်မှာ မဲဆန္ဒရှင်ပြည်သူများ အကြောက်တရားနဲ့ မဲပေးရမယ့်အခြေအနေ မဖြစ်စေဖို့အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ တစ်ဆက်တည်း တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံတော်ကိုလည်း တည်ဆောက်နိုင်ဖို့ ရည်ရွယ်ခြင်း ဖြစ်ပါတယ်။ သို့သော် သက်ဆိုင်ရာပုဂ္ဂိုလ်များအနေနဲ့ အလေးအနက်ထားမှု အားနည်းခဲ့ကြောင်း ကျွန်တော်တွေ့ပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့၊ ပြည်သူ့ဆန္ဒနဲ့အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်မယ့် အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်ကောင်းတွေ ရွေးချယ်နိုင်ဖို့၊ အဲဒီကတစ်ဆင့် အရည်အချင်းရှိတဲ့ အစိုးရကောင်းတစ်ရပ် ဖြစ်ပေါ်လာစေဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ ဒီလိုတာဝန်ရှိတာနဲ့အညီ ဒီနေ့တက်ရောက်လာကြသူအားလုံးကလည်း မိမိတို့ တာဝန်ရှိရာ သက်ဆိုင်ရာနယ်ပယ်နဲ့ ဒေသအသီးသီးမှာ ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲဖြစ်မြောက်အောင် အာရုံစိုက်ကြသလို လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်စေဖို့ လူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးစေလိုပါတယ်။

ဒ့ါကြောင့်-

- ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ဘာတွေ လိုအပ်နေသလဲ၊ ဘာတွေအခက်အခဲဖြစ်နေသလဲဆိုတာကို မြင်အောင်ကြည့်ပြီး ပြုပြင်စရာရှိတာတွေကို အမြန်ပြုပြင်သွားကြရမှာ ဖြစ်ပါတယ်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာမှာ ငြိမ်းချမ်းရေးထက် အရေးကြီးတဲ့ အခြားလုပ်ငန်းမရှိဘူးဆိုတာ သဘောပေါက်ပြီး အမျိုးသားအကျိုးစီးပွားမှအပ ကျန်အကျိုးစီးပွားကင်းရှင်းစွာ ဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။
- "ကျွန်တော်တို့အားလုံးဟာ မြန်မာ" ဆိုတဲ့စိတ်၊ တစ်သွေး၊ တစ်သားတည်း စည်းလုံးညီညွတ်တဲ့စိတ်နဲ့ ငြိမ်းချမ်းရေးပန်းတိုင်ကို အရောက်လှမ်းကြရမှာ ဖြစ်ပါတယ်။
- မကြာခင် ကျင်းပတော့မယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကိုလည်း အဖျက်အမှောင့် ပယောဂကင်းတဲ့ ရွေးကောက်ပွဲတွေဖြစ်အောင်၊ လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပနိုင်အောင် သက်ဆိုင်ရာနယ်ပယ်၊ ဒေသအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ ဥက္ကဋ္ဌ စဝ်ယွက်စစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်

လေးစားအပ်ပါသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးသို့ တက်ရောက်ချီးမြှင့်ကြသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်တကွ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တပ်မတော်ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ အစုအဖွဲ့အသီးသီး၏ ညီလာခံကိုယ်စားလှယ်များ၊ နိုင်ငံတကာသံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အထူးဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ဟာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက်ရော မိမိတို့အားလုံးအတွက်ပါ အရေးပါတဲ့ နေ့ထူးနေ့မြတ်ကြီးဖြစ်သလို သမိုင်းဝင်တဲ့နေ့လည်း ဖြစ်ပါတယ်။ ဒီနေ့ဟာ မိမိတို့အားလုံး လိုလားတောင့်တတဲ့ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အရေးကြီးတဲ့ ခြေလှမ်းတွေကို လှမ်းနိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အသက်သွေးကြောတမျှ အဓိကကျအရေးပါလှတဲ့ ဒီပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပနိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။

ဒီနေ့လို (၂၁)ရာစုပင်လုံညီလာခံ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်တွေ၊ ဆွေးနွေးညှိနှိုင်းမှုအကြိမ်ကြိမ်တွေ၊ အလျှော့အတင်းများတွေ ချမှတ်ကျင်းပပြုလုပ်ခဲ့ရသလို အခက်အခဲပေါင်းများစွာကို ရင်ဆိုင်အံတုကျော်ဖြတ်ပြီးမှ ဒီစတုတ္ထအကြိမ်မြောက် ညီလာခံကို ခေါ်ယူကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

### အသိအမှတ်ပြု

(၉)နှစ်တာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ခရီးကြမ်းတစ်လျှောက်မှာ ကျေးဇူးတင်ထိုက်တဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ အများကြီးရှိတာ အသိအမှတ်ပြုပါတယ်။ ဂုဏ်ပြုပါတယ်။ အမြဲတမ်းလည်း အမှတ်ရနေပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေးရန် စတင်ဖိတ်ခေါ်ခြင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်အောင် အစိုးရအဖွဲ့ကို ဦးစီးပြီး ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန်နှင့် အစိုးရအဖွဲ့ဝင်များအပါအဝင် ပြည်ထောင်စုဝန်ကြီးဟောင်း ဦးအောင်မင်းနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ (EAO) ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) ကို ရှေ့ဆောင်ဦးရွက်ပြုပြီး NCA စာချုပ်အတည်ပြု မှုကြမ်းရရှိအောင် ကြိုးပမ်းပေးခဲ့တဲ့ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ဟံသာနှင့် NCCT အဖွဲ့ဝင်များ၊ အဆင့်မြင့်ညှိနှိုင်းရေးအဖွဲ့ (Senior Delegation-SD)၊ NCA စာချုပ်ကို တရားဝင်လက်မှတ်ရေးထိုးပေးခဲ့ကြတဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ EAO အဖွဲ့အစည်း၊ နိုင်ငံရေးပါတီတို့၏ အကြီးအကဲခေါင်းဆောင်များ၊ ကုလသမဂ္ဂကိုယ်စားလှယ်များ၊ နိုင်ငံတကာသံတမန်များနှင့် အဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ထောက်ပံ့မှုတွေ ကူညီပေးကြတဲ့ မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်း ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) အပါအဝင် ပြည်တွင်းအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သူများအားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း မှတ်တမ်းတင် ပြောကြားလိုပါတယ်။


ထို့အတူ NCA စာချုပ်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးစီးပဲ့ကိုင်လမ်းညွှန်ပေးတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)၊ အစိုးရဟောင်း၏ လက်ဆင့်ကမ်းအမွေဖြစ်တဲ့ NCA စာချုပ်ကို ကျေပွန်စွာ ဆက်လက်ပခုံးပြောင်းတာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေတဲ့ လက်ရှိအစိုးရ အကြီးအကဲများနှင့် တပ်မတော် အကြီးအကဲများ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၊ ငြိမ်းချမ်းရေးကော်မရှင်(PC) တို့ကိုလည်း အထူးကျေးဇူးတင်ထိုက်သူများအဖြစ် ဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

NCA စာချုပ်ဟာ အပစ်ရပ်စာချုပ်သက်သက်မဟုတ်ဘဲ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြီး ဆွေးနွေးပွဲများရလဒ်နှင့်အညီ ဆောင်ရွက်အကောင်အထည်ဖော် တည်ဆောက်သွားမယ့် စာချုပ်ကြီးဖြစ်ပါတယ်။ တစ်ဖက်က နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပသလို အခြားတစ်ဖက်မှာလည်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးခိုင်မာရေးအတွက် ပူးတွဲစောင့်ကြည့်ထိန်းသိမ်းတဲ့ လုပ်ငန်းစဉ်များနှင့် ယန္တရားများလည်း ရှိပါတယ်။

### ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သွားမည်

ပြည်ထောင်စုညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ်အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများကို NCA စာချုပ်မှာ ပြဋ္ဌာန်းထားသလို အရပ်သားများကာကွယ်ခြင်း၊ လူမှုစီးပွားကိစ္စများ၊ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကိုလည်း ပြဋ္ဌာန်းထားပါတယ်။ NCA စာချုပ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေအား တစ်ဆင့်ပြီးတစ်ဆင့် ပြင်ဆင်ခြင်းနှင့်အတူ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သွားမည်ဟု ဆိုလိုခြင်းပဲဖြစ်ပါတယ်။

နိုင်ငံရေးတိုးတက်ပြောင်းလဲလာခြင်းနှင့်အညီ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်း ဟန်ချက်ညီညီ ဆွေးနွေးညှိနှိုင်းသဘောတူပြီး အဆင့်လိုက်



ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီဥက္ကဋ္ဌ စဝ်ယွက်စစ်

> **“လာမယ့် ၂၀၂၀ အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်တွေမှာ NCA စာချုပ် လက်မှတ်မရေးထိုးသေးတဲ့ ညီနောင်တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ ပါဝင်နိုင်ရေးအတွက် အားလုံးပါဝင်ရေးမူဖြင့် အလေးထားစီစဉ် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ထို့အပြင် ပြည်သူလူထုနဲ့ လူမှုအခြေပြုအဖွဲ့အစည်းများ အခန်းကဏ္ဍတွေကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း တိုက်တွန်းလို”**

အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ ပါရှိပါတယ်။ ဒီလိုဆောင်ရွက်သွားနိုင်ဖို့အတွက် NCA စာချုပ်မှာ လမ်းပြမြေပုံ (၇)ဆင့်ကို တိတိကျကျ သတ်မှတ်ပေးထားပြီးဖြစ်ပါတယ်။ NCA စာချုပ် အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လမ်းပြမြေပုံ (၇)ဆင့်အတိုင်း မလွဲမသွေ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံကို ပုံမှန်ဆိုရင် (၆)လတစ်ကြိမ် ကျင်းပရမှာဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ထားတဲ့အချိန်အတိုင်း ကျင်းပဖို့ မိမိတို့ မဆောင်ရွက်နိုင်ခဲ့ပါဘူး။ ဒါဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကြီးမားတဲ့ဆုံးရှုံးမှုပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ (၃)နှစ်ကျော်ကာလအတွင်းမှာ ညီလာခံ (၃)ကြိမ်သာ ကျင်းပနိုင်ခဲ့ပြီး သဘောတူညီချက် (၅၁)ချက်ကို ရရှိခဲ့ပါတယ်။ အမှန်က ဒီထက်များပြားထိရောက်ပြည့်စုံတဲ့ သဘောတူညီချက်တွေကို ရရှိရမှာဖြစ်ပါတယ်။

မိမိတို့ အချင်းချင်းအကြားမှာ မယုံကြည်မှုတွေ၊ မယုံသင်္ကာမှုတွေ၊ သံသယတွေ၊ လိုအပ်တာထက်ပိုတဲ့ သတိထားမှုတွေ၊ သူ့မူကိုယ့်မူ အသေဆုပ်ကိုင်ထားမှုတွေ၊ အောက်ခြေထိတွေ့မှုလေးတွေ၊ လုပ်နည်းလုပ်ဟန် အဆင်မပြေမှုတွေကို မဖြေရှင်းနိုင်ခဲ့လို့၊ ထိုက်သင့်တဲ့ အလျှော့အတင်းတွေ မပြုလုပ်နိုင်ခဲ့လို့ ပြည်ထောင်စုသဘောတူစာချုပ်ပါအချက်တွေကို ထင်သလောက် မရရှိခဲ့တာပဲ ဖြစ်ပါတယ်။ ဒီလိုအတွေ့အကြုံတွေ၊ သင်ခန်းစာတွေ ရယူအသုံးပြုပြီး လာမယ့်ရှေ့ခရီးမှာ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်မှာ ပြည်ထောင်စုရှမ်းပြည်၊ ကချင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသနှင့် ဗမာပြည်မတို့၏ ခေါင်းဆောင်တွေ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့တဲ့ ပင်လုံစာချုပ်ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိခဲ့တာ ဖြစ်ပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းနိုင်ခဲ့လို့ လက်နက်ကိုင်ပဋိပက္ခ၊ ပြည်တွင်းစစ်ဖြစ်ပွားပြီး မိမိတို့ တိုင်းပြည်ဟာ ကမ္ဘာမှာ အစစအရာရာ နောက်ကျကျန်ရစ်ခဲ့ရတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ဖို့ ငြိမ်းချမ်းရေးဆွေးနွေးရေး ဖိတ်ခေါ်ခြင်းကို ဦးသိန်းစိန်က ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်မှာ တရားဝင်ကြေညာခဲ့ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရေး လမ်းဖွင့်ပေးခဲ့တယ်။ လမ်းဖောက်ပေးခဲ့တယ်။ နိုင်ငံရေးယဉ်ကျေးမှု အသစ်တစ်ရပ်ကို အစပျိုးပေးခဲ့တယ်။ ဒါဟာ သမိုင်းဝင်၊ သမိုင်းတွင်တဲ့ ရဲရဲတောက်ဆောင်ရွက်ချက်ပဲ ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်တဲ့ ယခုအစိုးရလက်ထက်မှာလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အားသွန်ခွန်စိုက် မဆုတ်မနစ် ဆက်လက်ဆောင်ရွက်ခဲ့လာပါတယ်။ မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့ကို NCA စာချုပ် လက်မှတ်ရေးထိုးနိုင်အောင် စွမ်းဆောင်နိုင်ခဲ့သလို တစ်ဖက်မှာလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ NCA စာချုပ် လက်မှတ်မထိုးရသေးတဲ့ ညီနောင်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ ပိုမိုပါဝင်လာနိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်နေတယ်လို့ ကြားသိရပါတယ်။ ဒါတွေဟာ သတင်းကောင်းပဲ ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ ကြိုးပမ်းမှုပဲ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်မှာ တတိယအကြိမ် ညီလာခံ ကျင်းပပြီးတဲ့နောက်ပိုင်း နှစ်နှစ်တာကာလအတွင်းမှာ (၂၁)ရာစု ပင်လုံညီလာခံကို ကျင်းပနိုင်ခဲ့ခြင်း မရှိပါဘူး။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် ဖက်ဒရယ်အခြေခံမူတွေမှာ ကွာဟချက်တွေကို ညှိနှိုင်းနေရလို့ပဲ ဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက်ဟာ ယုံကြည်မှုတည်ဆောက်ခြင်းကို ဆောင်ရွက်ရာမှာလည်း အားနည်းချက်တွေရှိလို့ပဲ ဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ နှစ်ဦးနှစ်ဖက်အနေနဲ့ အလွတ်သဘောဆွေးနွေးမှုတွေ၊ တရားဝင်ညှိနှိုင်းအစည်းအဝေးတွေကို ကြိမ်ဖန်များစွာပြုလုပ်ခဲ့ရပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် သင့်တော်တဲ့ နည်းလမ်းပေါင်းစုံဝိုင်းဝန်းရှာဖွေခဲ့ကြတယ်။

(၈)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ၏ လမ်းညွှန်ကြီးကြပ်မှု၊ တည့်မတ်ပေးမှု၊ ဆုံးဖြတ်ပေးမှုတွေကြောင့် အစိုးရနှင့် NCA စာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတို့၏ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေက ရှစ်လနီးပါး အချိန်ယူလို့ တရားဝင်ညှိနှိုင်းရေးအစည်းအဝေး (၈) ကြိမ်တိုင်တိုင်အပါအဝင် အလွတ်သဘောဆွေးနွေးမှု မြောက်မြားစွာ ကျင်းပကာ အပြန်အလှန်ညှိနှိုင်းဆွေးနွေးပြီး ဒီနေ့ကျင်းပတဲ့ ညီလာခံသို့ တင်သွင်းမယ့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ကို ရရှိခဲ့တာဖြစ်ပါတယ်။ စဉ်ဆက်မပြတ်ဆွေးနွေးညှိနှိုင်းခြင်း၏ ကောင်းကျိုးပဲဖြစ်ပါတယ်။

ဒီလိုအချိန်ယူပြီး ညှိနှိုင်းအစည်းအဝေးများ ဆက်တိုက်ကျင်းပကာ နှစ်ဖက်အတွက် မျှမျှတတဖြစ်စေတဲ့၊ ကျေနပ်လက်ခံတဲ့ ရလဒ်ကောင်းတွေကို ရရှိအောင် ညှိနှိုင်းဆွေးနွေးပေးခဲ့ကြတဲ့ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေကို ကျေးဇူးအထူးတင်ရှိပါတယ်။ ဂုဏ်ပြုပါတယ်။ ညှိနှိုင်းရေးအဖွဲ့တွေရဲ့ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်ပြောကြားလိုပါတယ်။

### အချိန်ယူဆွေးနွေးညှိနှိုင်းဖို့ လိုအပ်

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)မှာ NCA စာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်များ၊ ၂၀၂၀ အလွန်အဆင့်လိုက်လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ ဖက်ဒရယ်အခြေခံမူများ စသည်တို့ပါဝင်တယ်လို့ သိရတဲ့အတွက် နှစ်ထောင်းအားရ ဖြစ်မိပါတယ်။ ညှိနှိုင်းလို့မရသေးတဲ့ အကြောင်းအရာတွေကို ဆက်လက်ဆွေးနွေးသွားဖို့ သဘောတူနိုင်ခဲ့တယ်လို့ ကြားသိရပါတယ်။ တချို့အကြောင်းအရာတွေဟာ အချိန်ယူဆွေးနွေးညှိနှိုင်းဖို့ လိုအပ်ပါတယ်။

လာမယ့်၂၀၂၀ အလွန်ကာလမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုပုံစံနဲ့ပတ်သက်လို့ မိမိတို့ကြားမှာ သေချာညှိနှိုင်းဆွေးနွေးပြီး သဘောတူညီထားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ နိုင်ငံရေးအရ အဆင့် (၃)ဆင့်မှာ ဘယ်လိုအကောင်အထည်ဖော် ဆောင်ရွက်သွားကြမလဲ၊ လုံခြုံရေးအရ အဆင့်(၃)ဆင့်မှာ နိုင်ငံရေး တိုးတက်ပြောင်းလဲမှုနဲ့ ဘယ်လိုဆက်စပ်ချိတ်ဆက်ပြီး ဟန်ချက်ညီစွာ ဆောင်ရွက်သွားကြမလဲဆိုတာတွေက ကြီးလေးတဲ့ လုပ်ငန်းစဉ်တွေပဲ ဖြစ်ပါတယ်။ ဒါတွေအတွက် မိမိတို့ကြားမှာ ရှင်းရှင်းလင်းလင်းဖြစ်တဲ့ပုံစံ၊ တိကျတဲ့လုပ်ငန်းစဉ်တွေကို သဘောတူထားရမှာ ဖြစ်ပါတယ်။ ဒါမှသာ ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ ချောမွေ့မှာ ဖြစ်ပါတယ်။

လာမယ့် ၂၀၂၀ အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်တွေမှာ NCA စာချုပ် လက်မှတ်မရေးထိုးသေးတဲ့ ညီနောင်တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ ပါဝင်နိုင်ရေးအတွက် အားလုံးပါဝင်ရေးမူဖြင့် အလေးထားစီစဉ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ထို့အပြင် ပြည်သူလူထုနဲ့ လူမှုအခြေပြုအဖွဲ့အစည်းများ အခန်းကဏ္ဍတွေကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း တိုက်တွန်းလိုပါတယ်။

မိမိတို့ နှစ်ဦးနှစ်ဖက်ဟာ NCA စာချုပ်ကို လက်မှတ်ရေးထိုးထားပြီးဖြစ်သည်နှင့်အညီ NCA စာချုပ်ပါ ပြဋ္ဌာန်းချက်များ၊ ဆောင်ရန်ရှောင်ရန်အချက်များကို တစ်သဝေမတိမ်းလိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ မည်သို့ပင် အခက်အခဲတွေ့ကြုံရသော်လည်း NCA လမ်းကြောင်းအတိုင်းပဲ ဖက်ဒရယ်ပြည်ထောင်စုဆိုတဲ့ ပန်းတိုင်ကို ရောက်ရှိအောင် ဆက်လက်လျှောက်လှမ်းချီတက်ရမှာ ဖြစ်ပါတယ်။

NCA စာချုပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အဆင်မပြေမှုတွေ၊ ခက်ခဲမှုတွေ၊ တစ်ဆို့မှုတွေ ရှိတတ်ပါတယ်။ ရှိရင်လည်း မိမိတို့ဟာ NCA စာချုပ်ကို ပူးတွဲပိုင်ဆိုင်ထားတာဖြစ်လို့ မိမိတို့အနေဖြင့် ပူးတွဲဖြေရှင်းကျော်ဖြတ်ရမှာဖြစ်ပါတယ်။ အောင်မြင်တယ်ဆိုရင်လည်း အောင်မြင်မှု အသီးအပွင့်ကို အတူတကွမျှဝေခံစားစံစားရမှာ ဖြစ်ပါတယ်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ မိမိတို့အားလုံးက တာဝန်ယူ၊ တာဝန်ခံရမှာဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

# ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌ (၁) စိုင်းညွန့်လွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

(၂၀၂၀ ပြည့်နှစ် ၊ ဩဂုတ်လ ၁၉ ရက်)

ညီလာခံကို တက်ရောက်လာကြတဲ့ လူကြီးမင်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဒုတိယဥက္ကဋ္ဌ (၁) စိုင်းညွန့်လွင် ဖြစ်ပါတယ်။ အခုလို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံ (စတုတ္ထအစည်းအဝေး) မှာ နိုင်ငံရေးပါတီများအစုအဖွဲ့ရဲ့ အလှည့်ကျ ပြောခွင့်ရပါတီဖြစ်တဲ့ "ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်"ကိုယ်စားပြု စကားပြောခွင့်ရတဲ့အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။

အခုကျင်းပနေတဲ့ (၂၁) ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံဆိုတာဟာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ မပြီးဆုံးသေးတဲ့ ကာလကြာရှည်ဖြစ်ပွားနေတဲ့ ပြည်တွင်းစစ်ပွဲများကို အဆုံးသတ်သွားစေဖို့အတွက် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အဓိကထား ဆောင်ရွက်နေတာဖြစ်တယ်လို့ ကျွန်တော်တို့ နားလည်မိပါတယ်။ အဲဒီကမှတစ်ဆင့် တိုင်းပြည်ရဲ့ နှောင့်နှေးနေတဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေကို ပြန်လည်တည့်မတ်ပြီး ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဆိုတဲ့ ရည်ရွယ်ချက်ဖြစ်တယ်လို့လည်း ရိုးရိုးရှင်းရှင်းပဲ နားလည်မိပါတယ်။

(၂၁) ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံကို ကျင်းပခဲ့တာ အခုအကြိမ်နဲ့ပါဆိုရင် စတုတ္ထအကြိမ် ရှိခဲ့ပါပြီ။ ခရီးတွေလည်း ရောက်သင့်သလောက်ရောက်ခဲ့ကြပြီဖြစ်ပါတယ်။ ဒါပေမယ့်လည်း မျှော်မှန်းထားသလောက်တော့ ခရီးမပေါက်သေးဘူးလို့ ဆိုရင်လည်း မှားလိမ့်မယ်မထင်ပါဘူး။ ကျွန်တော်တို့ တစ်တွေ ဆက်လက်ပြီးတော့ ကြိုးပမ်းအားထုတ်ကြဖို့ လိုအပ်နေပါသေးတယ်လို့လည်း သဘောပေါက်မိပါတယ်။

ကျွန်တော်တို့ဟာ အိမ်နီးနားချင်းနိုင်ငံတွေကို ကိုယ့်စိတ်ကြိုက်ရွေးချယ်ခွင့်မရှိကြဘူးဆိုတာ အားလုံးလိုလိုသိထားကြပါတယ်။ ဒါပေမယ့် ၁၉၄၇ ခုနှစ်ဆီတုန်းက ကျွန်တော်တို့ အဘိုးအဘွားတွေဟာ သူတို့စိတ်ကြိုက်အိမ်နီးချင်းတွေကို ရွေးချယ်ခဲ့ပြီး တစ်နိုင်ငံတည်း၊ တစ်အိမ်တည်းနေတဲ့ အတူနေညီအစ်ကိုတွေအဖြစ် ပေါင်းစည်းကြဖို့ ဆုံးဖြတ်ခဲ့ကြတာဟာ မြန်မာ့သမိုင်းမှာ အင်မတန်မှ သိပ်ကိုစိတ်ဝင်စားစရာကောင်းတဲ့ သမိုင်းကြောင်းတစ်ခုဖြစ်ခဲ့ပါတယ်။

## အတူတကွယှဉ်တွဲနေထိုင်

အိမ်နီးချင်းတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုနိုင်ငံတစ်ခုကို ပူးပေါင်းထူထောင်ကြဖို့ ၁၉၄၇ ခုနှစ်မှာ ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြတယ်။ အကျိုးဆက်အနေနဲ့ အခုကျွန်တော်တို့ မှီတင်းနေထိုင်နေကြတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အသစ်ကို စတင်ထူထောင်နိုင်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီအချိန်ကစတင်ပြီး ကျွန်တော်တို့တစ်တွေဟာ တစ်အိမ်တည်း အတူနေခဲ့ကြတဲ့ ညီအစ်ကိုမောင်နှမတွေဘဝကို ရောက်ရှိခဲ့ကြတယ်လို့လည်း ဆိုနိုင်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံဆိုတဲ့ အိမ်သစ်ကြီးတစ်အိမ်အတွင်းမှာ အတူတကွ မှီတင်းနေထိုင်နေကြတဲ့ လူမျိုးအားလုံးဟာ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ မိမိတို့အချင်းချင်း ချစ်ချစ်ခင်ခင်နဲ့ အတူတကွ ယှဉ်တွဲနေထိုင်သွားကြဖို့ပဲ ရှိပါတော့တယ်။ ချစ်ချစ်ခင်ခင် အတူတကွ ယှဉ်တွဲနေထိုင်သွားနိုင်ကြဖို့ဆိုတာ တစ်စုနဲ့တစ်စု၊ တစ်မျိုးနဲ့တစ်မျိုးဟာ အခွင့်အရေးအရာမှာဖြစ်ဖြစ်၊ တန်းတူညီမျှမှုအရာမှာဖြစ်ဖြစ်၊ လွတ်လပ်မှုအရာမှာဖြစ်ဖြစ်၊ လုပ်ပိုင်ခွင့်အရာမှာဖြစ်ဖြစ် တစ်ပြေးညီဖြစ်နေဖို့ဆိုတာ သိပ်ကိုအရေးကြီးလှပါတယ်။ အခုပြောပြောနေကြတဲ့ တန်းတူညီမျှရေးဆိုတာကို ဆိုလိုတာပဲဖြစ်ပါတယ်။ တကယ်တော့ အခုကျွန်တော်တို့တစ်တွေ မှီတင်းနေထိုင်နေကြတဲ့ ပြည်ထောင်စုနိုင်ငံဆိုတာ ၁၉၄၇ ခုနှစ်တုန်းက ချုပ်ဆိုခဲ့တဲ့ ပင်လုံစာချုပ်အရ အသစ်စက်စက် မွေးဖွားပေါ်ပေါက်လာတဲ့ ပြည်ထောင်စုနိုင်ငံသစ်တစ်ခုသာလျှင် ဖြစ်ပါတယ်။ တကောင်း၊ ပုဂံ ဆိုတာဟာ တိုင်းရင်းသားလူမျိုးတစ်ခုရဲ့ အရင်တုန်းက ဖြစ်ပေါ်ခဲ့တဲ့ သမိုင်းတစ်ခုသာဖြစ်ပြီး အဲဒီတိုင်းရင်းသားလူမျိုးတစ်ခုရဲ့ သမိုင်းသက်သက်ပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာပြည်မှာ အတူတကွနေကြတဲ့ အခြားလူမျိုးတွေမှာလည်း သူ့သမိုင်းကြောင်းနဲ့သူ၊ သူ့ဖြစ်စဉ်နဲ့သူ သမိုင်းကြောင်း အသီးသီးရှိနေခဲ့ကြလို့ပဲ ဖြစ်ပါတယ်။ မြောက်ဦးလိုမျိုး၊ ဥသ္သပဲခူးလိုမျိုး သမိုင်းတွေဟာလည်း အထင်အရှားဖြစ်ပါတယ်။ အဲဒီသမိုင်းနဲ့ သက်ဆိုင်တဲ့ လူမျိုးတွေဟာ အခုဆိုရင် ပြည်ထောင်စုအသစ်ထဲမှာ သမိုင်းအသစ်တွေကို အတူတကွ ရေးထိုးနေကြတဲ့ ညီအစ်ကိုတွေ ဖြစ်နေကြပါပြီဆိုတာကို ရှင်းရှင်းလင်းလင်း သိမြင်ကြဖို့ ပြောကြားလိုပါတယ်။ အခုလို အမျိုးသားရင်ကြားစေ့ရေး လုပ်ငန်းတွေကို အားစိုက်ဆောင်ရွက်နေတဲ့ အချိန်မျိုးမှာ ပိုလို့တောင်မှ သတိပြုသင့်ပါကြောင်း



ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌ (၁) စိုင်းညွန့်လွင်

လေးလေးနက်နက်ထား တင်ပြလိုပါတယ်။

တိုင်းပြည်တစ်ခုတည်းမှာ အတူနေထိုင်ကြဖို့ ကိုယ်နဲ့မတူတဲ့ အခြားတိုင်းရင်းသားလူမျိုးတွေနဲ့ နေကြဖို့ကို ရွေးချယ်ခဲ့ကြပြီးပြီမို့ နောက်ထပ် တစ်မျိုးပြန်လည်ရွေးချယ်ဖို့ဆိုတာ မလွယ်ကြတော့ပါဘူး။ ၁၉၄၈ ခုနှစ် ကတည်းက အတူလက်တွဲနေထိုင်ကြဖို့ ရွေးချယ်ခဲ့ကြပြီးပြီမို့ ရှေ့လျှောက် ကာလတွေမှာလည်း ကျွန်တော်တို့အားလုံးဟာ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်သွားကြဖို့ကလွဲရင် အခြားနည်းလမ်းမရှိတော့ပါဘူး။ မြန်မာ့လူ့အသိုင်းအဝိုင်းထဲမှာရှိနေကြတဲ့ အဖွဲ့အစည်းတစ်ခုကိုပဲဖြစ်ဖြစ်၊ လူမျိုးစုတစ်ခုကိုပဲဖြစ်ဖြစ် ပစ်ပယ်လိုက်ဖို့ဆိုတာလည်း လုံးဝ မဖြစ်သင့်ပါဘူး။ ဒါမျိုးက လုပ်ကောင်းတဲ့အရာမျိုးလည်း မဟုတ်ပါဘူး။ ဘယ်သူကမှလည်း လက်ခံကြမှာ မဟုတ်ပါဘူး။

## နိုင်ငံချစ်စိတ်

တိုင်းပြည်ကို ချစ်တတ်ဖို့ မျိုးချစ်စိတ်မှတစ်ပါး အခြားမရှိဆိုတဲ့ အမြင်တွေကို ပြောဆိုနေကြတာလည်း သတိထားမိပါတယ်။ မျိုးချစ်စိတ်ဟာ ရှိသင့် ရှိအပ်တဲ့ စိတ်ဓာတ်မျိုးဖြစ်ပါတယ်။ မျိုးချစ်စိတ်ဆိုတာ လူမျိုးတိုင်းရဲ့ မွေးရာပါ ဖွားဖက်တော်လည်း ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့လို လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံမှာ မျိုးချစ်စိတ်ဟာ လူမျိုးတိုင်းမှာ ရှိနေကြတာမို့ မျိုးချစ်စိတ်တွေ တကွဲတပြားစီနဲ့ မတူမညီ ပြန့်ကျဲနေကြမှာကတော့ အသေအချာပဲဖြစ်ပါတယ်။ သူကလည်း သူ့မျိုးချစ်စိတ်နဲ့သူ၊ ငါကလည်း ငါ့မျိုးချစ်စိတ်နဲ့ငါဆိုရင် ပြန်လည်နီးစပ်သွားကြဖို့ကတော့ အတော်ကို ခက်ခဲနေကြဦးမှာပဲ ဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးအသီးသီးမှာ ရှိနေကြတဲ့ မျိုးချစ်စိတ်တွေကို စုစည်းနိုင်တဲ့၊ စည်းနှောင်ထားနိုင်တဲ့ "တစ်ခုတည်း" သော စိတ်ဓာတ်ကတော့ "ပြည်ထောင်စုကို ချစ်မြတ်နိုးတဲ့ နိုင်ငံချစ်စိတ်" ဆိုတာပဲ ဖြစ်ပါတယ်။ ဆိုချင်တာက "ပြည်ထောင်စုကို ချစ်မြတ်နိုးတဲ့ နိုင်ငံချစ်စိတ်" ကိုသာ ပထမဦးစားပေးဆောင်ရွက်ရမှာ ဖြစ်ပြီး "မျိုးချစ်စိတ်" ကိုတော့ ဒုတိယဦးစားပေးနေရာမှာ ထားဖို့လိုတယ်လို့ ပြောကြားလိုပါတယ်။

မျိုးချစ်စိတ်ထက်စာရင် ပြည်ထောင်စုကို ချစ်မြတ်နိုးတဲ့ နိုင်ငံချစ်စိတ်ကသာလျှင် အမျိုးသားရင်ကြားစေ့ရေးကို ဦးစီးရှေ့ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်း ညီညွတ်ရေးကို တည်ဆောက်နိုင်မှာပဲဖြစ်ပါတယ်။ အဲဒီလို အခြေအနေကတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးကို ထူထောင်နိုင်မယ်လို့ ကျွန်တော်တို့ လေးလေးနက်နက် ယုံကြည်ထားပါတယ်။

တစ်စုတစ်ဖွဲ့တည်းက နိုင်ငံတစ်ခုလုံးကို ကြီးစိုးချုပ်ကိုင်ခြယ်လှယ်သွားတာမျိုးဆိုတာလည်း မဖြစ်သင့် မဖြစ်ထိုက်တဲ့ ကိစ္စပဲဖြစ်ပါတယ်။ တိုင်းရင်းသားပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ စုဝေးနေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံမို့ ပိုပြီး မဖြစ်သင့်ဘူးလို့ ပြောချင်ပါတယ်။ ဘယ်လိုလူမျိုးပဲဖြစ်ပါစေ၊ အရည်အချင်းရှိသူ ဘယ်သူမဆို ခေါင်းဆောင်ခွင့်ပေးရမယ့် အခြေအနေ ဖြစ်ပါတယ်။ အတူနေသူ တိုင်းရင်းသားအားလုံးရဲ့ အများပိုင် တိုင်းပြည်တစ်ခုအဖြစ်သာ ပုံဖော်ဖို့ ကြိုးစားအားထုတ်သင့်ပါတယ်လို့ တိုက်တွန်းလိုပါတယ်။ အထက်မှာ ဖော်ပြခဲ့တဲ့ တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းကိုပဲ မဏ္ဍိုင်ပြုတဲ့ လက္ခဏာတွေကိုသာ ဖော်ပြနေရင် ကျန်တဲ့ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်လက္ခဏာ (Identity) တွေကို လျစ်လျူရှုထားခဲ့တာ ကာလကြာညောင်းလာတာနဲ့အမျှ ယနေ့ခေတ်လို အသိအမြင်ကျယ်ပြန့်လာတဲ့ ဒီဘက်ခေတ်အခါမှာ ဖုံးဖိထားလို့ မရနိုင်တော့ပါဘူး။ တိုင်းရင်းသားလူမျိုးတစ်ခုတည်းရဲ့ မျိုးချစ်စိတ်နဲ့ သရုပ်သကန်ကိုပဲ မြှင့်တင်လာတာ များလာတဲ့အခါ ကျန်တဲ့တိုင်းရင်းသားလူမျိုးစုငယ်လေးတွေဟာလည်း မိမိတို့ရဲ့ ယဉ်ကျေးမှုနဲ့ မျိုးချစ်စိတ်တွေကို အသီးသီးပြန်လည်ထူထောင်လာကြတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒါက ကောင်းတဲ့လက္ခဏာတစ်ခုအဖြစ် မြင်နိုင်ပေမယ့် အခုအချိန် ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ အဓိကကျတဲ့ ပြည်ထောင်စုအရေးကိစ္စက ပထမဦးစားပေးမဟုတ်တော့ဘဲ၊ မိမိတို့လူမျိုး မိမိတို့ကိစ္စကသာလျှင် ပထမဦးစားပေးဆိုတဲ့ အခြေအနေတွေကို ရောက်နေကြတာ အားလုံးသိမြင်ကြမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအရေးက အမြဲတမ်းပထမဖြစ်နေရမယ့်အစား အဖွဲ့အစည်းတွေ၊ လူမျိုးရေး လက္ခဏာတွေက ပထမနေရာကို ဝင်ယူနေတာဟာ ညီညွတ်မှုအတွက် အခက်အခဲကြီးဖြစ်နေတယ်ဆိုတာ သတိထားမိကြဖို့ တင်ပြလိုပါတယ်။ တကယ်တော့ တိုင်းရင်းသားလူမျိုးစုတွေ လိုလားနေကြတာက တန်းတူညီမျှရေးလောက်ပဲ ဖြစ်ပါတယ်။ အဲဒါလောက်ကလေး တောင်းတာတောင် မအောင်မမြင်ဖြစ်လာတဲ့အတွက် တောင်းဆိုမှုတွေက တဖြည်းဖြည်းကြီးထွားလာရတာ ဖြစ်တယ်လို့ မြင်မိပါတယ်။ တန်းတူအခွင့်အရေးလောက်ကို စဉ်းစားပေးရုံနဲ့လည်း ကိုယ့်အထဲက ဘာမှလျော့ကျသွားစရာ မရှိပါဘူးလို့ ထင်ပါတယ်။ စိတ်စေတနာကောင်းတွေ ရှိနေဖို့ပဲ လိုအပ်ပါတယ်ဆိုတာ တင်ပြလိုပါတယ်။

## သွေးစည်းညီညွတ်ရေး

အခု ငြိမ်းချမ်းရေးညီလာခံဟာ ၁၉၄၇ ခုနှစ် ပင်လုံမှာချုပ်ဆိုခဲ့တဲ့ စာချုပ်ပါ အချက်အလက်တွေကို ပြည့်ပြည့်ဝဝ အသက်ဝင်အောင် အကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေတဲ့ ညီလာခံလို့သာ မှတ်ယူချင်ပါတယ်။ အချို့သော ပုဂ္ဂိုလ်တွေ စိုးရိမ်နေသလို ၁၉၄၇ ခုနှစ်က ချုပ်ဆိုခဲ့တဲ့ ပင်လုံစာချုပ်ကို လွှမ်းမိုးပယ်ဖျက်ဖို့ ထပ်မံလုပ်ဆောင်နေတဲ့ ညီလာခံတစ်ရပ်မျိုး မဖြစ်စေချင်ပါဘူး။ မဖြစ်ရလေအောင်လည်း သတိပြုပေးကြဖို့ကိုလည်း အလေးအနက်ထား တောင်းဆိုတိုက်တွန်းလိုပါတယ်။

ဒီကနေ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဆိုတဲ့ သွေးစည်းညီညွတ်ရေးလိုအပ်ချက်ကို အမြန်ဆုံးမဖြစ်မနေ တည်ဆောက်ရမယ့် အချိန်ဖြစ်နေတယ်လို့လည်း ယူဆမိပါတယ်။ COVID-19 ကြောင့် သက်ရောက်လာမယ့် စီးပွားရေးနှောင့်နှေးမှုကြီးတွေ တင်မကဘဲ ယခုအချိန်တွင် ပထဝီနိုင်ငံရေးအရ အင်အားကြီး (နှစ်) ခုရဲ့ အားပြိုင်မှုအကြား ကျရောက်နေရတဲ့ အနေအထားမှာရှိနေတယ်ဆိုတာလည်း အားလုံးသိထားကြပြီးဖြစ်ပါတယ်။ ပဋိပက္ခတွေ များလွန်းနေတဲ့ ကျွန်တော်တို့ ပြည်ထောင်စုအတွက် စိုးရိမ်စရာ အခြေအနေဖြစ်ပါတယ်။ ကိုယ်ခံအားနည်းနေတဲ့အချိန်မျိုးမှာ ပြင်ပက ရောဂါတွေ ကူးစက်လွယ်တဲ့ သဘောမျိုးပါ။ ကျွန်တော်တို့ ကိုယ်ခံအား၊ ခုခံအားကောင်းအောင်လုပ်ဖို့ လိုပါတယ်။ အဲဒါကတော့ အမျိုးသားညီညွတ်ရေးကို အမြန်ဆုံးတည်ဆောက်ရေးပဲ ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

ပြည်ထောင်စုကြီးရဲ့ စည်းလုံးညီညွတ်မှုကို အမြန်ဆုံးတည်ဆောက်နိုင်ပါစေ။

ငြိမ်းချမ်းရေးညီလာခံမှာ ငြိမ်းချမ်းရေးစကားကိုဆိုရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။

မိုင်ဆုန်ခ

**"မျိုးချစ်စိတ်ထက်စာရင် ပြည်ထောင်စုကို ချစ်မြတ်နိုးတဲ့ နိုင်ငံချစ်စိတ်ကသာလျှင် အမျိုးသားရင်ကြားစေ့ရေးကို ဦးစီးရှေ့ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်း ညီညွတ်ရေးကို တည်ဆောက်နိုင်မှာပဲဖြစ်ပါတယ်။ အဲဒီလို အခြေအနေကတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးကို ထူထောင်နိုင်မယ်လို့ ကျွန်တော်တို့ လေးလေးနက်နက် ယုံကြည်ထား"**

---

*စာမျက်နှာ ၁၀ မှ*

ထို့အပြင် COVID-19 ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကာလအခြေအနေအောက်မှာ ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညီလာခံကိုယ်စားလှယ်များကို လိုအပ်တဲ့ ကျန်းမာရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်ချက်တွေ ၊ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ချက်များဖြင့် စီစဉ်ဆောင်ရွက်ပေးခဲ့တဲ့ အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

## ဝိုင်းဝန်းလက်တွဲဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် NCA စာချုပ် နိဒါန်းမှာပါတဲ့ "ဤစာချုပ် လက်မှတ်ရေးထိုးကြသော ကျွန်ုပ်တို့သည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ ဤစာချုပ်ပါ အချက်အလက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွ ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ပြုကြသည်" ဆိုတဲ့အတိုင်း ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများအာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံအပါအဝင် နိုင်ငံရေးဆွေးနွေးပွဲများအား စဉ်ဆက်မပြတ် ကျင်းပနိုင်ရေးကို မိမိတို့အားလုံးအနေဖြင့် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြဖို့ အလေးအနက် တိုက်တွန်းလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ညီလာခံ ပထမနေ့ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ညီလာခံ ပထမနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည်။

ညီလာခံ ပထမနေ့ အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း က ဦးဆောင်သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တာလုဖေ၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ပူးဇင်ကျုံးနှင့် ဒေါက်တာမေဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။




ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း အဖွင့်အမှာစကားပြောကြားစဉ်။

အစည်းအဝေးတွင် ဦးဆောင်သဘာပတိ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးများကို ကျင်းပလာခဲ့သည်မှာ ယခုစတုတ္ထ အစည်းအဝေးအထိ ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် တတိယ အစည်းအဝေးနှင့် ယခုစတုတ္ထ အစည်းအဝေးအကြားတွင် အချိန်ကာလအားဖြင့် (၂) နှစ်ခန့် ကြန့်ကြာခဲ့ရပါကြောင်း၊ ပြီးခဲ့သည့် ညီလာခံမှ ယနေ့ညီလာခံအထိ ဖြတ်သန်းခဲ့ရသော ကြားကာလကို ပြန်ပြောင်းသုံးသပ်ကြည့်ပါက အခက်အခဲများ၊ စိန်ခေါ်မှုများ အများအပြားကို မိမိတို့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါကြောင်း၊ တရားဝင်အစည်းအဝေးများ ခေါ်ယူနိုင်ခြင်းမရှိတော့သည့် အခြေအနေတစ်ရပ်ကို ကြုံတွေ့ခဲ့ရပါကြောင်း၊ အစုအဖွဲ့များအကြားတွင် ကွဲလွဲနေသော သဘောထားများကို ဆုံချက်တစ်ခုစီရောက်ရှိအောင် အလွတ်သဘော တွေ့ဆုံမှုများ၊ နှစ်ဖက်သီးသန့်အစည်းအဝေးများစသည့် ချဉ်းကပ်မှုမျိုးစုံကို မိမိတို့ ကြိုးပမ်းခဲ့ရပါကြောင်း။

ညီလာခံစားပွဲဝိုင်းတွင် သဘောတူညီချက် မရရှိနိုင်သောကိစ္စရပ်များကို ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် ခေါင်းဆောင်များအဆင့်တွင် တွေ့ဆုံဆွေးနွေးပြီး အကျပ်အတည်းကို ဖြေရှင်းနိုင်အောင် Ten Plus Ten Meeting အပါအဝင် ဖြေရှင်းနိုင်မည့် နည်းလမ်းမှန်သမျှ ကျင့်သုံးဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံရေးစားပွဲဝိုင်းသာမက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် တပ်ပိုင်းဆိုင်ရာကိစ္စရပ်များတွင်ပါ ရှေ့ဆက်နိုင်မည့်လမ်းကြောင်းပေါ်ကို ရောက်ရှိလာအောင် အချိန်ပေးပြီး စိတ်ရှည် လက်ရှည် ကျေကျေလည်လည် ဆွေးနွေးညှိနှိုင်းခဲ့ရခြင်း ဖြစ်ပါကြောင်း။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

မိမိတို့ ဆွေးနွေးဖက်များအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်နိုင်ရန် မည်သို့အကောင်းဆုံးဖန်တီးကြမည်ကို ခေါင်းချင်းရိုက် ညှိနှိုင်းတိုင်ပင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ယင်းနေရာတွင် သင်ခန်းစာတစ်ခု ရရှိလိုက်သည်မှာ အတက် - အကျ၊ အနိမ့် - အမြင့် များလှသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မည်သို့အခက်အခဲမျိုး ကြုံတွေ့လာရပါစေ၊ တွေ့ဆုံဆွေးနွေးရေးနှင့် စေ့စပ်ညှိနှိုင်းရေးလမ်းကြောင်းကို ပျောက်မသွားအောင် ဆောင်ရွက်ရေးပင်ဖြစ်ပါကြောင်း၊ မည်မျှသဘောထားကွဲကွဲ၊ မည်သို့သော အကျပ်အတည်းများ ကြုံကြုံ မိမိတို့အစုအဖွဲ့များအကြား တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်း အမြဲရှိနေပါက အချိန်ကာလတစ်ခုအတွင်း လမ်းကြောင်းမှန်ပေါ် ပြန်ရောက်လာမည်ကို နားလည်ထားကြရန် အရေးကြီးပါကြောင်း။

အားလုံးလက်ခံနိုင်မည့် ကမ်းလှမ်းချက်တစ်ခုဖြစ်သည့် Ways Forward for Peace Process ကို ၂၀၁၉ ခုနှစ် ဇွန်လ ၁၃ ရက်တွင် အစိုးရဘက်က စတင်ကမ်းလှမ်းခဲ့ပါကြောင်း၊ အစိုးရ၏ကမ်းလှမ်းချက်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ အပြုသဘောနှင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြပါကြောင်း၊ ယင်းနောက် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၄) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ် (၃) ရပ်နှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူ (၅) ချက်ကို အဖွင့်မိန့်ခွန်းတွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ထုတ်ပြန်ကြေညာခဲ့သည့် ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ် (၃) ရပ်တွင် ပါဝင်လာသည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ၌ ပါဝင်မည့် အကြောင်းအရာများနှင့် ဖက်ဒရယ်မူ (၅) ချက်တို့သည် ကာလရှည်ကြာရပ်ဆိုင်းနေခဲ့ရသော ဆွေးနွေးပွဲများကို ပြန်လည်စတင်နိုင်ခဲ့ပြီး တရားဝင်အစည်းအဝေးများ ပြန်လည်ခေါ်ယူနိုင်သည့် အခြေအနေကို ရောက်ရှိလာခဲ့ပါကြောင်း၊ ထို့နောက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၈ ရက်တွင် (၈) ကြိမ်မြောက် JICM အစည်းအဝေးကို ခေါ်ယူနိုင်ခဲ့ပြီး ဆုံးဖြတ်ချက် (၈) ချက်ကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ ယင်းနောက် UPDJC နှင့် JMC အစည်းအဝေးများ ပြန်လည်စတင်နိုင်ခဲ့ပြီး ယနေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ကျင်းပနိုင်သည့် အနေအထားအထိ ရောက်ရှိခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ငြိမ်းချမ်းရေးသာမက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအထိပါ အဓိကကျသည့်အတွက် မိမိတို့အနေဖြင့် ရှေ့ကိုအများကြီး ကြိုးပမ်းအားထုတ်ကြရဦးမည်မှာ သေချာနေပါကြောင်း၊ မိမိတို့သည် မတူညီသော အစုအဖွဲ့များ၊ မတူညီသည့် ဖြတ်သန်းမှုများ၊ မတူညီသည့် နောက်ခံများနှင့် ယခုညီလာခံ ခန်းမကြီးထဲကို ရောက်ရှိလာခဲ့ကြသော်လည်း တူညီသည့်အချက်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် မဆုတ်မနစ် ဖော်ဆောင်လိုသည့် မိမိတို့၏ သန္နိဋ္ဌာန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအပေါ်ထားရှိသော မိမိတို့၏ စိတ်ရင်းစေတနာများဟု ပြောနိုင်ပါကြောင်း၊ တိုင်းရင်းသားပြည်သူအပေါင်း မျှော်လင့်တောင့်တလျက်ရှိသည့် ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ လုပ်ငန်းအစီရင်ခံစာကို UPDJC ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက လည်းကောင်း၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ လုပ်ငန်းအစီရင်ခံစာကို အရပ်သားကိုယ်စားလှယ် (JMC-U) အလှည့်ကျ ဒုတိယဥက္ကဋ္ဌ စောမက်သယူးအေး ကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## အဆိုပြုလွှာများ တင်သွင်း

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံစတုတ္ထအစည်းအဝေးသို့ တင်သွင်းမည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် အဆိုပြုလွှာကို ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦးက လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှု (ဇယား-၁) အဆိုပြုလွှာကို ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ဒုတိယခေါင်းဆောင်၊ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် စောမြရာဇာလင်းက လည်းကောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ အဆိုပြုလွှာကို ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) တွဲဖက်အထွေထွေအတွင်းရေးမှူး၊ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် စိုင်းကျော်ညွန့်က လည်းကောင်း ညီလာခံပထမနေ့ အစည်းအဝေးသို့ တင်သွင်းကြသည်။

ထို့နောက် ညီလာခံရက်အလိုက် အစီအစဉ်နှင့် ကျင်းပမည့်ပုံစံကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးငွေဝင်းအောင်က လည်းကောင်း၊ ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဗိုလ်ချုပ်စိုးနိုင်ဦးက လည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် ညီလာခံ သဘာပတိအဖွဲ့ဝင် တာလုဖေက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ညီလာခံပထမနေ့ အစီအစဉ်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၏ လုပ်ငန်းအစီရင်ခံစာနှင့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U) ၏ လုပ်ငန်းအစီရင်ခံစာများကို သက်ဆိုင်ရာ ကော်မတီအသီးသီးက တာဝန်ရှိစွာ ဆောင်ရွက်ချက်အပြည့်အစုံကို တင်ပြသွားကြပြီ ဖြစ်ပါကြောင်း။

## ကြိုးပမ်းဖော်ဆောင်

ညီလာခံ၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ကို အတည်ပြုချုပ်ဆိုနိုင်ရေးအတွက် အဆိုပြုထားပြီးဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီချက် ၁၅ ချက်၊ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် အကောင်အထည်ဖော်မှု (၈) ရပ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ (၅) ရပ်တို့ကို အပိုင်းအလိုက် အဆိုပြုချက်များ တင်သွင်းသွားကြပြီဖြစ်ပါကြောင်း၊ ယင်းအဆိုပြုတင်ပြချက်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ရှင်သန်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုကြီးဖြစ်ထွန်းရေးအတွက် မဆုတ်မနစ် အရှိန်အဟုန် အားကောင်းစွာဖြင့် ကြိုးပမ်းဖော်ဆောင်သွားကြရမည့် ပြည်ထောင်စုသားအားလုံး၏ ဘုံလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ဟု တင်ပြလိုပါကြောင်း။

ထို့ကြောင့် ယခုညီလာခံကြီးက အတည်ပြု ချမှတ်ပြီးသည်နှင့် ပြည်ထောင်စုသဘောတူညီချက်များကို ပြည်ထောင်စုကြီးနှင့် ပြည်ထောင်စုသားများ၏အကျိုး ဦးတည်ရည်မှန်းပြီး ဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခြေပြုပြီး ပြည်ထောင်စုသားအားလုံး၏ စည်းလုံးညီညွတ်ရေးကို ထပ်ဆင့်အခြေပြု၍ စဉ်ဆက်မပြတ် တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့်အတူ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ထွန်းရေးကို တစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တာဝန်ယူဆောင်ရွက်ကြမည့် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေး၊ နည်းပညာ၊ အတွေ့အကြုံများနှင့် ညှိနှိုင်းဆက်စပ် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အချိန်ကာလအလိုက် လုပ်ငန်းစဉ်များ မပြတ်မလပ် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုကို လိုချင်တပ်မက်သည့် စိတ်ထား လူတိုင်းကိုယ်စီတွင် အသွေးအသားထဲက အမှန်တကယ် ပြင်းပြခဲ့မည်ဆိုပါက ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ပန်းတိုင်သည် မသွားခင်က ရောက်နှင့်မည်ဖြစ်သည်ကို တင်ပြလိုပါကြောင်း၊ ငြိမ်းချမ်းရေးကို လိုချင်သယောင် ဟန်ဆောင်ပြောဆိုပြီး အတ္တ၊ မာန်မာနများ ရှိနေကြဦးမည်ဆိုသည့် မေးခွန်းမရှိရလေအောင် မိမိတို့အားလုံးက သတိကြီးစွာ ထားကြရမည်ဖြစ်ပါကြောင်း၊ ယနေ့တင်ပြသွားသည့် ပြည်ထောင်စုသဘောတူညီချက် အစိတ်အပိုင်း (၃) ကို ညီလာခံကြီးက အတည်ပြုချမှတ်ပြီးသည်နှင့် ညီလာခံကြီး၏ အရှိန်အဟုန်ကို အခြေခံပြီး ပြည်ထောင်စုတစ်ဝန်းလုံး နေရာဒေသအနှံ့ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖြစ်ထွန်းမှုနှင့်အတူ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ထွန်းရေး လုပ်ငန်းစဉ်တိုင်းတွင် အချင်းချင်း အပြန်အလှန် ယုံကြည်မှုပြည့်ဝစွာဖြင့် အတူတကွ စွမ်းဆောင်သွားကြစေလိုပါကြောင်း ပြောကြားပြီး ညီလာခံ ပထမနေ့ အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသည်။

သတင်းစဉ်

## မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၉

မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးကျော်စိုးတို့သည် ယနေ့ ညနေပိုင်းတွင် သွားရောက်တွေ့ဆုံ၍ မွန်ပြည်နယ်မှ ကော်မရှင်သို့ ပေးပို့တိုင်ကြားလာသော တိုင်တန်းချက်ပါ အခြေအနေများ၊ ကော်မရှင်မှ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်း တို့အား ကြည့်ရှုစစ်ဆေးမှု အခြေအနေများ၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ ကော်မရှင်၏ ဆောင်ရွက်နေမှုများကို ဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) စာအုပ်များနှင့် ကော်မရှင် လက်ကမ်းစာစောင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

သတင်းစဉ်



# (၂၈) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးများ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

(၂၈) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးများ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၌ ကျင်းပသည်။

အစည်းအဝေးသို့ အစိုးရအစုအဖွဲ့မှ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးနှင့် ဗိုလ်မှူးချုပ် ရဲရင့်ဝင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးမြွေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့မှ စဝ်စိုင်းငင်း(RCSS)၊ ပဒိုစောတာဒိုမူး(KNU)၊ ဦးမျိုးဝင်း (ABSDF)၊ စောမြရာဇာလင်း (ALP)၊ ခွန်မြင့်ထွန်း (PNLO)နှင့် နိုင်အောင်မငေး(NMSP)၊ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ဦးနိုင်ငံလင်း(NLD)၊ ဦးမြင့်စိုး(USDP)၊ စိုင်းကျော်ညွှန့် (SNLD)၊ တာလှဖေ (တအာင်း (ပလောင်))၊ ဦးသိန်းထွန်း (NUP) နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



(၂၈) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးများ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၃) ကိစ္စ၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့် လိုက်လုပ်ငန်းစဉ်များနှင့်အဆင့်လိုက်အကောင်အထည်ဖော်မှုများ (ဇယား-၁)၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ သဘောတူညီချက်၊ ညီလာခံဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ညီလာခံ တတိယနေ့ အစီအစဉ်၊ ညီလာခံတွင် လုပ်ငန်းတာဝန်ခွဲဝေမှုနှင့် သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးသူများ၊ အသိသက်သေများ၊ အကြိမ် (၂၀)မြောက် UPDJC အစည်းအဝေး အစီအစဉ်နှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# (၂၉) ကြိမ်မြောက် အာဆီယံ အကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေး ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

**(၂၉) ကြိမ်မြောက် အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်က ရန်ကုန်မြို့မှ ပါဝင်၍ အာဆီယံအကောက်ခွန် သဘာပတိအဖြစ် ဆောင်ရွက်သည်။** (ယာပုံ)

အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အကောက်ခွန်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ၊ အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးလုပ်ငန်းအဖွဲ့၊ အကောက်ခွန်ဥပဒေစိုးမိုးရေးနှင့် လိုက်နာဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့၊ အကောက်ခွန်စွမ်းဆောင်ရည် ပျိုးထောင်တည်ဆောက်ရေးလုပ်ငန်းအဖွဲ့၊ အာဆီယံပြတင်းတစ်ပေါက်စနစ်ဆိုင်ရာ ဦးဆောင်ကော်မတီများ၏ (၂၀၁၉-၂၀၂၀) အစီရင်ခံစာများ၊ အကောက်ခွန် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၆ - ၂၀၂၀) ပြီးစီးမှု သုံးသပ်ချက်များနှင့် လုပ်ငန်းအဖွဲ့များမှ နောင်ငါးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အကောက်ခွန် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၂၁-၂၀၂၅) တို့အား ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ယနေ့ ဒုတိယနေ့အစည်းအဝေးတွင် ကမ္ဘာ့အကောက်ခွန်အဖွဲ့မှ အတွင်းရေးမှူးချုပ် Dr. Kunio Mikuriya တက်ရောက်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အပြည်ပြည်ဆိုင်ရာ အကောက်ခွန် ကိစ္စရပ်များအပေါ် ဆွေးနွေးသည်။

ထို့ပြင် အာဆီယံဆွေးနွေးဖက် နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ဩစတြေးလျ၊ ကိုရီးယားနိုင်ငံတို့မှ အကောက်ခွန်ကိုယ်စားလှယ်များနှင့် COVID-19 တုံ့ပြန်မှုဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော် E-commerce ဆိုင်ရာ ကိစ္စရပ်များ၊ ပုဂ္ဂလိက ကဏ္ဍဖြစ်သော USABC၊ EUABC မှ ကိုယ်စားလှယ်များနှင့် Customs Automation၊ Advanced Rulings၊ ASEAN Wide MRA on AEO ၊ E-commerce Trusted Traders Programme ၊ Collaboration on Anti-illicit Trade၊ ASEAN Low Value Shipment ဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကြသည်။

(၂၉) ကြိမ်မြောက် အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးကို Video Conferencing စနစ်ဖြင့် ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်အထိ နှစ်ရက်တိုင်





နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပခဲ့ပြီး အစည်းအဝေးပထမနေ့တွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အကောက်ခွန် ကိုယ်စားလှယ်များ တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အာရှနှင့် အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာကလပ်အသင်းများ ရွေးချယ်

ရန်ကုန် ဩဂုတ် ၁၉

**အာရှဘောလုံးအဖွဲ့ချုပ်နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်တို့က ကျင်းပမည့် ဖူဆယ်ကလပ်ပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ကလပ်အသင်းများကို ဩဂုတ် ၁၇ ရက်က အတည်ပြုရွေးချယ်လိုက်ပြီဖြစ်သည်။**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံး ကော်မတီသည် ဩဂုတ် ၁၇ ရက်က MFF ရုံး၌ အစည်းအဝေးပြုလုပ်ပြီးနောက် နိုင်ငံတကာ ဖူဆယ်ကလပ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉-၂၀၂၀ ရာသီ ဖူဆယ်လိဂ်ချန်ပီယံအသင်းကို အာရှဖူဆယ်ကလပ်ပြိုင်ပွဲနှင့် ၂၀၁၉ MFF Open Cup ပြိုင်ပွဲ ချန်ပီယံအသင်းကို အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုရန် ဆုံးဖြတ်ထားသော်လည်း ပြိုင်ပွဲနှစ်ခုစလုံးတွင် MIU အသင်းက ဗိုလ်စွဲခဲ့သောကြောင့် ပြိုင်ပွဲတစ်ခုသာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ MIU ဖူဆယ်အသင်းသည် ၂၀၂၁ ခုနှစ်တွင် ကျင်းပမည့် ၂၀၂၁ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လိဂ်ပြိုင်ပွဲတွင် ဒုတိယရခဲ့သည့် VUC အသင်းက အာရှဖူဆယ်ကလပ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် ကျင်းပမည့် ပြိုင်ပွဲအားလုံးကို ဖျက်သိမ်းခဲ့သောကြောင့် MIU အသင်းသည် ၂၀၂၁ ခုနှစ်တွင် ကျင်းပမည့် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲမှသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်မှာမူ ၂၀၂၀ အာရှဖူဆယ်ကလပ်ပြိုင်ပွဲကို ဒီဇင်ဘာတွင် ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပရန် မသေချာသေးဘဲ လာမည့်နှစ်သို့ ပြောင်းရွှေ့ခဲ့ပါကလည်း VUC အသင်းသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

MIU အသင်းသည် အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် ငါးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ် လေးကြိမ်စလုံး တတိယဆုရရှိခဲ့သည်။ VUC အသင်းမှာမူ အာရှဖူဆယ်ကလပ်ပြိုင်ပွဲတွင် သုံးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ၂၀၁၈ နှင့် ၂၀၁၉ ပြိုင်ပွဲတွင် နှစ်ကြိမ်စလုံး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**ညီမြတ်သော်တာ**

## YRTA အနေဖြင့် ကျောင်းကားခကို ယခင်နှစ် စာသင်နှစ်က နှုန်းထားအတိုင်း ကောက်ခံမည်

**ရန်ကုန် ဩဂုတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) သည် ကျောင်းကားခကို ယခင်နှစ် စာသင်နှစ်က နှုန်းထားအတိုင်း ကောက်ခံမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ညီညီမော်က ပြောသည်။

ပြီးခဲ့သည့်နှစ်က ကျောင်းကားခကို အကွာအဝေးအပေါ် မူတည်ကောက်ခံခဲ့ခြင်းဖြစ်ပြီး ကျောင်းသားတစ်ဦးလျှင် အများဆုံး ငွေကျပ် ၅၀၀၀၀ ဝန်းကျင်မှ အနည်းဆုံး ငွေကျပ် ၂၀၀၀၀ ဝန်းကျင်အထိ ပေးဆောင်ရကြောင်း ၎င်းက ဆက်ပြောသည်။

“ကျောင်းကားခကို ကျွန်တော်တို့ YRTA အနေနဲ့ ယခင်နှစ် စာသင်နှစ်က နှုန်းထားအတိုင်းပဲ ကောက်ခံသွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျောင်းကားပေါ်မှာ စီးနင်းရမယ့် ဦးရေကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ပြဋ္ဌာန်းပေးထားတဲ့ ပြဋ္ဌာန်းချက်များနဲ့အညီ ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ် ”ဟု ဦးအောင်ညီညီမော်က ပြောသည်။

ထို့ပြင် ကိုဗစ်-၁၉ ကြောင့် ကျောင်းကားတစ်စီးလျှင် ကျောင်းသား ၂၈ ဦး တင်ဆောင်နိုင်သော်လည်း ၁၄ ဦးသာ တင်ဆောင်မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

လက်ရှိတွင် အထက်တန်းကျောင်း TTC(ကမာရွတ်)မှကျောင်းသားကျောင်းသူ ၅၇ ဦး၊ မြောက်ဥက္ကလာ (အထက-၁)မှ ကျောင်းသား ကျောင်းသူ ၁၂ ဦး၊ မြောက်ဥက္ကလာ(အထက-၆)မှ ကျောင်းသား ကျောင်းသူ ၂၂ ဦး စုစုပေါင်း ၉၀ ကျော် စာရင်းပေးထားပြီး ပြေးဆွဲမည့် လမ်းကြောင်းနှင့် သတ်မှတ်ဦးရေ တင်ဆောင်နိုင်ရေး စတင်ပြင်ဆင်နေကာ ကျန်သည့်ကျောင်းများကလည်း စာရင်းများ ကောက်ခံနေကြောင်း YRTA ထံမှ သိရသည်။

ပြီးခဲ့သည့်စာသင်နှစ်ကလည်း ကျောင်းကားအစီးရေ ၁၀၇ စီးဖြင့် ကျောင်းပေါင်း ဆယ်ကျောင်းကျော်မှ ကျောင်းသား ကျောင်းသူ ၂၀၀၀ ဝန်းကျင်ကို ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ကျောင်းကား ပြေးဆွဲရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျောင်းကားစီးရေ ၂၀၀ ဝယ်ယူထားသည်။ **ငြိမ်းငြိမ်း**

# အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ကိုဗစ်-၁၉ တိုက်ဖျက်ရေး အထူးအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**
အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ကိုဗစ်-၁၉ တိုက်ဖျက်ရေး အထူးအစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီက ဗီဒီယို ကွန်ဖရင့်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



**တွေ့ကြုံရင်ဆိုင်**

ရှေးဦးစွာ အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး(AMRDPE)အလှည့်ကျ ဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၂၅ ခုနှစ် အာဆီယံမျှော်မှန်း ချက်နှင့် ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံများ၏ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အောင်မြင်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့အနေဖြင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေး ကြိုးပမ်းအားထုတ်မှုများကို အာဆီယံပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်နိုင်သော ချဉ်းကပ်မှုနည်းလမ်းဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် မိမိတို့၏ အာဆီယံအသိုက်အဝန်း ထူထောင်ရေး ကြိုးပမ်းအားထုတ်မှုများတွင် အောင်မြင်မှုများစွာ ရရှိပြီးဖြစ်သော်လည်း ကမ္ဘာတစ်ဝန်းလုံးတွင် လက်ရှိ ပျံ့နှံ့ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ကူးစက်ရောဂါ အကျိုးဆက်ကြောင့် မိမိတို့ အာဆီယံဒေသအနေဖြင့် မကြုံစဖူး စိန်ခေါ်မှုများစွာကို တွေ့ကြုံရင်ဆိုင်နေကြရပါကြောင်း။

ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ ဆိုးရွားသောအကျိုးသက်ရောက်မှုများကြောင့် မိမိတို့၏ စီးပွားရေး၊လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများတွင် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း မိမိတို့ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး လုပ်ငန်းစဉ်များတွင်လည်း နှောင့်နှေးကြန့်ကြာမှုများ ရှိလာပြီး ဆင်းရဲနွမ်းပါးသော ပြည်သူများအနေဖြင့်လည်း ထိခိုက်နစ်နာမှုများအား ပိုမိုရင်ဆိုင်ရမည့် အခြေအနေများ ပေါ်ပေါက်လျက်ရှိပါကြောင်း၊ ယင်းကူးစက်ရောဂါ အကျိုးဆက်များအား ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝထိခိုက်ဆုံးရှုံးမှုများအား လျှော့ချနိုင်ရန်အတွက် မိမိတို့အနေဖြင့် ပေါင်းစည်းညီညွတ်၍ တုံ့ပြန်နိုင်စွမ်းရှိသော အာဆီယံစိတ်ဓာတ် ( ASEAN Spirit of Cohesiveness and Responsiveness) ကို လက်ကိုင်ပြု၍ ခိုင်မာသော သန္နိဋ္ဌာန်၊ ကတိကဝတ်များဖြင့် အားလုံးပူးပေါင်း ဝိုင်းဝန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ် Mr. Dato' Lim Jock Hoi (မစ္စတာ ဒါတိုလင်မ် ဂျော့ခ်ဟွိုင်) က ကိုဗစ်-၁၉ ကုစားရေးစီမံချက်တွင် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့် ASEAN Comprehensive Recovery Framework တွင် ထည့်သွင်းသင့်သည့် ကိစ္စရပ်များ အကြံပြုဆွေးနွေးသည်။

**အလေးထားဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးရာတွင် အာဆီယံနိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါအား ကိုင်တွယ်ဖြေရှင်းရမည့် နည်းလမ်းများအတွက် သက်ဆိုင်ရာ နယ်ပယ်အလိုက် အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး နယ်ပယ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ အကျိုးဆက်များအား တုံ့ပြန်နိုင်ရန်အတွက် အဆိုပါ မူဝါဒလမ်းညွှန်ချက်များ၊ မဟာဗျူဟာမြောက် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ မိမိတို့၏ သဘောထားအမြင်များအား ဆွေးနွေးဖလှယ်နိုင်ရန်အတွက် ယနေ့ အစည်းအဝေး ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် မိမိတို့ အာဆီယံဒေသအတွင်း အားလုံးရင်ဆိုင် တွေ့ကြုံနေရသည့် တူညီသော ထိခိုက်နစ်နာမှုများအား ထောက်ရှုလျက် မိမိတို့အနေဖြင့် ကူးစက်ရောဂါကို အချိန်နှင့် တစ်ပြေးညီ ထိရောက်စွာ တုံ့ပြန်ဖြေရှင်းရာတွင် ပေါင်းစည်းညီညွတ်သော၊ ကဏ္ဍပေါင်းစုံ၊ သက်ဆိုင်သူပေါင်းစုံပါဝင်သော ချဉ်းကပ်မှုနည်းလမ်း (Coher-ent, Multi-sectoral, Multi-stakeholder approach) အား ကျင့်သုံးဆောင်ရွက်ရေးသည် အလွန် အရေးကြီးပါကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေးစီမံချက်အား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် စတင်ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဆိုပါစီမံချက်ဟာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်ခြင်းမရှိစေဘဲ အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများအားလုံးအပေါ် ကပ်ရောဂါ၏ ဆိုးကျိုးသက်ရောက်မှုများကို လျှော့ပါးသက်သာစေရေးအတွက် ဟန်ချက်ညီညီ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများတွင်လည်း ကပ်ရောဂါ တုံ့ပြန်နိုင်ရန်အတွက် မိမိတို့ နိုင်ငံကဲ့သို့ မဟာဗျူဟာမြောက်စီမံချက်များရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ဒေသအတွင်း ကပ်ရောဂါအား ရင်ဆိုင်တွေ့ကြုံနေရသည့် တစ်ချိန်တည်းမှာပင် နောင်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့်အလားတူဘေးအန္တရာယ်များကို မိမိတို့ပြည်သူလူထု၏ တုံ့ပြန်နိုင်စွမ်းအားကို မြှင့်တင်ဆောင်ရွက်ရေးသည်လည်း မိမိတို့လက်ရှိဆောင်ရွက်လျက်ရှိသည့် တုံ့ပြန်နိုင်စွမ်းအား ကောင်းမွန်သော၊ ရေရှည်တည်တံ့သော၊ အားလုံးပါဝင်နိုင်သော အာဆီယံလူမှုအသိုက်အဝန်း တည်ဆောက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသည်ကို မိမိတို့အနေဖြင့် နားလည်သိရှိထားပြီးဖြစ်ကြောင်း၊ အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သည့်အလားတူဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အထူးသဖြင့် ထိခိုက်နစ်နာလွယ်သည့် အုပ်စုများမှ ပြည်သူများအား ကောင်းမွန်စွာ ကြိုတင်ပြင်ဆင်ထားသော တုံ့ပြန်နိုင်စွမ်းအား ကောင်းမွန်သည့် လူထုတစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့မှသာလျှင် မိမိတို့ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု ပပျောက်ရေးနယ်တွင် မမျှော်မှန်းနိုင်သည့် ဘေးအန္တရာယ်ဖြစ်ပေါ်မှု ဆိုးကျိုးသက်ရောက်မှုများအား လျှော့နည်းစေနိုင်မည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်ရာအာဆီယံနိုင်ငံအသီးသီးမှ ဝန်ကြီးများရဲ့ စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်ချက်များအား မိမိအနေဖြင့် ကြိုဆိုအသိအမှတ်ပြုပါကြောင်း၊ မမျှော်မှန်းနိုင်သည့် အနာဂတ်ဘေးအန္တရာယ်များအတွက် အာဆီယံဒေသ၏ ကြိုတင်ပြင်ဆင်မှုနှင့် စွမ်းဆောင်ရည်များကို ဆက်လက်မြှင့်တင်နိုင်ရန် အာဆီယံနိုင်ငံများအနေဖြင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြင်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ နိုင်ငံတကာအဆင့် ဒေသတွင်းအဆင့် အသီးသီးတွင် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ကပ်ရောဂါ စိန်ခေါ်မှုများနှင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုများအား ကိုင်တွယ်ဖြေရှင်းရာတွင် မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံနိုင်ငံများ အားလုံးနှင့်အတူ ဆက်လက်၍ လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ထို့နောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များက နိုင်ငံအလိုက် ကိုဗစ်-၁၉ တိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ကိုဗစ်-၁၉ တိုက်ဖျက်ရေး အထူးအစည်းအဝေးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အစေမခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို အမျိုးသားအဆင့်တိုင်ကြားမှုယန္တရားဖြင့် ကိုင်တွယ်ဖြေရှင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**
မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO) သို့ ၁၉၄၈ ခုနှစ် မေလ ၁၈ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် စတင်ဝင်ရောက်ခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာ ILO ပြဋ္ဌာန်းချက် အမှတ်-၂၉ ကို ၁၉၅၅ ခုနှစ် မတ်လ ၁၈ ရက်တွင် လက်ခံကျင့်သုံးခဲ့၍ အဓမ္မခိုင်းစေမှုပပျောက်ရေး အကောင်အထည်ဖော်ရာတွင် ILO နှင့် လက်မှတ်ရေးထိုးခဲ့သော ၂၀၀၂ ခုနှစ် နားလည်မှုစာချွန်လွှာ နှင့် ၂၀၀၇ ခုနှစ် နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) တို့အရ အဓမ္မခိုင်းစေမှုများ တိုင်ကြားနိုင်သည့် တိုင်ကြားမှုယန္တရားထူထောင်ပြီး အဓမ္မခိုင်းစေမှု တိုင်ကြားချက်များကို ၂၀၁၈ ခုနှစ် ထိ ILO နှင့်ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

၂၀၁၉ ခုနှစ်မှစ၍ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို နိုင်ငံပိုင်ယန္တရားဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရန် အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၁) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ လုပ်ငန်းစီမံချက်အရ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ထူထောင်ရေးဆောင်ရွက်ဆဲကာလတွင် တိုင်ကြားမှုများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ (High Level Working Group-HLWG) က ကြားကာလယန္တရားအဖြစ် ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား - NCM ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်၊ ၇၂/၂၀၁၉ ဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ ဝန်ကြီးဌာန (၁၅) ခုနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၂၆) ဦး ပါဝင်ဖွဲ့စည်းခဲ့သော အမျိုးသားကော်မတီကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၈ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်၊ ၂၈/၂၀၂၀ ဖြင့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ထပ်မံ ထည့်သွင်း၍ စုစုပေါင်း ၃၁ ဦး ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၇ ရက်တွင် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်အကောင်အထည်ဖော်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလမှ စတင်လည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ ကြားကာလယန္တရားမှ လက်ခံရရှိခဲ့သော အမှုများအပါအဝင် စုစုပေါင်း ၅၃ မှု လက်ခံရရှိခဲ့ပြီး အဆိုပါအမှုများတွင် အသက်မပြည့်ဘဲ တပ်မတော်သို့ စုဆောင်းခံရသဖြင့် တပ်မတော်မှ နုတ်ထွက်လိုမှု၊ အလုပ်သမားရေးရာနှင့် ဆက်နွှယ်သည့်အမှုများ အဓိကပါဝင်ပြီး အမြန်ဆုံးဖြေရှင်းဆောင်ရွက်လျက်ရှိရာ ၃၃ မှု ဖြေရှင်းဆောင်ရွက်ပြီးဖြစ်၍ ၂၀ မှု ဆောင်ရွက်ဆဲဖြစ်သည်။ ထို့အပြင် အမျိုးသားကော်မတီအနေဖြင့်လည်း တိုင်ကြားသူများ၏ တိုင်ကြားစာအား အဓမ္မခိုင်းစေမှု မြောက်/မမြောက် စိစစ်ဆောင်ရွက်လျက်ရှိသလို တိုင်ကြားသူများ၏ အချက်အလက်များကိုလည်း မသက်ဆိုင်သူများ မသိရှိစေရေး ဆောင်ရွက်ထားရှိသည်။

မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို လွှတ်တော်၊ နိုင်ငံတော်သမ္မတရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ILO (ရန်ကုန်) နှင့်အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် (၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် email လိပ်စာ mol@mptmail.net.mm, molipoffice@gmail.com, research.org.dol.mm@gmail.com များသို့လည်းကောင်း ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**
**ရက် ၈၀ သာ**
**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
- ➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- ➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- ➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများ အလုပ်အကိုင်ရရှိရေး



ကိုဗစ်-၁၉ ကိစ္စသည် မပြီးပြတ်သေးပါကြောင်း၊ ယင်းစိန်ခေါ်မှုသည် အဆုံးအထိ မရောက်သေးပါကြောင်း၊ ဆက်လက်ရပ်တည် ရုန်းကန်ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများ အလုပ်အကိုင်ရရှိရေးကို နိုင်ငံတော်က ကြိုးစားဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း ကြိုးစားပေးစေလိုပါကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက ရေရှည်တွင် အားလုံးအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံသားများအနေဖြင့် ပြည်ပတွင် သွားရောက်၍ အလုပ်မရှာဖွေရအောင်နှင့် ပြည်တွင်းလုပ်ငန်းများလည်း ပိုမိုကျွမ်းကျင်သည့် အလုပ်သမားများရရှိပြီး ပိုမိုတိုးတက်လာနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက်အတွက် အကျိုးရှိပါကြောင်း။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၇-၂၀၂၀ ရက်နေ့တွင် COVID-19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)**

## မြန်မာနိုင်ငံသို့ ပြည်ပညွှေ့သည်လာရောက်မှုစာရင်း

| စဉ် | အကြောင်းအရာ | ၂၀၁၉ ဇန်နဝါရီ လမှဇူလိုင်လ | ၂၀၂၀ ဇန်နဝါရီလ မှဇူလိုင်လ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့် လာရောက်သူများ | ၉၇၇၅၉၈ | ၃၂၄၃၂၉ | -၆၅၃၂၆၉ | (-)၆၇% |
| ၂ | သင်္ဘောဖြင့်ဝင်ရောက်သူများ | ၆၀၈၄ | ၈၈၉ | -၅၁၉၅ | (-)၈၅% |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ လာရောက်သူများ | ၇၀၆၆၈ | ၄၀၄၁၅ | -၃၀၂၅၃ | (-)၄၃% |
| | **ဗီဇာဖြင့်လာရောက်သူပေါင်း** | ၁၀၅၄၃၅၀ | ၃၆၅၆၃၃ | -၆၈၈၇၁၇ | (-)၆၅% |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ | ၁၄၁၉၉၆၁ | ၄၈၆၇၉၉ | -၉၃၃၁၆၂ | (-)၆၆% |
| | **စုစုပေါင်း** | ၂၄၇၄၃၁၁ | ၈၅၂၄၃၂ | -၁၆၂၁၈၇၉ | (-)၆၆% |

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## နိုင်ငံအလိုက် ခရီးသွားဝင်ရောက်မှု (နှိုင်းယှဉ်ဇယား)

| စဉ် | နိုင်ငံ/ဒေသ | ၂၀၁၉(ဇူလိုင်လ) | ၂၀၂၀(ဇူလိုင်လ) | ခြားနားချက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| | **မြောက်အမေရိက** | ၄၅၆၇၄ | ၁၇၃၉၉ | -၂၈၂၇၅ | -၆၂% |
| ၁ | အမေရိကန် | ၃၉၁၄၆ | ၁၄၆၉၃ | -၂၄၄၅၃ | -၆၂% |
| ၂ | ကနေဒါ | ၆၅၂၈ | ၂၇၀၆ | -၃၈၂၂ | -၅၉% |
| | **အခြားအမေရိကနိုင်ငံများ** | ၆၀၅၀ | ၂၆၉၁ | -၃၃၅၉ | -၅၆% |
| | **အနောက်ဥရောပ** | ၁၀၀၁၆၀ | ၅၄၈၇၃ | -၄၅၂၈၇ | -၄၅% |
| ၁ | ပြင်သစ် | ၂၄၇၉၀ | ၁၅၂၆၄ | -၉၅၂၆ | -၃၈% |
| ၂ | ယူနိုက်တက်ကင်းဒမ်း | ၁၉၈၁၃ | ၉၁၅၈ | -၁၀၆၅၅ | -၅၄% |
| ၃ | ဂျာမနီ | ၁၅၅၈၀ | ၈၉၃၉ | -၆၆၄၁ | -၄၃% |
| ၄ | အီတလီ | ၉၆၉၀ | ၅၇၅၀ | -၃၉၄၀ | -၄၁% |
| ၅ | ဆွစ်ဇာလန် | ၄၈၀၂ | ၂၈၁၉ | -၁၉၈၃ | -၄၁% |
| ၆ | နယ်သာလန် | ၅၄၁၂ | ၂၅၆၄ | -၂၈၄၈ | -၅၃% |
| ၇ | ဘယ်လ်ဂျီယံ | ၂၉၁၁ | ၁၉၆၃ | -၉၄၈ | -၃၃% |
| ၈ | ဩစတြီးယား | ၂၀၃၂ | ၁၆၄၆ | -၃၈၆ | -၁၉% |
| ၉ | စပိန် | ၅၆၈၀ | ၂၁၃၄ | -၃၅၄၆ | -၆၂% |
| ၁၀ | အခြားနိုင်ငံများ | ၉၄၅၀ | ၄၆၃၆ | -၄၈၁၄ | -၅၁% |
| | **အရှေ့ဥရောပ** | ၉၉၉၅ | ၇၀၁၈ | -၂၉၇၇ | -၃၀% |
| ၁ | ရုရှား | ၂၈၀၄ | ၁၉၈၇ | -၈၁၇ | -၂၉% |
| ၂ | အခြားနိုင်ငံများ | ၇၁၉၁ | ၅၀၃၁ | -၂၁၆၀ | -၃၀% |
| | **အာဖရိက** | ၂၄၇၂ | ၁၃၂၂ | -၁၁၅၀ | -၄၇% |
| | **အရှေ့အလယ်ပိုင်းနိုင်ငံ** | ၃၁၆၂ | ၁၈၆၅ | -၁၂၉၇ | -၄၁% |
| | **အာရှ** | ၈၇၀၄၅၂ | ၂၇၃၇၈၇ | -၅၉၆၆၆၅ | -၆၉% |
| ၁ | ထိုင်း | ၁၅၇၂၆၁ | ၅၈၆၀၉ | -၉၈၆၅၂ | -၆၃% |
| ၂ | တရုတ် | ၃၈၅၉၄၂ | ၁၀၈၅၁၇ | -၂၇၇၄၂၅ | -၇၂% |
| ၃ | ဟောင်ကောင် | ၁၈၉၀၂ | ၄၃၇၃ | -၁၄၅၂၉ | -၇၇% |
| ၄ | ဂျပန် | ၆၉၇၅၆ | ၂၅၆၁၇ | -၄၄၁၃၉ | -၆၃% |
| ၅ | ကိုရီးယား | ၆၇၈၇၃ | ၁၉၀၀၁ | -၄၈၈၇၂ | -၇၂% |
| ၆ | မကာအို | ၁၅၂၁ | ၃၈၇ | -၁၁၃၄ | -၇၅% |
| ၇ | စင်ကာပူ | ၃၁၃၀၉ | ၈၆၈၉ | -၂၂၆၂၀ | -၇၂% |
| ၈ | ဗီယက်နမ် | ၃၀၂၆၆ | ၉၇၃၆ | -၂၀၅၃၀ | -၆၈% |
| ၉ | ထိုင်ဝမ် | ၂၂၂၈၉ | ၇၂၇၆ | -၁၅၀၁၃ | -၆၇% |
| ၁၀ | အိန္ဒိယ | ၂၆၅၃၉ | ၁၀၉၄၄ | -၁၅၅၉၅ | -၅၉% |
| ၁၁ | မလေးရှား | ၂၄၁၉၆ | ၈၃၀၉ | -၁၅၈၈၇ | -၆၆% |
| ၁၂ | ဖိလစ်ပိုင် | ၁၀၁၀၄ | ၃၂၃၄ | -၆၈၇၀ | -၆၈% |
| ၁၃ | အခြားနိုင်ငံများ | ၂၄၄၉၄ | ၉၀၉၅ | -၁၅၃၉၉ | -၆၃% |
| | **သမုဒ္ဒရာပိုင်းဒေသ** | ၁၆၃၈၅ | ၆၆၇၈ | -၉၇၀၇ | -၅၉% |
| ၁ | ဩစတြေးလျ | ၁၄၂၀၁ | ၅၈၄၁ | -၈၃၆၀ | -၅၉% |
| ၂ | နယူးဇီလန် | ၂၀၉၅ | ၇၉၇ | -၁၂၉၈ | -၆၂% |
| ၃ | အခြားနိုင်ငံများ | ၈၉ | ၄၀ | -၄၉ | -၅၅% |
| | **စုစုပေါင်း** | ၁၀၅၄၃၅၀ | ၃၆၅၆၃၃ | -၆၈၈၇၁၇ | -၆၅% |

မှတ်ချက်-ဗီဇာဖြင့် ဝင်ရောက်သူများ

◆ *ကျောဖုံးမှ*

ငင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေ စိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့အနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

မလေးရှားနိုင်ငံမှ ယနေ့အထိ ကယ်ဆယ်ရေးလေယာဉ် ကိုးကြိမ်တိုင်ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ပြီး ဩဂုတ် ၂၆ ရက်တွင်လည်း မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းတွင်းမြစ်ရေ မင်းကင်းမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

နေပြည်တော် ဩဂုတ် ၁၉

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မင်းကင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ကိုဗစ် -၁၉ ရောဂါပိုးရှိသူ ၁၈ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၉၄ ဦးရှိပြီ

နေပြည်တော် ဩဂုတ် ၁၉

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၁၈ ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၉၄ ဦးရှိပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ၁၈ ဦးမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ ၁၄ ဦး၊ ဖိလစ်ပိုင်မှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူ သုံးဦးတို့ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၃၉၄ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၃၃ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၂၉ ဦးနှင့် ဩဂုတ် ၁၈ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၁၉ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၆ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၃၇၇၄၉ | ၃၉၄ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၃၃၃ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၀၈၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၂၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၃၀၂ | ၅ |
| ၂ | ရခိုင် | ၂၀ | |
| ၃ | ချင်း | ၁၇ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| | စုစုပေါင်း | ၃၉၄ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၉-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

### ၁၉-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၆၅၇၅၆၁ | ၃၀၁၂၀၅၈ | ၁၇၅၁၁၉ |
| ၂။ | ဘရာဇီး | ၃၄၁၁၈၇၂ | ၂၅၅၄၁၇၉ | ၁၁၀၀၁၉ |
| ၃။ | အိန္ဒိယ | ၂၇၈၆၉၉၉ | ၂၀၅၂၇၃၆ | ၅၃၁၆၄ |
| ၄။ | ရုရှား | ၉၃၇၃၂၁ | ၇၄၉၄၂၃ | ၁၅၉၈၉ |
| ၅။ | တောင်အာဖရိက | ၅၉၂၁၄၄ | ၄၈၅၄၆၈ | ၁၂၂၆၄ |
| ၆။ | ပီရူး | ၅၄၉၃၂၁ | ၃၇၄၀၁၉ | ၂၆၆၅၈ |
| ၇။ | မက္ကဆီကို | ၅၃၁၂၃၉ | ၃၆၃၃၀၇ | ၅၇၇၇၄ |
| ၈။ | ကိုလံဘီယာ | ၄၈၉၁၂၂ | ၃၁၂၃၂၃ | ၁၅၆၁၉ |
| ၉။ | ချီလီ | ၃၈၈၈၅၅ | ၃၆၂၄၄၀ | ၁၀၅၄၆ |
| ၁၀။ | စပိန် | ၃၈၄၂၇၀ | စိစစ်ဆဲ | ၂၈၆၇၀ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၉- ၈ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၇၃၇၇၄ | ၁၁၃၄၈၁ | ၂၇၉၅ |
| အင်ဒိုနီးရှား | ၁၄၄၉၄၅ | ၉၈၆၅၇ | ၆၃၄၆ |
| စင်ကာပူ | ၅၆၀၃၁ | ၅၂၅၃၃ | ၂၇ |
| မလေးရှား | ၉၂၃၅ | ၈၉၂၅ | ၁၂၅ |
| ထိုင်း | ၃၃၈၂ | ၃၁၉၉ | ၅၈ |
| ဗီယက်နမ် | ၉၉၃ | ၅၃၃ | ၂၅ |
| မြန်မာ | ၃၉၄ | ၃၃၃ | ၆ |
| ကမ္ဘောဒီးယား | ၂၇၃ | ၂၅၁ | ၀ |
| ဘရူနိုင်း | ၁၄၃ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၁၉ | ၀ |

## ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် တောင်သူများအား မျိုးစေ့ဖိုးနှင့် စိုက်ပျိုးစရိတ်များထောက်ပံ့

သိန္နီ ဩဂုတ် ၁၉

သိန္နီမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးရုံးတွင် စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် Rs–Cs မျိုးသန့်ပွားစိုက်ပျိုးသည့် တောင်သူများအား မျိုးစေ့ဖိုးနှင့် စိုက်ပျိုးစရိတ်ငွေ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက်က ကျင်းပသည်။



အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းထင်စိုးက ထောက်ပံ့ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီနှင့် ဦးစိုင်းစိန်လူတို့က အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မျိုးစေ့ထုတ် ဧက ၇၀ အတွက် ထောက်ပံ့ကြေး ငွေကျပ် ၅၈၄၅၀၀၀ ပေးအပ်သည်။

ထို့နောက် မိုးစပါးနှင့် မိုးပဲပုပ်စံပြစိုက်ပျိုးသည့် တောင်သူ ၁၉ ဦးအား မြေဩဇာ ၃၅ အိတ်၊ ရွက်ဖျန်းအားဆေး၊ အသင့်သုံး အီးအမ် ဧက ၃၀ စာတို့ကို ထောက်ပံ့ပေးအပ်သည့်အပြင် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ပူးစ်ပါးဒေဝီက မိုးစပါးပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းနှင့် မြို့နယ်ဦးစီးမှူး ဦးစောသိန်းထိုက်က စပါးမျိုးကောင်းမျိုးသန့် Rs–Cs စိုက်ပျိုးထုတ်လုပ်နည်း ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

## ကျိုက်မရောမြို့နယ်တွင် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၁၉

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ကိုဗစ်–၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ ကျေးလက်ဒေသနေ မိသားစုများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများ ကုစားပေးနိုင်ရန် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ရန်ပုံငွေ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်၊ ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးမောင်နှင့် ကျိုက်မရောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်မြင့်တို့က အမှာစကား ပြောကြားပြီး ကျေးရွာ မတည်ရန်ပုံငွေ စီမံကိန်းဆောင်ရွက်မည့် ပုံစံ–၁ တွင် ကျေးရွာခုနစ်ရွာအတွက် မတည်ရန်ပုံငွေ ကျပ်သိန်း ၃၀၀၊ ပုံစံ–၂ တွင် ကျေးရွာနှစ်ရွာအတွက် မတည်ရန်ပုံ ငွေကျပ် သိန်း ၂၀၀ နှင့် ပုံစံ–၃ တွင် ကျေးရွာလေးရွာအတွက် မတည်ရန်ပုံ ငွေကျပ်သိန်း ၁၀၀ တို့ကို ကျေးရွာ ၁၃ ရွာမှ စီမံကိန်း ကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဂျိုင်းလော

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၉–၈–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၈–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် – အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၄၃) ခုတွင်–

- COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၁၈–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၂၂၃ )ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၂၀)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၇၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၂၅၆) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၂၁၆) ခု၊

စုစုပေါင်း (၁,၉၉၃)ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။

၃။ (၁၉–၈–၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၇၉)ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၁၉–၈–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၃) ဦး | (၃၇၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၃၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၁၉–၈–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၈-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ ထပ်မံ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၄၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၃) ဦး |

**COVID-19 ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၉-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

ဇယား -၁

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ / မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 377 | ၂၃ နှစ် | မ | စစ်တွေမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 378 | ၅၀ နှစ် | မ | စစ်တွေမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 379 | ၄၅ နှစ် | မ | စစ်တွေမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၉–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၉–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၆၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၃၇) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၀၈) ခု၊
- စုစုပေါင်း (၁,၀၀၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦးတွေ့ရှိရပါသည်။

၂။ (၁၉–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၉၄) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂) ဦး (Case–311, 321) စုစုပေါင်း (၃၃၃) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၂၉) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၁၈–၈–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၉–၈–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၆) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၉–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၉-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၆၀) ခု |
| (၁၉-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၃၇) ခု |
| (၁၉-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁၅) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၉–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၅) ဦး | (၃၉၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၃၃၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၁၉–၈–၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID–19 လူနာတွေ့ရှိမှု**
**ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID–19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှုခံယူစေမည့် ဆေးရုံ | COVID–19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 380 | ၃၇ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 381 | ၃၃ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 382 | ၅၇ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 383 | ၆၂ နှစ် | ကျား | မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 384 | ၃၀ နှစ် | ကျား | မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 385 | ၃၄ နှစ် | ကျား | ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ် | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 386 | ၆၄ နှစ် | ကျား | ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ် | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 387 | ၅၀ နှစ် | ကျား | ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 388 | ၆၄ နှစ် | ကျား | အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 389 | ၇၁ နှစ် | ကျား | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 390 | ၂၅ နှစ် | ကျား | လယ်ဝေးမြို့နယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 391 | ၅၈ နှစ် | ကျား | အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 392 | ၈၀ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 393 | ၂၉ နှစ် | ကျား | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 394 | ၂၁ နှစ် | မ | မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) | မရှိ | ရှိ (ဖိလစ်ပိုင်) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မင်္ဂလာဒုံမြို့နယ်) |

# ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေး ဖိုရမ်ကို ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၉**

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေး ဖိုရမ်ကို ရန်ကုန်မြို့၌ လာမည့်စက်တင်ဘာလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်က ပြောသည်။

အဆိုပါ ဖိုရမ် ကျင်းပခြင်းမှာ မြန်မာ့ရော်ဘာကဏ္ဍတွင် ပါဝင်ဆောင်ရွက်သူများအားလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ရော်ဘာစိုက်ပျိုးသူ၊ ထုတ်လုပ်သူနှင့် TSR စက်ရုံများ၏ ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်စေရေးအတွက် ထုတ်လုပ်မှုမြှင့်တင်ရေး၊ ဈေးနှုန်းရရှိရေး၊ အရည်အသွေးမြှင့်တင်ရာတွင် လိုအပ်သော ထိန်းကျောင်းမှုများ ဆောင်ရွက်သွားနိုင်ရန် ဖြစ်ကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံမှတင်ပို့နေသော ရော်ဘာကုန်ကြမ်းများသည် နိုင်ငံတကာ စံချိန်စံညွှန်းမမီဟုဆိုကာ နိုင်ငံတကာပေါက်ဈေးထက် ဈေးလျှော့ရောင်းနေရကြောင်းကို "ကျွန်တော်တို့က နိုင်ငံတကာပေါက်ဈေးဆိုရင် တစ်တန်ကို ဒေါ်လာ ၁၆၀၀ ဝန်းကျင်လောက်ရှိတယ်။ ကျွန်တော်တို့ ရောင်းရတဲ့ဈေးက တစ်တန်ကို ဒေါ်လာ ၃၀၀/ ၃၅၀ လောက် လျှော့ရောင်းရတယ်။ နိုင်ငံတကာ စံချိန်စံညွှန်းမမီလို့၊ အရည်အသွေးမမီလို့ဆိုပြီး ဈေးလျှော့ရောင်းရတာပေါ့" ဟု ဦးခိုင်မြင့်က ပြောသည်။

မြန်မာနိုင်ငံတွင် ရော်ဘာ စိုက်ဧက ၁၆ သိန်းကျော်ရှိပြီး လက်ရှိတွင် အစေးလှီးနိုင်သော ရော်ဘာစိုက်ဧကရှစ်သိန်းကျော်ရှိကာ တစ်နှစ်လျှင် ပြည်ပသို့ ရော်ဘာကုန်ကြမ်းများ တရားဝင်တင်ပို့မှုမှာ တန်ချိန်နှစ်သိန်းကျော်ရှိကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# မြစ်ကြီးနားမြို့၌ ရွေးကောက်ပွဲသတင်းရေးသားခြင်းသင်တန်း ဖွင့်လှစ်

**မြစ်ကြီးနား ဩဂုတ် ၁၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဂျာမနီနိုင်ငံမှ NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Konrad Adenauer Stiftung နှင့် မြန်မာသတင်းပညာသိပ္ပံ (Myanmar Journalism Institute) တို့ ပူးပေါင်းဖွင့်လှစ်သည့် ရွေးကောက်ပွဲသတင်းရေးသားခြင်းသင်တန်းကို ယမန်နေ့က မြို့မရပ်ကွက်ရှိ Cartel Hotel ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ မြန်မာသတင်းပညာသိပ္ပံ (Myanmar Journalism Institute) မှ တာဝန်ခံ ဦးနိုင်မင်းဝေက ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ လွတ်လပ်ပြီး တရားမျှတမှုရှိစေရန် မီဒီယာအခန်းကဏ္ဍသည် အထူးအရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အလျောက် သတင်းမီဒီယာသမားများအနေဖြင့် ရွေးကောက်ပွဲသတင်းများကို တိကျမှန်ကန်စွာ ရယူနိုင်ရန် ရည်ရွယ်၍ ရွေးကောက်ပွဲသတင်းရေးသားခြင်းသင်တန်း ဖွင့်လှစ်သင်ကြားရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ ဩဂုတ် ၁၈ ရက်မှ ၂၁ ရက်အထိ လေးရက်ကြာ သင်ကြားပေးမည်ဖြစ်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ် အခြေစိုက်သတင်းမီဒီယာသမားများဖြစ်ကြသည့် မြန်မာ့အလင်း၊ ကြေးမုံ၊ MNTV၊ BBC၊ DVB၊ Voice Of Malikha၊ Voice Of Myanmar၊ Skynet၊ စံတော်ချိန် သတင်းဌာနများမှ သင်တန်းသား ၁၄ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ရွေးကောက်ပွဲစက်ဝိုင်း၊ လွှတ်တော်ဖွဲ့စည်းပုံ၊ မဲပေးသည့်စနစ်များ၊ နိုင်ငံရေးပါတီများအကြောင်း၊ ကိုယ်စားလှယ်များအကြောင်း အပါအဝင် ရွေးကောက်ပွဲ သတင်းရေးသားနည်းများကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | ဝင်းကျော် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| **အငယ်တန်းသတင်းထောက်များ** | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၈ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၆၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၈၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၉၀ | ကျပ် | ၅၇၅/၅၈၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၆၀၀ | ကျပ် | ၅၉၀/၆၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၃၀ | ကျပ် | ၅၅၅/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၅၀ | ကျပ် | ၆၈၀/၇၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၃ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၂၇ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၉ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၀၅ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၃ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၉၁ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၄၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၆ . ၆၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၆၈၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၁၃၅၇ | ၁၃၅၇၀၀၀၀ |
| MTSH | ၃၇၅၀ | ၃၈၀၀ | ၁၉၇၈ | ၇၄၆၄၉၀၀ |
| MCB | ၈၀၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၂၀၀၀ | ၁၁ | ၂၄၁၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၅၃ | ၁၄၈၄၀၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၂၁၃ | ၆၅၂၇၅၀ |

ခင်ရတနာ - စုစည်းသည်

## ဖားကန့်၌ ဥရုချောင်းရေ မြင့်တက်ပြီး မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့ ရေကြီးရေလျှံ



**ဖားကန့် ဩဂုတ် ၁၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ သုံးနှစ်အတွင်း ဥရုချောင်းရေ စံချိန်တင်မြင့်တက်ခဲ့သဖြင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပြီး ဥရုချောင်းဖျား ကံဆီးဒေသ၌ ဩဂုတ် ၁၇ ရက်က စိုးရိမ်ရေမှတ် ကိုးပေ အမြင့်ထက်ကျော်လွန်ကာ ဩဂုတ် ၁၈ ရက်တွင် ၁၀ ပေအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

လုံးခင်းကျေးရွာ ရပ်ကွက် (၂၊ ၃၊ ၄) တို့တွင် ငါးပေခန့်အထိ ချောင်းရေနစ်မြုပ်နေပြီး ဖားကန့်မြို့ပေါ် ရပ်ကွက်များဖြစ်သည့် မော်ဝမ်းရပ်ကွက် ဝန်ထမ်းအိမ်ရာဘက်ခြမ်းတွင် ရှစ်ပေ ခန့်၊ ၄က်ပျော တောလမ်းမထက်တွင် ငါးပေခန့်၊ မြို့မကျောက်ဝင်းနှင့် အေးမြသာယာ ရပ်ကွက်တို့တွင် လေးပေခန့်၊ မရှီကထောင်ရပ်ကွက် ကျောက်စိမ်းတောင်တံတားအနီးတွင် လေးပေခန့်၊ နမ္မဖြစ်ကျေးရွာတွင် သုံးပေခန့်၊ ဟောင်ပါးကျေးရွာတွင် လေးပေခန့် ချောင်းရေဝင်ရောက်မှုများ ရှိခဲ့သည့်အတွက် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက နီးစပ်ရာဆွေမျိုးများ နေအိမ်သို့ နေရာပြောင်းရွှေ့ရသည့် ပြည်သူများအား ကူညီပြောင်းရွှေ့ပေးခြင်း၊ ရေဘေးသင့်ပြည်သူများအား ထမင်းထုပ်များ၊ ရေဘူးများဝေငှပေးခြင်းတို့ကို တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဖားကန့်ဥရုချောင်းရေ မြင့်တက်ခဲ့မှုကြောင့် အိမ်ထောင်စုပေါင်း ၁၁၇၆ စု၊ လူဦးရေ ၄၂၂၈ ဦးတို့ ရေဘေးသင့်ခဲ့ရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဖားကန့်ဒေသအတွင်း မိုးများမှုကြောင့် နန့်စန်း-၃ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းရွာတွင် တောင်သူလေးဦး၏ လယ် ၁၂ ဧကခန့် ရေလွှမ်းပြီး ဆုံးရှုံးခဲ့ကြောင်း၊ လက်ရှိ ဖားကန့်ဥရုချောင်းရေသည် ချောင်းဖျား ကံဆီးဒေသ၌ ခြောက်ပေခန့် ရေကျသွားပြီဖြစ်သော်လည်း ဆက်လက်မိုးရွာသွန်းမှု အခြေအနေကို စောင့်ကြည့်နေရကြောင်း သိရသည်။

**တာလင်းမောင် (ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ် သံဘိုကျေးရွာ၌ ပဲစင်းငုံနှင့် နှံစားပြောင်းရောနှောစိုက်ခင်းတွင် ကော်ဖီနံ့ကောင်များကျရောက်၍ ပညာပေးခြင်းများ ဆောင်ရွက်

**ကျောက်ပန်းတောင်း ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သံဘိုကျေးရွာအုပ်စု သံဘိုကျေးရွာရှိ ကွင်းအမှတ်(၁၉၇၅) ရှိ တောင်သူ ဒေါ်စောကြည်၏ ပဲစင်းငုံ/နှံစားပြောင်း ရောနှောစိုက်ခင်းတွင် ကော်ဖီနံ့ကောင်များ ကျရောက်နေကြောင်း သိရှိရသဖြင့် ဩဂုတ် ၁၉ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးသတ်ဆေးပက်ဖျန်းခြင်းနှင့် ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အဆိုပါစိုက်ခင်းအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

"ကော်ဖီနံ့ကောင်တွေက အရင်နှစ်တွေကလည်း ကျတတ်တာပါပဲ။ ဒါပေမယ့် ဒီနှစ်လောက်မများဘူး။ ဒီနှစ်က နည်းနည်းများတာတွေ့ရတယ်။ ဒီကော်ဖီနံ့ကောင်ရဲ့ သဘောသဘာဝက စားသုံးသီးနှံလို အရွက်သေးတဲ့အပင်ငယ်တွေမှာမနေနိုင်ဘူး။ အပင်ကြီးတွေဖြစ်တဲ့ ကျွန်းပင်လိုဟာမျိုးနဲ့ စားသုံးပင်ထဲမှာတော့ ပြောင်းပင်လိုဟာမျိုးပေါ့။ အခုဟာကလည်း များများစားစားကျတာ မဟုတ်ပါဘူး။ အခင်းစပ်က အပင်တွေမှာတွေ့လာကြတော့ စိုးရိမ်စိတ်နဲ့ ကျွန်မတို့ဌာနကို အကြောင်းကြားတာ။ ဒါနဲ့ ကျွန်မ ဝန်ထမ်းတွေနဲ့ ကြိုတင်ကာကွယ်ရေး လုပ်ငန်းဖြစ်တဲ့ ဆေးဖျန်းတာတွေနဲ့ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အေးအေးမော်က ပြောသည်။

အဆိုပါ ကော်ဖီနံ့ကောင်များကို သံဘိုကျေးရွာတွင် ဩဂုတ် ၁၇ ရက်က စတင်တွေ့ရှိခဲ့ခြင်းဖြစ်သော်လည်း ယခုအချိန်ထိ သီးနှံပျက်စီးမှု မရှိကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

## ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပီအက်စ်ဂျီတို့ လိုက်ပ်ဇစ်ကို ဂိုးပြတ်အနိုင်ယူပြီး ဗိုလ်လုပွဲတက်ရောက်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲကြီးကို ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ယှဉ်ပြိုင်ကြရာ ဩဂုတ် ၁၉ ရက် နံနက်တွင် ယှဉ်ပြိုင်ခဲ့သည့် ဂျာမန်ကလပ် လိုက်ပ်ဇစ်နှင့် ပြင်သစ်ကလပ် ပီအက်စ်ဂျီတို့ပွဲတွင် သုံးဂိုး-ဂိုးမရှိဖြင့် ပီအက်စ်ဂျီအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

ယင်းပွဲတွင် ပီအက်စ်ဂျီအတွက် သွင်းဂိုးများကို ပွဲချိန် ၁၃ မိနစ်တွင် ဒီမာရီယာ ဖန်တီးမှုမှတစ်ဆင့် မာကွင်ဟိုစ်က အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၄၂ မိနစ်တွင် ဒီမာရီယာက ဒုတိယဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်ထားခဲ့ရာမှ ဒုတိယပိုင်း ၅၆ မိနစ်တွင် ဂျူအန်ဘားနတ်က ပီအက်စ်ဂျီအတွက် တတိယမြောက် ဂိုးသွင်းယူခဲ့သည်။

ယနေ့ပွဲတွင် ပီအက်စ်ဂျီသည် ဘောလုံးပိုင်ဆိုင်မှု အနည်းငယ်သာ အသာစီးရရှိပြီး လိုက်ပ်ဇစ်အသင်း နောက်တန်း အားနည်းမှုများခဲ့သည်။ ဂိုးကန်သွင်းခွင့်တွင် နှစ်သင်းစလုံး ၁၄ ကြိမ်စီရရှိခဲ့ပြီး ပီအက်စ်ဂျီက ကိုးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ကာ လိုက်ပ်ဇစ်က သုံးကြိမ်သာ ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ ပီအက်စ်ဂျီမှ ဒီမာရီယာသည် ယနေ့ပွဲတွင် အကောင်းဆုံးခြေစွမ်းပြခဲ့သည့် ကစားသမားဖြစ်ခဲ့ပြီး ပီအက်စ်ဂျီအသင်းသည်လည်း ချန်ပီယံလိဂ် ဗိုလ်လုပွဲကို ပြင်သစ်ကလပ် ငါးသင်းမြောက်အဖြစ် တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ချန်ပီယံလိဂ် ဗိုလ်လုပွဲကို တက်ရောက်ဖူးသည့် အခြားပြင်သစ်ကလပ်များမှာ မာဆေးက နှစ်ကြိမ်တက်ရောက်ခဲ့ရာမှ ၁၉၉၃ ခုနှစ်တွင် ဖလားရရှိခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် ဒုတိယနှင့်သာ ကျေနပ်ခဲ့ရသည်။ ရိမ်းစ်အသင်းသည်လည်း ၁၉၅၆ ခုနှစ်နှင့် ၁၉၅၉ ခုနှစ်တွင် နှစ်ကြိမ်တက်ရောက်နိုင်ပြီး ဒုတိယရရှိခဲ့ကာ စိန့်အက်တီယန်က ၁၉၇၆ ခုနှစ်နှင့် မိုနာကိုက ၂၀၀၄ ခုနှစ်တို့တွင် ဒုတိယရရှိခဲ့ခြင်းဖြစ်သည်။ ပြင်သစ်ထိပ်သီးကလပ် ပီအက်စ်ဂျီအသင်းသည် ယခုနှစ်တွင်သာ ဗိုလ်လုပွဲတက်ရောက်နိုင်ခြင်းဖြစ်သည်။ ချန်ပီယံလိဂ် ဗိုလ်လုပွဲကြီးကို ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် ဩဂုတ် ၂၄ ရက် တနင်္လာနေ့ နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ပီအက်စ်ဂျီအသင်းသည် လိုင်ယွန်နှင့် ဘိုင်ယန်မြူးနစ်ပွဲမှ အနိုင်ရရှိမည့် အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သီဟ**

## လသာမြို့နယ်အတွင်း ရွှေဆိုင်မှ စိန်ထည်ဝယ်ယူရန်ဟန်ဆောင်၍ ခိုးယူသွားသူများကို အချိန်တိုအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၁၉**

ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ဦး . . . . သည် လသာမြို့နယ်ရှိ ဖွဲ့ထက် စိန်ရွှေရတနာဆိုင်ခွဲ (၁၀) ၌ အရောင်းမန်နေဂျာအဖြစ် ဆောင်ရွက်နေစဉ် အမျိုးသမီး တစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ ဆိုင်အတွင်း ဝင်ရောက်လာပြီး စိန်ရွှေရတနာပစ္စည်းလေးမျိုးကို ကြည့်ရှုလိုကြောင်း ပြောဆိုသဖြင့် ပြသခဲ့ကြောင်း၊ ၎င်းတို့ နှစ်ဦးမှ ထိုပစ္စည်း လေးမျိုး၏ ဈေးနှုန်းအသေးစိတ်ကို သိရှိလိုကြောင်း ပြောဆိုသဖြင့် စိန်ထည်ပစ္စည်း လေးမျိုး စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၁၂၆၉၀၀၀၀ ကို ကောင်တာပေါ်တွင် တင်ထားခဲ့ပြီး ၎င်းက ဆိုင်အတွင်းခန်းသို့ ဝင်ရောက်ခဲ့ကြောင်း၊ ဆိုင်အတွင်းခန်းမှ ကောင်တာသို့ ပြန်လည်ရောက်ရှိစဉ် အဆိုပါ အမျိုးသားနှင့် အမျိုးသမီးတို့ မရှိတော့သဖြင့် ဆိုင်ရှိ CCTV မှတ်တမ်းအား ကြည့်ရှုရာ ၎င်းတို့ နှစ်ဦးမှာ စိန်ထည်ပစ္စည်း လေးမျိုး ယူဆောင်ထွက်သွားကြောင်း သိရှိရသဖြင့် လသာမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လသာမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် မျိုးမင်းဇော်နှင့် တပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူအား အမြန်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် အမှတ် (၃) ရပ်ကွက် တတိုင်းမွှေးလမ်းပေါ်တွင် မကေသွယ်အေး ကို သက်သေခံပစ္စည်း စိန်ထည်လေးမျိုး (မူလပုံစံမပျက်) နှင့်အတူ ဖမ်းဆီးရမိသည်။ မကေသွယ်အေး အား စစ်မေးရာ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်သူမှာ မြင့်ဇော်ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းကို ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မကေသွယ်အေး ကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဝက်ထီးကန်ရွာ၌ စပါးမျိုး ခြောက်မျိုး အထွက်ယှဉ်ပြိုင်သုတေသနစမ်းသပ်ကွက်များစိုက်ပျိုး

**ဝက်ထီးကန် ဩဂုတ် ၁၉**

ပြည်မြို့နယ် ဝက်ထီးကန်ရွာတွင် စိုက်ပျိုးရေး သုတေသနနှင့် စိုက်ပျိုးရေးဦးစီးဌာန တို့ ပူးပေါင်းဆောင်ရွက်သည့် ဆည်ရေသောက် လယ်စပါးမျိုးများအထွက်ယှဉ်ပြိုင်ကွက်တွင် ရေဆင်း 3263 – 35– 9– 1– 3၊ ရေဆင်း 3275– 20–5–13–7၊ GSRIR 1–3–D12–L1–S5– D1၊ IR 11 N121၊ ရတနာတိုးနှင့် ပြည်တော်ရင် စပါးမျိုးခြောက်မျိုးကို အကွက်ကျယ်စမ်းသပ်ကွက်အဖြစ် ဆောင်ရွက်ထားကြောင်းသိရသည်။အဆိုပါ စမ်းသပ်ကွက်မှ ဒေသနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းသော ဆည်ရေသောက်လယ်စပါးမျိုးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စမ်းသပ်ကွင်းများသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းနှင့် သုတေသနပညာရှင်များသည် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းဝင်းတို့ ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးစဉ်အတွင်း ညွှန်ကြားရေးမှူးချုပ်က စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရလဒ်ကောင်းများအား တောင်သူလယ်သမားများထံ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်မည် ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ကွင်းဆင်းလေ့လာ၍ ဆောင်ရွက်ရန်နှင့် တောင်သူအခြေပြု သုတေသနစခန်း ထူထောင်မည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်သည့် သုတေသန စမ်းသပ်ကွက်များတွင် မှတ်တမ်းများ နည်းစနစ်ကျစွာဖြင့် အချက်အလက် ကောက်ယူမှတ်သားထားရန် လိုအပ်ကြောင်းနှင့် Data Base စနစ်ဖြင့် မှတ်တမ်းအချက်အလက်များအား Tablet ဖြင့် ကောက်ယူမည်ဖြစ်သောကြောင့် စူးစမ်းလေ့လာရန် လိုအပ်ကြောင်း ပြောကြားသည်။

**မေမိုးသဲ**

○ *ကျောဖုံးမှ*

အသင်း၏ နောက်ဆုံးပွဲစဉ်အထိ ဆက်လက်ရှိနေခြင်း ဖြစ်သည်။

ဘာရာဗိုသည် ဘိုင်ယန်မြူးနစ်အသင်းမှ နည်းပြဂွါဒီယိုလာ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ပထမဆုံးခေါ်ယူသည့် ကစားသမားတစ်ဦးဖြစ်သည်။ မိခင်နိုင်ငံချီလီအသင်းအတွက် ပွဲပေါင်း ၁၂၃ ပွဲ ပါဝင်ကစားထားသော ဘာရာဗိုသည် မန်စီးတီးအသင်း၌ ၂၀၁၇-၂၀၁၈ ခုနှစ်နှင့် ၂၀၁၈-၂၀၁၉ ခုနှစ်တို့တွင် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးထားနိုင်သူဖြစ်ပြီး အီးအက်ဖ်အယ်လ်ဖလားကိုလည်း ၂၀၁၇-၂၀၁၈ ခုနှစ်၊ ၂၀၁၈-၂၀၁၉ ခုနှစ်နှင့် ၂၀၁၉-၂၀၂၀ ခုနှစ်တို့တွင် ဆွတ်ခူးရရှိထားသည်။ ထို့အပြင် အက်ဖ်အေဖလားကို ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ရရှိထားကာ ကွန်မြူနတီဒိုင်းကို ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ဆွတ်ခူးရရှိကြောင်း မှတ်တမ်းများအရ သိရသည်။

မန်စီးတီးအသင်းမှ အသက် ၃၄ နှစ်အရွယ်ရှိ ဒေးဗစ်ဆေးဗားလ်သည်လည်း အီတီဟတ်မှ ထွက်ခွာကာ စပိန်ကလပ် ဆိုစီဒက်အသင်းသို့ နှစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိသွားပြီဖြစ်သည်။ ဆေးဗားလ်သည် မန်စီးတီးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၄၃၆ ပွဲ ပါဝင်ကစားထားကာ ၇၇ ဂိုးသွင်းယူပေးထားနိုင်ပြီး အသင်းအား ဆုဖလား ၁၄ လုံးရရှိအောင် စွမ်းဆောင်ပေးထားနိုင်သူဖြစ်သည့်အတွက် အသင်းတာဝန်ရှိသူများအနေဖြင့် ဆေးဗားလ်ကို ရုပ်တုထုလုပ်ကာ အီတီဟတ် ကွင်းအပြင်ဘက်တွင် ထားရှိသွားရန် ပြင်ဆင်နေကြောင်း သိရသည်။

ဆေးဗားလ်သည် ကနဦးတွင် မန်စီးတီးအသင်းမှ ထွက်ခွာပြီး လာဇီယိုအသင်းသို့ သုံးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားရန် သတင်းများထွက်ပေါ်နေသော်လည်း နောက်ဆုံးတွင် စပိန်ကလပ် ရီးရဲဆိုစီဒက်အသင်းသို့သာ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

## မြစ်ကြီးနား၊ ကောလင်းနှင့် ပြင်ဦးလွင်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၉**

မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီခွဲက မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ရွှေလမ်းမကြီးပေါ်ရှိ ဟိုတယ်ရှေ့တွင် AD Van အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် မခေါန်ထွဲထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၁၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၀ နာရီတွင် ကောလင်းမြို့နယ် ခန်သာရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ကောလင်းမြို့နယ် ထီးချိုင့်-ကျောက်တန်းကားလမ်း ကညို့အင်းကျေးရွာအနီးတွင် ဝင်းငွေး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း ဖမ်းဆီးရမိသည်။

ထို့အတူ ယင်းနေ့ ည ၈ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့နယ် လားရှိုး-မန္တလေးကားလမ်း ပိတ်ချင်းမြောင်နယ်မြေရဲစခန်းရှေ့တွင် ကျော်ဆန်းဦး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အိန္ဒိယသမုဒ္ဒရာထဲသို့ လောင်စာဆီဖိတ်ခဲ့သည့်အတွက် ဂျပန်ကုန်တင်သင်္ဘော၏ မာလိန်မှူးအား မောရစ်သျှအာဏာပိုင်များ ဖမ်းဆီး



သောင်တင်ပြီး ကျန်ရစ်နေသည့် ဂျပန်ပိုင်ကုန်တင်သင်္ဘော ဝါကာရှီယို

**ပို့လူးဝစ် ဩဂုတ် ၁၉**

မောရစ်သျှအာဏာပိုင်များက အိန္ဒိယသမုဒ္ဒရာထဲသို့ လောင်စာဆီတန်ချိန် ၁၀၀၀ ခန့်ဖိတ်ကျခဲ့သော ဂျပန်ပိုင်ကုန်တင်သင်္ဘော၏ မာလိန်မှူးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အာဏာပိုင်များက အိန္ဒိယနိုင်ငံသား မာလိန်မှူးဖြစ်သူ ဆူနီလ်ကူမားနှင့် ၎င်း၏ လက်ထောက်ဖြစ်သူ သီရိလင်္ကာနိုင်ငံသားတို့အား ဩဂုတ် ၁၈ ရက်က ရေကြောင်းဘေးကင်းလုံခြုံမှုကို အန္တရာယ်ဖြစ်စေသည့် သံသယမှုဖြင့် ဖမ်းဆီးလိုက်ကြောင်း ပြောကြားလိုက်သည်။

လောင်စာဆီတန်ချိန် ၄၀၀၀ တင်ဆောင်ထားသော ဂျပန်ကုန်တင်သင်္ဘော ဝါကာရှီယိုသည် ကျွန်းနိုင်ငံတစ်ခု၏ ကမ်းလွန်ပင်လယ်ပြင် ကျောက်တန်းတစ်ခုကို လွန်ခဲ့သော ဇူလိုင် ၂၅ ရက်က ဝင်တိုက်မိခဲ့သည်။

သီတင်းပတ်ကျော်ကာလအတွင်း သင်္ဘောမှာ နှစ်ပိုင်းဖြစ်သွားခဲ့ပြီး သင်္ဘောဦးပိုင်းသည် ကျောက်တန်းမှ အဝေးသို့ မျောပါသွားခဲ့သည်။ လောင်စာဆီတန် ၉၀ ခန့် ရှိမည်ဟု ယူဆရသော သင်္ဘောအမြီးပိုင်းမှာ သောင်တင်လျက်ရှိသည်။

ယခုလအစောပိုင်းတွင် မောရစ်သျှဝန်ကြီးချုပ် ပရာဗင့်ဂျက်နော့က အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး နိုင်ငံတကာအကူအညီများ တောင်းခံခဲ့သည်။

ပြည်တွင်းမီဒီယာများက သင်္ဘောသားများသည် ဝိုင်ဖိုင်ဆက်သွယ်မှုရရှိရန် သင်္ဘောကို ကမ်းသို့ကပ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ သင်္ဘောမာလိန်မှူးနှင့် ၎င်း၏ လက်ထောက်သည် တရားရုံးတွင် ရုံးတင်စစ်ဆေးခံရမည်ဖြစ်ကြောင်းနှင့် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေစဉ်အတွင်း ရဲများက ဖမ်းဆီးထိန်းသိမ်းထားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# သူပုန်များ၏ ဖမ်းဆီးခြင်းကို ခံထားရသော မာလီသမ္မတနှင့် အစိုးရအဖွဲ့ဝင်များကို ချက်ချင်းလွှတ်ပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တောင်းဆို



ဖမ်းဆီးခံထားရသော မာလီသမ္မတ အီဘရာဟင် ဘိုဘာကာကီတာကို တွေ့ရစဉ်။

ဂျီနီဗာ ဩဂုတ် ၁၉

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က သူပုန်များ၏ဖမ်းဆီးခြင်းကို ခံထားရသော မာလီသမ္မတနှင့် အစိုးရအဖွဲ့ဝင်များကို ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန် တောင်းဆိုလိုက်သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အဆိုပါလုပ်ရပ်ကို ပြင်းထန်စွာရှုတ်ချလိုက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားဥပဒေစိုးမိုးရေးကို ချက်ချင်း ထိန်းသိမ်းဆောင်ရွက်ရန် တိုက်တွန်းလိုက်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူက ကြေညာချက်တွင် ပြောကြားလိုက်သည်။**

ယင်းကိစ္စကို မြန်မြန်အဆုံးသတ်ရန် သမ္မတ အီဘရာဟင် ဘိုဘာကာကီတာနှင့် ၎င်း၏အစိုးရအဖွဲ့ဝင်များကို ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က တောင်းဆိုထားကြောင်း ပြောရေးဆိုခွင့်ရှိသူ စတီဖင် ဒူဂျာရစ်က ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။ ရုတ်တရက်ဖြစ်ပွားလာသည့် ပုန်ကန်မှုသည် အနောက်အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သော မာလီတွင် လပေါင်းအတော်ကြာ ဖြစ်ပွားခဲ့သော အကျပ်အတည်းကြောင့် ဖြစ်ပွားလာခြင်းဖြစ်သည်။

ကုလသမဂ္ဂအကြီးအကဲ ဂူတာရက်စ်က မြို့တော် ဘာမာကို၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများအပေါ် များစွာပူပန်မိသည်ဟု ပြောကြားပြီးနောက် မတူညီကွဲပြားမှုများကို ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းနှင့် ငြိမ်းချမ်းပြေလည်စွာ ဖြေရှင်းခြင်းတို့လုပ်ဆောင်ရန် ထပ်လောင်းပြောကြားလိုက်သည်ဟု ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဒူဂျာရစ်က ပြောကြားလိုက်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အားလုံးသော ပါဝင်သူများ၊ အထူးသဖြင့် ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန်နှင့် မာလီနိုင်ငံ၏ လူ့အခွင့်အရေးနှင့် တစ်ဦးချင်းစီ၏ လွတ်လပ်မှုကို ဦးထိပ်ပန်ဆင်ကြရန် တိုက်တွန်းပြောကြားလိုက်ကြောင်း ဒူဂျာရစ်က ဆက်လက်ပြောကြားလိုက်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မာလီအကျပ်အတည်းနှင့် ပတ်သက်ပြီး ဩဂုတ် ၁၉ ရက်တွင် အရေးပေါ်အစည်းအဝေး ကျင်းပခဲ့သည်။ ပြင်သစ်နှင့် နိုင်ဂျာတို့၏ တောင်းဆိုမှုကြောင့် အဆိုပါ အစည်းအဝေးကို ကျင်းပခဲ့ပြီး တံခါးပိတ်ဆွေးနွေးခဲ့ကြောင်း ကုလသမဂ္ဂသံတမန်တစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ကိုဗစ်-၁၉ ကူးစက်မှုတိုးလာခြင်းကို ထိန်းချုပ်ရန် ဆိုးလ်မြို့အနီးတစ်ဝိုက်ကို တင်းကျပ်

**ဆိုးလ် ဩဂုတ် ၁၉**

ကိုဗစ်-၁၉ ကူးစက်မှု တိုးလာသည့်အတွက် ကိုဗစ်-၁၉ ဒုတိယလှိုင်း ရိုက်ခတ်လာနိုင်သည်ကို စိုးရိမ်သောကြောင့် တောင်ကိုရီးယားနိုင်ငံသည် ဩဂုတ် ၁၈ ရက်က ညကလပ်များ၊ ပြတိုက်များနှင့် ဘူဖေးစားသောက်ဆိုင်များကို ပိတ်ရန် ကြေညာချက်ထုတ်ပြန်လိုက်ပြီး မြို့တော်ဝန်းကျင်တွင် လူများစုဝေးခြင်းကိုလည်း တားမြစ်လိုက်သည်။

တောင်ကိုရီးယား နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးထိန်းချုပ်သည့်နေရာတွင် ကမ္ဘာ့စံနူန်းတစ်ခုဖြစ်သည့် ခြေရာခံခြင်း၊ စစ်ဆေးခြင်း၊ ကုသခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း ယခုအခါတွင် ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုများသည် ဘာသာရေးကျောင်းများနှင့် ဆက်နွယ်မှုများ ရှိကြောင်း သိရသည်။

အာဏာပိုင်များက ဩဂုတ် ၁၈ ရက်တွင် အသစ်ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၂၄၆ ဦးအထိ ရှိလာပြီး စုစုပေါင်း ကူးစက်ခံရသူပေါင်း ၁၅၇၆၁ ဦးရှိကြောင်း ပြောကြားသည်။ ငါးရက်ဆက်တိုက် ရာဂဏန်းအထိ ကိုဗစ်-၁၉ ကူးစက်မှု ဖြစ်ပွားခဲ့ပြီး ကူးစက်ခံရသူအများစုမှာ အသက် ၃၀ ကျော်နှင့် ၄၀ ကျော် အရွယ်များ ဖြစ်ကြသည်။ ဝန်ကြီးချုပ် ချွန်ဆီချွန်းက အန္တရာယ်အမြင့်ဆုံးဖြစ်နေသော လုပ်ငန်း ၁၂ ခုကို ဖော်ပြလိုက်ပြီး အဆိုပါလုပ်ငန်းများတွင် ညကလပ်များ၊ ကာရာအိုကေဘားများနှင့် ဘူဖေးစားသောက်ဆိုင်များ ပါဝင်သည်။ ဆိုးလ်၊ အင်ချွန်းနှင့် အိမ်နီးချင်း ချုံဂီပြည်နယ်များတွင်ရှိသော အဆိုပါလုပ်ငန်းများကို ဩဂုတ် ၁၉ ရက်မှစကာ ရပ်စဲသွားမည်ဖြစ်သည်။

အဆိုပါ နေရာဒေသများရှိ အများပြည်သူ သွားလာဝင်ထွက်နိုင်သည့် ပြတိုက်များကိုလည်း ပိတ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ သွားလာကန့်သတ်သည့် နေရာများတွင် လူ ၅၀ ထက်မပိုစေဘဲ အပြင်ဘက်တွင်လည်း ၁၀၀ ထက် မပိုစေကာ ကန့်သတ်ထားရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ ဘာသာရေးစုဝေးမှုများကိုလည်း တားမြစ်ထားပြီး မလိုအပ်ဘဲ ခရီးသွားလာခြင်းများကို ရှောင်ရှားရန် မှာကြားထားသည်။

အကယ်၍ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို မထိန်းချုပ်နိုင်ပါက စီးပွားရေးအပေါ် ကြီးကြီးမားမား ထိခိုက်နိုင်ပြီး လူများ၏ နေ့စဉ်ဘဝကိုလည်း ကြီးကြီးမားမား ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်း ချွန်းက ပြောကြားလိုက်သည်။ အဆိုပါ ဒေသသုံးခုရှိ လူများသည်တောင်ကိုရီးယားလူဦးရေ၏ ထက်ဝက်နီးပါးရှိကြောင်း သိရသည်။

ယခုအချိန်တွင် တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ကူးစက် ပျံ့နှံ့လျက်ရှိကြောင်း ဗဟိုရောဂါထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ကွမ်ဂျွန်ဝုခ်က ပြောကြားလိုက်သည်။ ကိုဗစ်-၁၉ ကို ယခုသီတင်းပတ်တွင် မထိန်းချုပ်နိုင်ပါက နေ့စဉ်လူနေမှုဘဝကို ရပ်တန့်သွားနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# ကာကွယ်ဆေးထုတ်လုပ်မှု အောင်မြင်ခဲ့လျှင် ပြည်သူလူထုတစ်ရပ်လုံးကို အခမဲ့ဖြန့်ဝေပေးမည်ဟု ဩစတြေးလျဝန်ကြီးချုပ် ကတိပြု

**ကင်ဘာရာ ဩဂုတ် ၁၉**

ဩစတြေးလျနိုင်ငံက ကိုဗစ်-၁၉ အတွက် ထုတ်လုပ်ထားသည့် ကာကွယ်ဆေးကို ခွင့်ပြုချက်ရရှိရန် ကြိုးပမ်းနေကြောင်းနှင့် ကာကွယ်ဆေးရရှိသည်နှင့်တစ်ပြိုင်နက် တစ်နိုင်ငံလုံးရှိ ပြည်သူ ၂၅ သန်းလုံးကို အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးကို အက်စထရာဇီနီကာ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီနှင့် အောက်စဖို့တက္ကသိုလ်တို့က အတူတကွ ပူးပေါင်းကာ တီထွင်ဖော်စပ်ခဲ့ပြီး စိတ်ချရသည့် ကာကွယ်ဆေးဖြစ်ရေးအတွက် စမ်းသပ်မှုအဆင့်ဆင့် ဆောင်ရွက်လျက်ရှိသည်။

အကယ်၍ စမ်းသပ်မှုများ အောင်မြင်ခဲ့လျှင် အက်စထရာဇီနီကာနှင့် သဘောတူညီထားချက်အရ ဩစတြေးလျပြည်သူတစ်ရပ်လုံး ကာကွယ်ဆေး စောစောရရှိအောင် အလုံအလောက် ထုတ်လုပ်ဖြန့်ဝေမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ်က ပြောသည်။ ဩစတြေးလျနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ဆက်လက်တိုးနေဆဲဖြစ်ပြီး ရောဂါကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် ၄၀၀ ကျော်အထိ ရှိလာကြောင်း သိရသည်။

ယခုလအစောပိုင်းက ဗစ်တိုးရီးယားပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အလွန်တိုးပွားလာမှုကြောင့် တစ်ပြည်နယ်လုံးကို ကပ်ရောဂါဖြစ်ပွားမှု အရေးပေါ်အခြေအနေကြေညာခဲ့သည်။ လက်ရှိတွင် ကိုဗစ်-၁၉ ကူးစက်ခံရမှုကြောင့် ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူ ၇၀၀၀ ကျော်အထိရှိရာ ဩစတြေးလျနိုင်ငံ၏ စိုးရိမ်စရာအကောင်းဆုံးအခြေအနေတွင် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ဩစတြေးလျပြည်သူများသို့ ကာကွယ်ဆေး ဖြန့်ဝေရေးအတွက် အက်စထရာဇီနီကာ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီနှင့် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်သည် ဩစတြေးလျနိုင်ငံအတွက် ယင်းကဲ့သို့သော စာချုပ်မျိုးကို ပထမဆုံးအကြိမ် လက်မှတ်ရေးထိုးမှုဖြစ်ကြောင်း သိရသည်။

**အေပီ**

# Tik Tok ကို ဝယ်ယူရန် အော်ရီကယ်ကို ထရမ့်ထောက်ခံ

**ဝါရှင်တန် ဩဂုတ် ၁၉**

ရက်ပေါင်း ၉၀ အတွင်း Tik Tok ကို အမေရိကန်အဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းရောင်းချခြင်းမပြုပါက အမေရိကန်အစိုးရအနေဖြင့် Tik Tok ကို ပိတ်ပင်တားဆီးသွားမည်ဖြစ်ကြောင်း လွန်ခဲ့သောသီတင်းပတ်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။

ထို့နောက် အဆိုပါနာမည်ကျော် ဗီဒီယိုမျှဝေခြင်း အက်ပလီကေးရှင်းကို ဝယ်ယူရန် အော်ရီကယ်နှင့် မိုက်ခရိုဆော့ဖ်ကုမ္ပဏီတို့ အပြိုင်အဆိုင် ပေါ်ထွက်လာခဲ့သည်။ အော်ရီကယ်တွဲဖက်တည်ထောင်သူ လယ်ရီအယ်လီဆန်သည် ယခုနှစ်အစောပိုင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ရွေးကောက်ပွဲရန်ပုံငွေထူထောင်ရေးပွဲကို ပြုလုပ်ခဲ့ပြီး သမ္မတကို ထောက်ခံကြောင်း ဖော်ပြခဲ့သည်။ အမေရိကန်ဆော့ဖ်ဝဲကုမ္ပဏီဖြစ်သည့် အော်ရီကယ်သည် ကောင်းမွန်သည့်ကုမ္ပဏီတစ်ခုဖြစ်ပြီး Tik Tok ကို ကောင်းကောင်းဝယ်ယူနိုင်သည့် ကုမ္ပဏီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ၏ ထောက်ခံချက်ပေးမှုကြောင့် အော်ရီကယ်ဆော့ဖ်ဝဲကုမ္ပဏီတည်ထောင်သူ ဘီလျံနာသူဌေးကြီး လယ်ရီအယ်လီဆန်သည် တရုတ်မိခင်ကုမ္ပဏီဖြစ်သော ဘိုက်ဒန့်စ်ကုမ္ပဏီထံမှ Tik Tok ၏ မြောက်အမေရိက၊ ဩစတြေးလျနှင့် နယူးဇီလန်ရှိလုပ်ငန်းများကို ဝယ်ယူရန် စိတ်အားထက်သန်လျက်ရှိသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အော်ရီကယ်ကုမ္ပဏီပိုင်ရှင်သည် တကယ့်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး Tik Tok ကို ကောင်းကောင်းစီမံအုပ်ချုပ်နိုင်စွမ်းရှိသည်ဟု ပြောကြားလိုက်သည်။

Tik Tok ကိုဝယ်ယူရန် စက်တင်ဘာ ၁၅ ရက်အထိ အချိန်ပေးထားကြောင်း သိရသည်။ အော်ရီကယ်အနေဖြင့် Tik Tok ကို ဘယ်လောက်ပေးမည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းမသိရသေးသော်လည်း ဘိုက်ဒန့်စ်၏ ရင်းနှီးမြှုပ်နှံသူများက Tik Tok သည် ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ ပေါက်ဈေးရှိကြောင်း ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

## ဦးသိန်းလွင်(ခ)ဦးမောင်မောင်
**အထက(၃)၊ တာမွေကျောင်းသားဟောင်း**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၈၅)နေ ဦးကင်စင်း–[ဒေါ်ယုလှိုင်(ခ)ဒေါ်စိန်လှိုင်]တို့၏ သား၊ ဦးညွန့်ဦး(ထာဝရမိဘမေတ္တာသံဆိုင်)–ဒေါ်စောစန္ဒာအေး(မြန်မာဝင့်နဝရတ်သံဆိုင်)တို့၏မောင်၊ မပွင့်ဖြူဦး၊ မောင်ဝင့်ထယ် ဦးတို့၏ဦးလေး၊ မသုန္ဒရီ(YIS Grade-5)၊ မသစ်ဝင့်ထယ်တို့၏အဘိုးသည် ၁၈–၈–၂၀၂၀ရက် (အင်္ဂါနေ့) တွင် အိန္ဒိယစံတော်ချိန် ည ၉ နာရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရှိ အပိုလိုဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဆရာကြီးဒေါက်တာဦးညွန့်ဝင်း
**အမှုဆောင်အဖွဲ့ဝင်၊**
**မြန်မာနိုင်ငံနည်းပညာပညာရှင်များအဖွဲ့**
**အသက်(၈၅)နှစ်**

အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အဖွဲ့ဝင်၊ ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်း၏ ခင်ပွန်း၊ မြန်မာနိုင်ငံနည်းပညာ ပညာရှင်များအဖွဲ့၊ အမှုဆောင်အဖွဲ့ဝင်၊ ပါမောက္ခဆရာကြီး ဒေါက်တာဦးညွန့်ဝင်းသည် ၁၇–၈–၂၀၂၀ရက် (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်**
**ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ**
**ပညာရေးဝန်ကြီးဌာန**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တဝိလာသ
**သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ ကျိုက်သလွံဘုရား အနောက်ဘက်စောင်းတန်း ဒေါ်မြကြီးကျောင်း (ခ) စိန်မြမြကျောင်းတိုက်၏ ဦးစီးပဓာနနာယက လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုကဖြစ်တော်မူသော ဘဒ္ဒန္တဝိလာသသည် (၁၃၈၂ခုနှစ် ဝါခေါင်လဆန်း ၁ရက်) နံနက် ၄:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၂ခုနှစ် ဝါခေါင်လဆန်း ၃ရက်) ၂၁–၈–၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ပျံတော်ဝင်ကွင်း၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒေါ်မြကြီးကျောင်း(ခ)စိန်မြမြကျောင်း**
**တပည့်သံဃာနှင့်ဒါယကာ/မများ**

## ဦးတင်အုန်း
**စမ်းချောင်း**
**မြေတိုင်းဦးစီးဌာန(ဒု–ဦးစီးမှူး)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ (စမ်း/မြောက်)၊ အမှတ်(၅၃)နေ (ဦးအုန်းမောင်–ဒေါ်တင်ဥ)တို့၏သား၊ ဦးကျော်ဝင်းထင်–ဒေါ်ကြည်ကြည်အေးတို့၏မောင်၊ (ဦးစိုးမင်း)–ဒေါ်အေးသောင်းတို့၏မောင်၊ (ဦးမျိုးညွန့်)–ဒေါ်ခင်စန်းရီတို့၏ညီ၊ ဦးသန်းအောင်–ဒေါ်ခင်မြင့်မြင့်တို့၏အစ်ကို၊ ဦးထွန်းထွန်း–ဒေါ်ချိုချိုတို့၏အစ်ကိုသည် ၁၇–၈–၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃–၈–၂၀၂၀ရက် (တနင်္ဂနွေနေ့) တွင် အထက်ပါ စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဇော်မင်း B.Sc (Math)
**ဒုတိယညွှန်ကြားရေးမှူး**
**ဝန်ကြီးရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**အသက် (၅၆)နှစ်**

ရန်ကုန်မြို့နေ (ဦးလှမြင့်–ဒေါ်ဖြူ)တို့၏သား၊ ပြည်မြို့ ရွှေဟသ်ာအနောက်ပေါက်၊ စက်မှုဇုန်လမ်းနေ(ဦးရွှေ)–ဒေါ်သိန်း ခင်တို့၏ သားသမက်၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ် (၂၂၇)၊ အခန်း (၀၂)နေ ဒေါ်လှမျိုးရွှေ (ကုန်သွယ်လယ်ယာ–ငြိမ်း)၏ခင်ပွန်းသည် ၁၉–၈–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၂၀ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော်ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးမောင်တင်ရွှေ(စနဲမြို့)
**အသက်(၆၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားရပ်၊ ထန်းပင်စုလမ်း၊ အိမ်အမှတ်–၇၉/၁၆နေနှင့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ စနဲမြို့၊ အလယ်ပိုင်းရပ်ကွက်နေဦးဖြူယေ–(ဒေါ်ရွှေရင်)တို့၏သားကြီး၊ ဒေါ်သန်းရွှေ၊ ဒေါ်တင်တင်သန်း၊ ဦးတင်စိုး– ဒေါ်မြတ်မြတ်မိုး၊ ဦးစိုးနိုင်–ဒေါ်မျိုးမျိုးမြတ်တို့၏အစ်ကို၊ စနဲမြို့၊ ကံပြင်ရပ်ကွက်နေ (ဦးမောင်သာ–ဒေါ်သိန်းခိုင်)တို့၏သားသမက်၊ (ဦးဘဉာဏ်)–ဒေါ်လှမြင့်တို့၏ညီ/မောင်၊ ဦးမောင်သာ–ဒေါ်ခင်သန်းမြင့်၊ (ဦးသိန်းဝင်း)–ဒေါ်တင်တင်ထွေးတို့၏အစ်ကို၊ ဒေါ်ခင်သန်းရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးနန္ဒာမောင်မောင်–ဒေါ်စုစု၊ ဦးတေဇာမောင်မောင်–ဒေါ်ယမင်းသူဇာတို့၏ဖခင်၊ မလွင်လွင်အောင်၊ မောင်သန်း အောင်၊ မောင်စွမ်းထက်အောင်တို့၏အဘိုးသည် ၁၉–၈–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၂:၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်းမြင့် အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ သစ်တော(၃)လမ်း၊အမှတ်(၁၁၁၉)နေ ဦးလှိုင်ဝင်း၏မိခင် ဒေါ်စန်းမြင့်သည်၁၇–၈–၂၀၂၀ရက် (တနင်္လာနေ့) ည၂၁:၁၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စည်သူ(၉၉)**
**ကျောင်းဆင်းအရာရှိသူငယ်ချင်းများ**

## ဒေါ်သဥ္ဇာအောင်(ခ)မမီးမီး
**ရန်ကုန်/ကျောက်ဖြူ**
**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၇)ရပ်ကွက်၊ ၄၁၂/(ခ)စိန်ပန်းမြိုင်လမ်းသွယ်နေ ဦးသန်းအောင် (ကျောင်းဆရာ–ငြိမ်း)–ဒေါ်အမာကြည်တို့၏သမီးကြီး၊ ဦးစည်သူအောင်–ဒေါ်မေသက်နှင်း(စင်ကာပူ)တို့၏ညီမ၊ ကိုတင့်ထူးနိုင်–မညိမ်း ညိမ်းဖြိုး၊ ကိုလင်းကိုကိုထက်–မအေးသက်ထားဇင်၊ မနှင်းဝေဖြိုးတို့၏အစ်မကြီး၊ တူ၊ တူမငါးယောက်တို့၏အဒေါ်သည် ၁၉–၈–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများမွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉–၈–၂၀၂၀ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၁)၊ ဖေယျကျော်ထင်ဗိုလ်ချုပ်တင်စိန်(ငြိမ်း)၏ အထူးဝမ်းနည်းကြေကွဲခြင်း ကြော်ငြာတွင် ဒေါ်နှင်းနှင်းအေးအစား ဒေါ်နှင်းနွယ်အေး @ Ma Sophie ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ပေါင်းတည်မြို့နယ်**
**အသင်း(ရန်ကုန်)**
**ဆရာကြီးဦးထွဋ်မွှ အသက်(၉၁) နှစ်**
**(တိုင်း ရင်းဆေးသမားတော်ကြီး)**
**ပညာရေးအထူးအရာရှိ(ငြိမ်း)**
**သက်ကြီးကန်တော့ခံ**
**(ဘိုးသက်ရှည်) ရာ–၄၀၄**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလ ရပ်ကွက်၊ တိုက် (၆၈) အခန်း (၄)နေ (ဒေါ်မြရီ)၏ခင်ပွန်းသည် ၁၇–၈–၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၈–၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **အမှုဆောင်အဖွဲ့**

## ဒေါ်မြမြအေး(ခ) ဒေါ်ပိုးစွမ်
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၉၅၊ ဒုတိယထပ်)နေ ဦးသိန်းဝင်း၏ဇနီး၊ ဦးဉာဏ်လင်း–ဒေါ်မြကေသွယ်တို့၏မိခင်၊ မခွန်းသံစဉ်ကို၏ အဘွားသည် ၁၉–၈–၂၀၂၀ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၂၀ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်အိဟန်
**အသက် (၆၅)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၃၄)၊ ၁၄၁လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးရှိန်ဖေ–ဒေါ်ခင်သန်း)တို့၏သမီး၊ (ဦးအောင်မိုး)၊ (ဦးအောင်ခိုင်–ဒေါ်တင်တင်မြင့်)၊ ဦးလှဝင်း–(ဒေါ်ခင်အိမွန်)တို့၏ညီမ၊ ဦးမြတ်ဝေ–ဒေါ်ခင်မာဦး၊ ဒေါ်မာလာခိုင်၊ ဦးကြည်ဌေး–ဒေါ်နီလာရှိန်၊ (ဦးချစ်ကိုကို)၊ ဦးသက်ကိုကို၊ ဦးဝင်းကြိုင်–ဒေါ်ငုရွှေဝါတို့၏ အစ်မကြီး၊ တူ၊ တူမ ကိုးယောက်၏အဒေါ်၊ မြေးတစ်ယောက်၏အဘွား၊ (ဦးမောင်မောင်ဦး မြို့တော်စည်ပင်–ငြိမ်း)၏ ချစ်လှစွာသောဇနီးသည် ၁၆–၈–၂၀၂၀ ရက် နံနက် ၀၆:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမောင်နှမတစ်စု**

## ဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ် (၂၂၇)၊ အခန်း (၀၂)နေ ဒေါ်လှမျိုးရွှေ(ကုန်သွယ်လယ်ယာ–ငြိမ်း)၏ခင်ပွန်း ဦးဇော်မင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ ဝန်ကြီးရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၁၉–၈– ၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၂:၁၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရ၍ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး**
**အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့်**
**အရာထမ်း အမှုထမ်းများ မိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မာလွင်
**စိန်မေရီကျောင်းသူဟောင်း**
**စီးပွားရေးတက္ကသိုလ်ကျောင်းသူဟောင်း**
**အသက် (၇၈)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၄/၄)၊ သဘာဝရိပ်ငြိမ်၊ အောင်ဓမ္မရိပ်သာလမ်း၊ (၁၂) ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးဘဦး–ဒေါ်သန်း)တို့၏သမီး၊ (ဦးကျင်ဝမ်–ဒေါ်စိန်ကြည်)တို့၏ ချွေးမ၊ (ဦးဝင့်ကျော်)၏ချစ်လှစွာသောဇနီး၊ ဒေါ်နွဲ့နွဲ့လင်း၊ ဦးသန်းဆွေ–ဒေါ်ယဉ်ယဉ်ကြူ၊ ဦးအေးဖေ မြင့်–ဒေါ်နိုင်နိုင်ဝင်း၊ (ဦးခင်မောင်လွင်)–ဒေါ်ဖြူဖြူတို့၏ ချစ်လှစွာသောအစ်မကြီး၊ ဦးသန့်ဇော်ဦး (KMD Computer Center)–ဒေါ်ဥမ္မာ၊ ဦးသော်ဇန်လင်း (CHID Bank)–ဒေါ်ဝင့်စန္ဒာ (MCR)၊ ဦးမြတ်သိခ် (Friendship Electronic)–ဒေါ်သက်စုအေး (OCG Co.,Ltd.)တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မောင်အုံ့ဘွယ်ဦး၊ မောင်မင်းမောင်၊ မောင်ကောင်းစံကျော်၊ မောင်ကံဆင့်ကျော်၊ မစုမြတ်သူ၊ မသီတာငြိမ်း၊ မမေမြတ်သူတို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၁၉–၈–၂၀၂၀ရက် မွန်းလွဲ ၁၂:၀၇နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါ သဖြင့် ၂၀–၈–၂၀၂၀ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးသောင်းစိန်
**အသက်(၇၀)**

ရန်ကုန်မြို့၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၄လမ်း၊ အမှတ်(၂၈) နေ (ဦးထွန်းရှိန်–ဒေါ်တင်မြ)တို့၏သား၊ (ဦးဟုတ်တောင် –ဒေါ်လှကြည်)တို့၏သားသမက်၊ ဦးလှဌေး–ဒေါ်သိန်းနု၊ ဦးအောင်ကြွယ်–ဒေါ်သိန်းဟံ၊ ဦးဌေးအောင်–(ဒေါ်အေးမြိုင်)တို့၏အစ်ကိုကြီး၊ (ဒေါ်ခင်နု)၊ ဒေါ်ဆွေသန့်ဇင်တို့၏ခင်ပွန်း၊ ဦးဖြိုးဝေ–ဒေါ်စန္ဒာဝင်း၊ ဦးဝင်းမျိုး–ဒေါ်လွင်နီလာဟန်(ခေတ္တဂျပန်)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ တူ၊တူမ ရှစ်ယောက်တို့၏ဘကြီးသည်၁၈–၈–၂၀၂၀ရက် ည၉:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၈–၂၀၂၀ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## ဦးသောင်းစိုး(မြိတ်မြို့)
**အသက် (၆၁)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၁၄၁)၊ ဗဟိုလမ်း(ခိုင်ရွှေဝါလမ်း)လှည်းတန်း၊ ကမာရွတ်မြို့နယ်နေ (ဦးခင်မောင်–ဒေါ်မြညွန့်)တို့၏ သား၊ ဦးမောင်မြိုင်–ဒေါ်မြမူ၊ ဒေါ်တင်တင်ဌေး၊ (ဦးတင်အောင်–ဒေါ်စန်းယု)၊ ဒေါ်တင်တင်အေး၊ ဒေါ်မြကြူ၊ ဦးမြင့်စိုး၊ ဒေါ်လဲ့လဲ့မာ၊ ဦးစိုး အောင်၊ ဦးသောင်းစိုး–ဒေါ်လွယ်လွယ်ဌေး၊ ဦးထွန်းထွန်းမင်း–ဒေါ်ချိုချိုခိုင်၊ Mr.William –ဒေါ်ညိုညိုခိုင်တို့၏မောင်(ဦးသောင်းစိုး)သည် ၁၉–၈–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီး သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅–၈–၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီမှ မွန်းလွဲ ၁နာရီအထိ) အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်ဝေး၊ ရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမြင့်သန်း
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ(ငြိမ်း)**
**အသက် (၇၃)နှစ်**

ကျိုက်ထော်မြို့နေ (ဦးဘိုးလင်း–ဒေါ်ရွှေတင်)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ အမှတ်(၁၅)၊ အရှေ့ဈေးဟောင်းလမ်းနေ ဒေါ်ခင်ညို၏ခင်ပွန်း၊ (ဦးတင်ထွန်း)–ဒေါ်အုံးမြိုင်၊ ဦးသန်းအောင်–(ဒေါ်ကြင်ထွေး)တို့၏မောင်၊ ဦးမိုးမြင့်ဦး(Uniteam Marine Co.,Ltd.)–ဒေါ်သန်းသန်းနိုင်၊ ဦးဝဏ္ဏမိုး (Uniteam Marine Co.,Ltd.)–ဒေါ်နုဆွေအုန်းတို့၏ဖခင်၊ မောင်ရဲသူရမိုး၊ မောင်သိန်းသုတမိုးတို့၏အဘိုးသည် ၁၉–၈–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅–၈–၂၀၂၀ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်ရီရီမြင့်
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာ(၁)လမ်း၊ အမှတ်(၄၈/၅၀)နေ (ဦးတင်မြင့်–ဒေါ် ခင်ကြည်)တို့၏သမီးကြီး၊ (ဦးအောင်မြင့်)၏ဇနီး၊ ဦးထွန်းထွန်းရီ–ဒေါ်သစ်သစ်(အထက–၂၊ ကမာရွတ်)၊ ဦးနိုင်ဦး–ဒေါ်စုစုဝင်း(ဦးစီးအရာရှိ၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ YCDC)၊ ဗိုလ်မှူးဝင်းဟန်ဦး(ငြိမ်း)–ဒေါက်တာ ဒေါ်အေးအေးဝင်း(အေးဆေးခန်း)၊ ဦးလှိုင်ဝင်းဟန်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၉–၈–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၂၀ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ် ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီရီမြင့်
**(၇၈)နှစ်**

သူငယ်ချင်း ဝင်းဟန်ဦးနှင့် ဇနီးဒေါ်အေးအေးဝင်းတို့၏ ချစ်လှစွာသော မိခင်ဖြစ်သူ ဒေါ်ရီရီမြင့်သည် ၁၉.၈.၂၀၂၀ ရက်နေ့ မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၄)မှ မိသားစုများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမျိုးဝင်း(ခ)ဦးဘိုးထောင်(ခ)Freddy Tan
**(MEG)**
**အသက် (၇၂)နှစ်**

ရန်ကုန်မြို့၊ အမှတ် 54E၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်နေ [ဦးဟုတ်သျှောင်(ခ)ဦးသျှောင်–ဒေါ်ထွေးရင်]တို့၏သားလတ်၊ သန်လျင်မြို့နေ (ဦးရီစိန်–ဒေါ်စုကျင်)တို့၏သားသမက်၊ ဒေါ်ဖြိုးဖြိုးရည်၏ခင်ပွန်း၊ ဦးမောင်ပြုံး–ဒေါ်အေးအေးနိုင်တို့၏ အစ်ကို၊ မောင်ကျော်သန့်ဝင်း၊ မကေသွယ်ဝင်း၊ မောင်သန်းထိုက်ဝင်း–မနုယဉ်အောင်၊ မောင်ဇေယျာအောင်–မမဥ္ဇူဝင်း၊ မောင်ဉာဏ်ထူး ဝင်း–မစုရည်မွန်တို့၏ဖခင်၊ မရတီဖူးသန့်၊ မဆုထိုက်ပြည့်စုံ၊ မဖူးဖူးဇေယျာတို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၉–၈–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နေ့လယ်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၅–၈–၂၀၂၀ရက် (အင်္ဂါနေ့) တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

## ဘင်းမ်စတက်ပဋိညာဉ်စာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပစဉ်။

နေပြည်တော် ဩဂုတ် ၁၉

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဘင်းမ်စတက် ပဋိညာဉ်စာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ယနေ့အဆိုပြုတင်ပြသည့် ပဋိညာဉ်စာတမ်းတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စကိုပြည်ထောင်စုလွှတ်တော်မှ သဘောတူညီပြီးပါက မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးရန် အဆင်သင့်ဖြစ်သည်ကို ဘင်းမ်စတက်အတွင်းရေးမှူးရုံးသို့ အကြောင်းကြားစာ ပေးပို့သွားမည် ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၇ ကော်လံ ၁* ❐

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းကာ အနောက်ဘက်သို့ ရွေ့လျားနိုင်

နေပြည်တော် ဩဂုတ် ၁၉

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာကာ အနောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## ရောဝတီမြစ်ရေကြီးမှုကြောင့် ရွှေကူနှင့် ကသာမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

နေပြည်တော် ဩဂုတ် ၁၉

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာအချက်အရ ရောဝတီမြစ်ရေသည် ရွှေကူမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ရောဝတီမြစ်ရေသည် ကသာမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်နှင့် ကသာမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

COVID – 19 ရောဂါ
စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍
သတင်းထုတ်ပြန်ခြင်း
(၁၉-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ စာ ၁၈

ကိုဗစ်-၁၉ ကူးစက်မှုတိုးလာခြင်းကို
ထိန်းချုပ်ရန် ဆိုးလ်မြို့အနီးတစ်ဝိုက်ကို တင်းကျပ် စာ ၂၁

## မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၄ ဦးအား မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ (ယာပုံ)

*စာမျက်နှာ ၁၆ ကော်လံ ၁* ◆



## ဝါရင့်ဂိုးသမား ဘရာဗို မန်စီးတီးအသင်းမှ ထွက်ခွာ

ဝါရင့်ဂိုးသမား ကလက်ဒီယိုဘရာဗိုသည် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် မန်စီးတီးအသင်းမှ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။ အသက် ၃၇ နှစ်အရွယ် ရှိပြီဖြစ်သော ချီလီဂိုးသမား ဘရာဗိုသည် ၂၀၁၆ ခုနှစ်တွင် စပိန်နာမည်ကြီး ဘာစီလိုနာအသင်းမှ ပေါင် ၁၅ ဒသမ ၄ သန်းနှင့်အတူ လေးနှစ်စာချုပ်ဖြင့် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။

ဘရာဗိုသည် ၂၀၁၇ ခုနှစ်တွင် မန်စီးတီးအသင်းသို့ ဘရာဇီးဂိုးသမားဖြစ်သူ အီဒါဆင် ရောက်ရှိလာပြီး နောက်ပိုင်း ပွဲထွက်ခွင့်နည်းပါးလာခဲ့ကြောင်း သိရသည်။ ၎င်းသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မန်စီးတီးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ပွဲ ၃၀ အထိ ပါဝင်ကစားခဲ့သော်လည်း နောက်ပိုင်းပွဲရာသီများတွင် ပွဲထွက်ခွင့် အနည်းငယ်သာရရှိခဲ့သည်။ ဘရာဗိုသည် မန်စီးတီးအသင်းအတွက် လေးနှစ်တာကာလအတွင်း ပြိုင်ပွဲအရပ်ရပ် ၆၁ ပွဲသာ ပါဝင်ကစားထားရကြောင်းလည်း သိရသည်။ ၎င်းသည် ထို ၆၁ ပွဲတွင် ဂိုးမပေးရအောင် ပွဲ ၂၀ အထိ စွမ်းဆောင်ထားနိုင်ကြောင်း သိရသည်။




ဝါရင့် ဂိုးသမား ကလက် ဒီယို ဘရာဗို

မန်စီးတီးအသင်းနှင့် ၎င်း၏ ပွဲဦးထွက်ပွဲစဉ်ကို ၂၀၁၆ ခုနှစ်တွင် မန်ချက်စတာဒါဘီအဖြစ် အိုးထရက်ဖို့ဒ်တွင် မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ် ဖြစ်သည်။ သို့သော်လည်း အသင်းသို့ ဘရာဇီးဂိုးသမား အီဒါဆင် ရောက်ရှိလာပြီးနောက် ဘရာဗိုကို ဒုတိယဦးစားပေး ဂိုးသမားအဖြစ်သာ အသုံးပြုခဲ့သည်။ ၎င်းသည် မူလက မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဇွန်လတွင် ထွက်ခွာရန် ရည်ရွယ်ထားခဲ့သော်လည်း အသင်းနှင့် ကာလတိုစာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီခဲ့သည့်အတွက်

*စာမျက်နှာ ၂၀ ကော်လံ ၅* ❍